# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ် ၊ ကဆုန်လပြည့်ကျော် (၁၀) ရက် ၊ စနေနေ့ ၊ (13-5-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၀၁၃)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျိုင်းတုံမြို့ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များကို တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် မေ ၁၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းရှင်များကို ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာကျော်ထွန်း၊ **စာမျက်နှာ ၁၆ ကော်လံ ၁ ➮**




ရတနာပုံ
၂၀၂၃ ခုနှစ် မေ ၁၃ ရက်
အယ်ဒီတာ့အာဘော်

# မပေါ့ဆ တွေးမပူ ကိုဗစ်-၁၉ရောဂါ သတိမူ

ကိုဗစ်-၁၉ ရောဂါသည် တစ်ကမ္ဘာလုံးဆိုင်ရာ အကြီးမားဆုံးကျန်းမာရေးပြဿနာကြီးတစ်ခု ဖြစ်ခဲ့သည်။ ကမ္ဘာကြီးတွင် ၂၀၁၉ ခုနှစ်က စတင်ဖြစ်ပွားကူးစက်ပျံ့နှံ့ခဲ့သည့် ကိုဗစ်ပိုင်းရပ်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက **Corona Virus Disease 2019 (Covid-19)**ဟု တရားဝင်အမည်ပေးကာ ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထုတ်ပြန်ကြေညာခဲ့သည်။

ယခုအခါကိုဗစ်-၁၉ ရောဂါပိုးသည် ကမ္ဘာမြေပေါ်တွင် ကြာရှည်စွာရှိနေနိုင်ပြီး လူသားတို့နှင့် ယှဉ်တွဲနေထိုင်ကြသော်လည်း ဆိုးရွားစွာရန်မမူနိုင်တော့သည့် ရောဂါပိုးအဖြစ်သာ တည်ရှိနေမည်ဟု ပညာရှင်တို့က ယူဆကြသည်။ ၂၀၂၃ ခုနှစ် မေလ ၅ ရက်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ **(WHO)** သည် ကိုဗစ်-၁၉ကူးစက်ရောဂါအတွက် သတ်မှတ်ကြေညာထားသော နိုင်ငံတကာကျန်းမာရေး အရေးပေါ်အခြေအနေကို ရုပ်သိမ်းလိုက်ကြောင်းကြေညာခဲ့သည်။ သို့သော် ကမ္ဘာ့ပြည်သူတို့၏ ကျန်းမာရေးကို ကိုဗစ်-၁၉ရောဂါသည်ခြိမ်းခြောက်နိုင်ဆဲဖြစ်ကြောင်းကိုပါ **WHO** အကြီးအကဲက သတိပေးပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် သင်္ကြန်ကာလနောက်ပိုင်း ကိုဗစ်-၁၉ ရောဂါ အိုမီခရွန်မျိုးကွဲတစ်ခုဖြစ်သော **XBB.1.16** ကူးစက်မှုအနည်းငယ်မြင့်တက်လာသည်။ထို့ကြောင့် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ သတ္တမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂ ရက်နေ့က ကျင်းပပြီး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက **"ယခုတွေ့ရှိရသည့် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအား၊ ကုသရာတွင်လည်း၊ ယခင်ကိုဗစ်-၁၉ မျိုးကွဲများကုသရာတွင်အသုံးပြုသည့် ဆေးဝါးများဖြင့် ဆက်လက်ကုသနိုင်ကြောင်း၊သိရသဖြင့် စိုးရိမ်ဖွယ်ရာမရှိကြောင်း၊ ကာကွယ်ဆေးများကို မှန်မှန်ကန်ကန်ဆက်လက်ထိုးနှံသွားရန်၊ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ယခင်အတိုင်းဆက်လက်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ စိုးရိမ်ရခြင်းမရှိဟုဆိုရာတွင်လည်း၊ ပေါ့ဆ၍ရမည်မဟုတ်ကြောင်း၊ စတင်ဖြစ်ပေါ်ကတည်းကပင် နိုင်နိုင်နင်းနင်း၊ ဖိဖိစီးစီးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊"** စသည်ဖြင့် အစည်းအဝေးတွင် ပြောကြားခဲ့သည်။

ထို့ကြောင့် ကမ္ဘာတစ်ဝန်းကူးစက်ပြန့်ပွားနေသော အိုမီခရွန်မျိုးကွဲအသစ် **XBB**တို့၏ အန္တရာယ်မပေါ့ဆမိရန်လိုပေသည်။ ကိုဗစ်မှန်သမျှ၏အန္တရာယ်မှ ကြိုတင်ကာကွယ်ရာတွင် လူစုလူဝေးရှောင်ရှားခြင်း၊ တစ်ဦးနှင့်တစ်ဦး ခြောက်ပေခွဲခန့်ခွာ၍ပြောဆိုဆက်ဆံခြင်း၊ လုံခြုံစိတ်ချရသော **Mask** တပ်ဆင်ထားခြင်း၊ ဆပ်ပြာဖြင့် စက္ကန့် ၂၀ ကြာလက်ဆေးခြင်း၊ ကိုဗစ်ကာကွယ်ဆေးအကြိမ်ပြည့်နှင့်ထပ်ဆောင်း မပျက်မကွက်ထိုးနှံခြင်း စသောရိုးရှင်းသည့်တစ်ကိုယ်ရေကာကွယ်မှုများကို မပေါ့မဆ သတိမူ၍ စွဲစွဲမြဲမြဲဆက်လက်လုပ်ဆောင်နေထိုင်သင့်ပါသည်။

၂၁ ရာစု၏ တစ်ကမ္ဘာလုံးဆိုင်ရာအကြီးမားဆုံးကျန်းမာရေးပြဿနာကြီးဖြစ်ခဲ့သော ကိုဗစ်-၁၉ ကပ်ရောဂါကြီးကို မိမိကစပြီး ကာကွယ်ကြရပါမည်။ ရိုးရှင်းလှသည့်တစ်ကိုယ်ရေကာကွယ်ခြင်းများကို ပေါ့ဆမေ့လျော့ ပျက်ကွက်နေကြပါက ကိုဗစ်-၁၉ မျိုးကွဲမျိုးသစ်ပေါင်းစုံ၏အန္တရာယ်သည် တစ်စခန်းပြန်ထလာနေဦးမည်ဖြစ်ပါသည်။ သို့ပါ၍ ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီးကို ယခင်ဒယ်တာ ကိုဗစ်လှိုင်းဒဏ်ကြံ့ကြံ့ခံအောင်နိုင်ခဲ့သည့်ထုံးကိုနှလုံးမူကာ နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူ့ဝန်ထမ်းများ၊ ပြည်သူများအားလုံး ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိတို့ဖြင့် ကာကွယ်တွန်းလှန်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းဖော်ဆောင်ထားသည့် စိန်ပန်းကုန်းကျေးရွာသို့ ပြည်တွင်း၊ ပြည်ပခရီးသွား ဝင်ရောက်လည်ပတ်မှု များပြားလျက်ရှိ



**မန္တလေး မေ ၁၂**

ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းဖော်ဆောင်ထားသည့် မတ္တရာမြို့နယ် စိန်ပန်းကုန်းကျေးရွာသို့ ပြည်တွင်း၊ ပြည်ပခရီးသွားဝင်ရောက်လည်ပတ်မှု များပြားလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ရေဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ကျေးရွာအခြေပြု ခရီးသွားလုပ်ငန်းဖော်ဆောင်ထားသည့် ကျေးရွာများထဲမှ လက်ရှိ ခရီးသွားများစိတ်ဝင်စားမှုရှိသည့်ကျေးရွာမှာ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်းရှိ စိန်ပန်းကုန်းကျေးရွာဖြစ်ကြောင်း၊ စိန်ပန်းကုန်းကျေးရွာသို့ ရက်ကန်းလုပ်ငန်း၊ အိုးလုပ်ငန်း၊ ခမောက်လုပ်ငန်း၊ ဆေးပေါ့လိပ်လုပ်ငန်း၊ ဖိနပ်လုပ်ငန်းနှင့် အခြားမြန်မာ့လက်မှုပညာဖြင့် ဖန်တီးပုံဖော်ထားသောပစ္စည်းများကိုလည်း ခရီးသွားများ စိတ်ဝင်စားမှုရှိကြောင်း၊ ထို့ပြင် စိန်ပန်းကုန်းကျေးရွာမှ ရေဝတီမြစ်အတွင်း စက်လှေစီးကာ ရေဝတီလင်းပိုင်များကို သွားရောက်ကြည့်ရှုသည့် ခရီးသွားများလည်း များပြားကြောင်း သိရသည်။

"ကျေးရွာအခြေပြုခရီးသွားလုပ်ငန်း ဖော်ဆောင်ဖို့အတွက် ၂၀၁၄ ခုနှစ်ကနေစပြီးတော့ သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS)နဲ့ ငါးလုပ်ငန်းဦးစီးဌာန၊ ရေဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တို့ ပူးပေါင်းလုပ်ဆောင်ခဲ့ပါတယ်။ လုပ်ငန်းဖော်ဆောင်ထားတဲ့ ကျေးရွာတွေကတော့ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်းမှာက ဆင်ကျွန်းကျေးရွာ၊ အေးကျွန်းကျေးရွာ၊ မြေစွန်းကျေးရွာ၊ စိန်ပန်းကုန်းကျေးရွာ၊ စဉ့်ကူးမြို့နယ်အတွင်းကတော့ မြစ်ကမ်းကြီးကျေးရွာ၊ ဆည်သည်ကျေးရွာနဲ့ စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်မှာ ဖော်ဆောင်တာကတော့ ရွာသစ်ကျေးရွာ၊ တကောင်းကျေးရွာ၊ ရှိမ်းမကားကျေးရွာတို့ဖြစ်ပါတယ်။ အခုကတော့ စိန်ပန်းကုန်းကျေးရွာကို ဝင်ရောက်လည်ပတ်တဲ့ ခရီးသည်တွေ တော်တော်လေးပြန်များလာတယ်"ဟု ဦးမောင်မောင်လေးက ပြောပြသည်။

စိန်ပန်းကုန်းကျေးရွာသို့ ဝင်ရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေမှာ မေလပထမပတ်က တစ်ရက်လျှင် ဦးရေ ၁၀၀ ကျော်သာ ရှိခဲ့သော်လည်း မေလ ဒုတိယပတ်မှစ၍ တစ်ရက်လျှင် ပြည်တွင်း၊ ပြည်ပခရီးသွား ဦးရေ ၃၀၀ ကျော်ထိရှိလာကြောင်း သိရသည်။ (၁၈၄)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး မေ ၁၂**

အိမ်ခြံမြေဈေးကွက်အတွင်း အရောင်း၊ အဝယ်၊ အငှားများကို အွန်လိုင်းတင်၍ ပြုလုပ်လာခြင်းကြောင့် အရောင်းအဝယ်ဖြစ်မှုနှင့် ငှားရမ်းမှုများ မြင့်တက်လာသည်ဟု ဆိုနိုင်သော်လည်း ဈေးကွက်တစ်ခုလုံးအနေဖြင့် အရောင်းအဝယ် အေးနေဆဲပင်ဖြစ်ကြောင်း မန္တလေးအိမ်ခြံမြေ ဈေးကွက်အတွင်းမှ သိရသည်။

လက်ရှိတွင် အရောင်းအဝယ်ပိုင်းထက် အငှားဈေးကွက် ပို၍သွက်နေကြောင်း၊ ငှားရမ်းမှုများတွင် တစ်လလျှင် ငွေကျပ် ၁၅၀၀၀၀ မှ ၁၀ သိန်းအထက်ထိ ဈေးရှိကာ တစ်လလျှင် ငွေကျပ် ၁၅၀၀၀၀ မှ ၃၀၀၀၀၀ ရှိ လူနေဆိုင်ခန်းများနှင့် လူနေသီးသန့်များအတွက် ငွေကျပ် ၇၀၀၀၀ မှ ၁၅၀၀၀၀ ခန့် ဈေးတန်းများ ငှားရမ်းမှု ပို၍များကြောင်း သိရသည်။

"မြေဈေးကွက်အနေအထားကတော့ အကျိုးဆောင်လုပ်ငန်းတွေ တော်တော်များများ အွန်လိုင်းတင်ပြီး အလုပ်လုပ်လာကြတာ များလာတယ်။ အရောင်းအဝယ် ပြန်ဖြစ်လာတယ်လို့ပြောရမှာပါ။ အဲဒီလို အရောင်းအဝယ်ဖြစ်နေပေမဲ့ လဲအရင်လို ခေါ်ဈေးအတိုင်း ရနေတာမျိုးတော့ မဟုတ်ဘူး။ ဈေးကွက်တစ်ခုလုံးအနေနဲ့က အရောင်းအဝယ်အေးနေဆဲပဲလို့ ပြောရမှာပါ"ဟု အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဌေးက ပြောပြသည်။

ဈေးကွက်တစ်ခုလုံးအနေဖြင့် အရောင်းအဝယ် အေးနေဆဲဖြစ်သော်လည်း အကွက်ရိုက် ရောင်းချမှုများကို စိတ်ဝင်စားမှုမြင့်တက်နေပြီး အရောင်းအဝယ်ဖြစ်နေသည့် အကွက်ရိုက်မြေကွက်များတွင် ပေ(၂၀×၄၀)၊ ပေ (၃၀×၄၀)၊ ပေ (၄၀×၄၀)အကျယ်ရှိ မြေကွက်များကို အခြေခံလူတန်းစားများ ဝယ်ယူမှုအများဆုံးဖြစ်ကြောင်း သိရသည်။

အကွက်ရိုက်မြေကွက်များအနေဖြင့် ချမ်းမြသာစည်မြို့နယ် အရှေ့ခြမ်းရှိ အကွက်ရိုက်မြေကွက်များ၊ အမရပူရမြို့နယ်ရှိ အကွက်ရိုက်မြေကွက်များ၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်ရှိ ကျေးရွာမြေများ အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် စက်မှုဇုန်နှင့်အနီးဝန်းကျင်ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၂၅၀၀ ခန့်နှင့်အထက်၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀ နှင့်အထက်၊ အမရပူရမြို့နယ် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၈၀၀ ခန့်နှင့်အထက်ရှိကြောင်း အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဌေးထံမှ သိရသည်။ (၁၇၃)

# မန္တလေးဈေးကွက်အတွင်း ပြည်တွင်း၊ ပြည်ပဝယ်ယူမှုကြောင့် ပဲကြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၆၅၀၀၀ ပေါက်ဈေးရှိနေ

**မန္တလေး မေ ၁၂**

မန္တလေး ဈေးကွက်အတွင်း ပြည်တွင်း၊ ပြည်ပ ဝယ်ယူမှုကြောင့် ပဲကြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၆၅၀၀၀ ပေါက်ဈေးရှိနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြ၍ သိရသည်။

အဆိုပါ ပဲကြီးဈေးနှုန်းမှာ ပေါ်ဦးပေါ်ဖျား ဇန်နဝါရီလအတွင်းက သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၇၅၀၀၀ ဖြင့် အဖွင့်ဈေးစခဲ့သော်လည်း မေလ ပထမပတ်မှစ၍ အိန္ဒိယနိုင်ငံက ဝယ်ယူမှုကြောင့် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၆၅၀၀၀ ထိ ဈေးမြင့်တက်လာကာ အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

"ပဲကြီးက ပြည်တွင်း၊ ပြည်ပ ဝယ်ယူမှုကြောင့် မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်ကောင်းမွန်နေပြီး ဈေးကောင်းရရှိနေပါတယ်။ ပဲကြီးက ပြည်တွင်းမှာလဲ မြန်မာလူမျိုးတွေ ကြိုက်နှစ်သက်စွာ စားသုံးကြတဲ့ ပဲအမျိုးအစားဖြစ်တဲ့အပြင် စတင်ထွက်ရှိချိန်ကတည်းက ဈေးကောင်းရတယ်။ ဒီနှစ်မှာ ပဲကြီးအထွက်နှုန်းက ပုံမှန်ထွက်ရှိတယ်။ ပဲကြီးကို နှစ်စဉ် အိန္ဒိယနဲ့ ဥရောပကနေဝယ်ယူကြပါတယ်။ ဒီနှစ်မှာတော့ အိန္ဒိယနိုင်ငံက အဓိကထားဝယ်ယူနေပါတယ်။ ဒါကြောင့် အရောင်းအဝယ်တွေကောင်းပြီး ဈေးကောင်းရရှိနေပါတယ်"ဟု ဦးစိုးဝင်းမြင့်က ပြောပြသည်။

ပဲကြီးကို မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးကြပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အနည်းငယ်စိုက်ပျိုးကြကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဖောက်သည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဆင်ပေါင်ဝဲမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းဖွင့်ပွဲ ကျင်းပ

**ဆင်ပေါင်ဝဲ မေ ၁၂**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းရရှိစေရန်နှင့် တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းဖွင့်ပွဲကို မေ ၁၁ ရက် နံနက် ၁၀ နာရီက အဆိုပါဦးစီးဌာန၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အောင်လံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ဆင်ပေါင်ဝဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်း ရရှိစေရန်နှင့် တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နှစ်စဉ် ဘဏ္ဍာငွေများ လျာထားပြီး ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း၊ သင်တန်းကပို့ချပေးသည့်စာတွေ့၊ လက်တွေ့ သင်ခန်းစာများကို စနစ်တကျလေ့လာသင်ယူကာ လက်တွေ့လုပ်ငန်းနယ်ပယ်တွင် အသုံးချစေလိုကြောင်း ပြောကြားသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းကို မြို့နယ်အတွင်းရှိ ကြာအင်း၊ အင်းကြား၊ စည်ပင်လှ၊ ရွာသစ်ကျေးရွာတို့မှ သင်တန်းသား ၂၅ ဦး တက်ရောက်ပြီး သင်တန်းတွင် သင်တန်းနည်းပြများက ဆိုင်ကယ်ပြင်နည်းများကို မေ ၁၁ ရက်မှ ၂၅ ရက်ထိ ၁၅ ရက်ကြာ စာတွေ့၊ လက်တွေ့ အခမဲ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဦး**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ဦးဝင်းမောင်-ဒေါ်မြစန်း မိသားစုက ဆွမ်းပဒေသာပင်အတွက် ငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ နာယကကြီး ဦးတင်မောင်၊ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်၊ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏနှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# မြန်မာနိုင်ငံတွင်ချုပ်လုပ်သည့်အထည်များ ပြည်ပတင်ပို့ရာ၌ Made in Myanmar အဖြစ်ရောက်ရှိရန် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိ



**ရန်ကုန် မေ ၁၂**

မြန်မာနိုင်ငံတွင် ချုပ်လုပ်သည့် အထည်များကို ပြည်ပသို့ တင်ပို့ရာတွင် Made in Myanmar ထုတ်ကုန်အဖြစ်သို့ ရောက်ရှိစေရန် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ ဗဟိုအလုပ်အမှုဆောင် ဒေါ်ကေသွယ်မြင့်ဦးက ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) အနေဖြင့် ဥရောပဈေးကွက်ကို မြန်မာ့အထည်ချုပ်ကဏ္ဍတွင် နိုင်ငံတကာ ဝယ်လက်အဖြစ် Platform တစ်ခု ခိုင်မာစွာ တည်ဆောက်နိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံမှချုပ်လုပ်တင်ပို့သည့် အထည်များကိုလည်း ဥရောပဈေးကွက်တွင် Made in Myanmar ထုတ်ကုန်အဖြစ်သို့ ရောက်ရှိစေရန် အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မြန်မာနိုင်ငံက အထည်ချုပ်လုပ်ငန်းတွေဟာ အလုပ်သမားတွေနဲ့ သူတို့ရဲ့မိသားစုတွေရဲ့ စားဝတ်နေရေးအတွက် လုံခြုံစိတ်ချရပြီး အာမခံချက်ရှိတဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးလျက်ရှိသလို အထည်ချုပ်ကဏ္ဍဟာ နိုင်ငံတော်ရဲ့ပြည်ပကုန်သွယ်မှုမှာ နိုင်ငံခြားဝင်ငွေရရှိရေးကို များစွာအထောက်အကူပြုနေတဲ့ Sector အဖြစ်လဲ တည်ရှိနေပါတယ်။ လက်ရှိမှာ မြန်မာအထည်ချုပ်လုပ်ငန်းတွေဟာ CMP လက်ခစားချုပ်ပြီးအထည်တွေကို တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံသာမက ဥရောပဈေးကွက်ကိုလဲ ခိုင်ခိုင်မာမာ ရရှိထားတဲ့အတွက် ဒီဈေးကွက်တွေမှာ မြန်မာချုပ်ထည်တွေကို Made in Myanmar ထုတ်ကုန်အဖြစ်နဲ့ နေရာတစ်နေရာ အခိုင်အမာရဖို့လဲ ကြိုးပမ်းနေပါတယ်"ဟု ဒေါ်ကေသွယ်မြင့်ဦးက ပြောပြသည်။

ထို့ပြင် International-Brands များ၏ အမှာစာများ ဆက်လက်ချုပ်လုပ်နိုင်ရန်အတွက်လည်း European Unionအောက်ရှိ နိုင်ငံတကာ မိတ်ဖက်များနှင့်လည်း အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ဒေါ်ကေသွယ်မြင့်ဦးက ပြောပြ၍ သိရသည်။

ASH

# တောင်သာမြို့နယ် ကျေးရွာနှစ်ရွာ၌ ကွန်ကရစ်တံတားတည်ဆောက်နိုင်ရေး စစ်ဆေး

**တောင်သာ မေ ၁၂**

မန္တလေးတိုင်းဒေသကြီးတောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာ၌ ကွန်ကရစ်တံတား တည်ဆောက်နိုင်ရေး မြေပြင်အခြေအနေများကို မေ ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းနှင့် တာဝန်ရှိသူများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဥသျှစ်ပင်ကျေးရွာနှင့် တမာကုန်းကျေးရွာ၌ ကွန်ကရစ်တံတားတည်ဆောက်နိုင်ရေး မြေပြင်အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကွန်ကရစ်တံတားတည်ဆောက်နိုင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တောင်သာမြို့နယ် ဥသျှစ်ပင်ကျေးရွာ၌ အရှည် ၁၈ ပေ၊ အကျယ် သုံးပေ၊ အမြင့် သုံးပေရှိ Slab Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းနှင့် တမာကုန်းကျေးရွာ၌ အရှည် ၁၈ ပေ၊ အကျယ် လေးပေ ကိုးလက်မ၊ အမြင့် လေးပေ ကိုးလက်မရှိ Box Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၆ ဒသမ ၇၃ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်နိုင်ပါက ကျေးရွာနှစ်ရွာရှိ ကျေးလက်နေပြည်သူများ၏ လယ်ယာမြေဧက ၆၅၀ မှ ထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ အချိန်မီပို့ဆောင်နိုင်မည်ဖြစ်ကြောင်း တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ပြောပြ၍ သိရသည်။

**ရင်ဦးကို**

# ဖြူးမြို့နယ် ဆင်တဲကုန်းကျေးရွာ၌ ကျေးရွာတွင်း ကျောက်ရောမြေလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ဖြူး မေ ၁၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးကိစ္စရပ်များအတွက် သွားလာမှုလွယ်ကူစေရန်ရည်ရွယ်၍ ဆင်တဲကုန်းကျေးရွာ၌ ကျေးရွာတွင်း ကျောက်ရောမြေလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဆင်တဲကုန်းကျေးရွာ၌ ကျေးရွာတွင်း ကျောက်ရောမြေလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

ဖြူးမြို့နယ် ဆင်တဲကုန်းကျေးရွာအုပ်စု ဆင်တဲကုန်းကျေးရွာ၌ လမ်းအရှည်ပေ ၂၃၈၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကျောက်ရောမြေလမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၉ ဒသမ ၃ သန်း အသုံးပြု၍ ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာကူညီမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဧပြီ ၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်က ပြောပြ၍ သိရသည်။

**ကိုညီ**



# ဆေးဖက်ဝင်အပင်များနှင့် အဓိကပျောက်ကင်းနိုင်သောရောဂါများ( ၄၆)

ကြည်လွင်မြင့် (မုံရွာ)



**ဖန်ခါးသီး**

အင်္ဂလိပ်အမည် - Myrobalan
မျိုးရင်း - Combretaceae(ထောက်ကြန့်မျိုးရင်း)
ရုက္ခဗေဒအမည် - Terminalia chebula Retz

**အဓိကဆေးဖက်ဝင်ပုံ**

ဖန်ခါးသီးသည် သွေးအန်၊ သွေးကျ၊ ဒူလာ လိပ်ခေါင်းရောဂါ၊ မီးယပ်သွေးလွန်ရောဂါ၊ ဝမ်းလျှော ဝမ်းကိုက်ရောဂါ၊ မျက်စိနာရောဂါ၊ သွေးထွက်လွန်ခြင်း၊ မီးလောင်ဖုများထွက်ခြင်း၊ အရက်မူးခြင်း၊ အပူကန်ခြင်းရောဂါများအတွက် ဆေးဖက်ဝင် အသုံးပြုသည်။

**ပေါက်ရောက်သည့်ဒေသ**

မြန်မာနိုင်ငံအလယ်ပိုင်းနှင့် တောင်ပေါ်ဒေသများတွင် ပေါက်ရောက်သည်။

**ဆေးဖက်ဝင်အစိတ်အပိုင်း**

အရွက်၊ အပွင့်၊ အသီး။

**အပင်ပုံသဏ္ဌာန်**

အပင်။ ။ ဖန်ခါးပင်သည် ရွက်ကြွေပင်ကြီးမျိုးဖြစ်၍ ပေ ၇၀၊ ပေ ၈၀ ထိမြင့်သည်။ ပင်စည်ရှည်၍ ဖြောင့်မတ်သည်။ အခေါက်ထူသည်။ အပွေးအနက်ရောင်ရှိသည်။ သေးငယ်သောအကြောင်းများရှိသည်။

အရွက်။ ။ ဖန်ခါးရွက်သည် ရွက်ဆိုင်နီးပါး ထွက်သည်။ ရှည်မျောမျော ဘဲဥပုံရှိ၍ ရွက်ထိပ်ချွန်ပြီး ရွက်ရင်းဝိုင်း၏။ ရွက်ပြား သုံးလက်မ၊ လေးလက်မခန့် ကျယ်ပြန့်သည်။ ရွက်ညွန့်ကတ္တီပါညိုရောင်ရှိသည်။ ရွက်ကြောများထင်ရှားသည်။

အပွင့်။ ။ ပွင့်ညှာမဲ့ပန်းခိုင်ပေါ်တွင် အဖြူ သို့မဟုတ် အဝါရောင်ပန်းပွင့်ကလေးများပွင့်၏။ ပွင့်ဖတ်မရှိ။ ပွင့်ချပ်နှင့်ပွင့်သောပန်းပွင့်ဖြစ်သည်။ ကဆုန်လမှ ဝါဆိုလ၊ ဝါခေါင်လအတွင်း ဖူးပွင့်သည်။

အသီး။ ။ အသီးသည် သစ်စေ့တစ်စေ့သီးဖြစ်သည်။ အသားထူ၍ အရသာဖန်သည်။ ပြာသိုလ၊ တပို့တွဲလတွင် အသီးရင့်မှည့်သည်။

**ဆေးကျမ်းများအဆို**

မြန်မာဆေးကျမ်းများအဆိုအရ ဖန်ခါးသီးသည် ဖန်၏။ ချဉ်၏။ ခါး၏။ စပ်၏။ ပူ၏။ ဝမ်းမီးကို တောက်စေ၏။ သွေးသားကို စင်ကြယ်စေ၏။ မျက်စိကိုကောင်းစေ၏။ အထူးသဖြင့် အူနှင့်ဆက်စပ်သော ရောဂါများ၊ အရေပြားရောဂါ၊ ကိုယ်ရေဝါရောဂါ၊ မြင်းသရိုက်(လိပ်ခေါင်း)ရောဂါ၊ ညောင်းကျ၊ ကြို့ထိုး၊ ဝမ်းဗိုက်အောင့်၊ အစာမကြေရောဂါတို့၌ ဆေးဖက်ဝင် အသုံးပြု၏။

**ဆေးဖက်ဝင်အသုံးပြုပုံ**

၁။ မျက်စိနာလျှင် ဖန်ခါးသီးကိုထု၍ တစ်ည ရေစိမ်ပြီး ထိုရေဖြင့် မျက်စဉ်းခတ်ပေးပါက မျက်စိနာကိုပျောက်ကင်းစေနိုင်သည်။

၂။ အသက်ရှည်ဆေးအဖြစ် ဖန်ခါးသီးခြောက်ကို အမှုန့်ကြိတ်ပြီး နွားနို့ဖြင့်သောက်သုံးပါက အနာရောဂါကင်း၍ အသက်ရှည်စေနိုင်သည်ဟု ရှေးဆေးကျမ်းများတွင် ဖော်ပြထားသည်။

၃။ ဝက်ခြံပြည်မပေါက်ဘဲ ခဲနေလျှင် ဖန်ခါးသီးအစေ့ကိုဆန်ဆေးရည်နှင့်သွေး၍ လိမ်းပေးပါ။

၄။ အရက်မူးလျှင် ဖန်ခါးသီးပြုတ်ရည်ကို နို့နှင့်ရောတိုက်ပါက အရက်မူးလွန်ခြင်း ပျောက်ကင်းစေနိုင်သည်။

၅။ မီးလောင်ပြီး အဖုများထွက်လျှင် ဖန်ခါးသီးခြောက်အမှုန့်နှင့် ဒုန်းဆီရောလိမ်းပေးပါက ပျောက်ကင်းစေနိုင်သည်။

၆။ တြိဖလ ခေါ် အသက်ရှည်ဆေးဖော်စပ်ရာတွင် ဆီးဖြူသီး၊ သစ်ဆိမ့်သီး၊ ဖန်ခါးသီး သုံးမျိုးကို အခြောက်လှန်းအမှုန့်ကြိတ်ပြီး ပျားရည်၊ နွားနို့ စသည်တို့နှင့် ရောစပ်အသုံးပြုနိုင်သည်။

၇။ ဖန်ခါးသီးသည် သွေးလွန်ခြင်းကို ထိန်းပေးနိုင်သော သတ္တိရှိသဖြင့် မီးယပ်သွေးလွန်သော အမျိုးသမီးများ၊ နှာခေါင်းသွေးမကြာခဏ လျှံတတ်သူများ ပုံမှန်စားသုံးပေးခြင်းဖြင့် ရောဂါဖြစ်ခြင်းမှ ကာကွယ်နိုင်သည်။

၈။ ဖန်ခါးရွက်ပေါ်ရှိ အသီးကဲ့သို့ ဖုဖောင်းနေသော ကကြိုသဇ်ကို ဝမ်းနုတ်ဆေး၊ သွေးဆေး၊ လေဆေး၊ မျက်စိနာပျောက်ဆေး စသည်တို့ဖော်စပ်ရာတွင် ထည့်သွင်း အသုံးပြုသည်။

၉။ ဝမ်းလျှော၊ ဝမ်းကိုက်ရောဂါများဖြစ်ပါက ဖန်ခါးပင်၏အခေါက်ကို ပြုတ်သောက်လျှင် သက်သာပျောက်ကင်းစေနိုင်သည်။

၁၀။ ထိခိုက်ဒဏ်ရာရရှိပြီး သွေးထွက်များလျှင် ဖန်ခါးပင်အခေါက်ကို အမှုန့်ကြိတ်၍ ထိခိုက်ဒဏ်ရာကိုအုံပေးပါက သွေးထွက်လွန်ခြင်းကို ရပ်တန့်စေနိုင်သည်။

❖ မျက်စိနာလျှင် ဖန်ခါးသီးကိုထု၍ တစ်ည ရေစိမ်ပြီး ထိုရေဖြင့် မျက်စဉ်းခတ်ပေးပါက မျက်စိနာကိုပျောက်ကင်းစေနိုင်သည်။ အသက်ရှည်ဆေးအဖြစ် ဖန်ခါးသီးခြောက်ကို အမှုန့်ကြိတ်ပြီး နွားနို့ဖြင့်သောက်သုံးပါက အနာရောဂါကင်း၍ အသက်ရှည်စေနိုင်သည်ဟု ရှေးဆေးကျမ်းများတွင် ဖော်ပြထားသည်။ ❖

**ဘောစကိုင်း**

အင်္ဂလိပ်အမည် - River tamarind
မျိုးရင်း - Mimosoideae (ဆူးဖြူမျိုးရင်း)
ရုက္ခဗေဒအမည် - Leucaena glauca Benth

**အဓိကဆေးဖက်ဝင်ပုံ**

ဘောစကိုင်းသည် ဝမ်းကိုက်ရောဂါ၊ ဖောရောင်ရောဂါ၊ တုတ်သန်ရောဂါ၊ အကိုက်အခဲရောဂါနှင့် ကိုယ်ဝန်ထိန်းဆေးဖော်စပ်ရာတွင် ဆေးဖက်ဝင် အသုံးပြုသည်။

**ပေါက်ရောက်သည့်ဒေသ**

မြန်မာနိုင်ငံအနှံ့အပြား သဘာဝအလျောက်ပေါက်ရောက်သည်။ ဘောစကိုင်းပင်ကို အဝေရာပင်ဟုလည်း ခေါ်ပြီး ပင်စောက်ပင်သေးမျိုးဖြစ်သည်။ စိုက်ပျိုးရာတွင် အဖြစ်မြန်၊ အကြီးမြန်ပြီး အရွက်မှာ ကင်ပွန်းချဉ်ရွက်၊ ဆူးပုပ်ရွက်ကဲ့သို့ရှိသည်။ ဘောစကိုင်းရွက်ကို ခြေပြီး ရှူကြည့်လျှင် ဆူးပုပ်နံ့အနည်းငယ်ရသည်။

**ဆေးဖက်ဝင်အစိတ်အပိုင်း**

အခေါက်၊ အစေ့၊ အရွက်၊ အသီးခွံနှင့် အမြစ် ပဥ္စငါးပါးလုံး ဆေးဖက်ဝင်အသုံးပြုကြသည်။

❖ နာကျင်ကိုက်ခဲသောရောဂါများအတွက် ဘောစကိုင်းအခေါက်ကို အမှုန့်ကြိတ်ပြီး ဆေးဖော်စပ်ရာတွင် ထည့်သွင်းအသုံးပြုသည်။ ကိုယ်ဝန်ပျက်လွယ်သူများ ပျက်မကျစေရန် ကိုယ်ဝန်ကာကွယ်ဆေးအဖြစ် ဘောစကိုင်းခေါက်နှင့် အမြစ်ပြုတ်ရည်တို့ကို နေ့စဉ် ဟင်းစားဇွန်း သုံးဇွန်းမှ ငါးဇွန်းထိ ခန္ဓာကိုယ်အပိန်အဝကိုလိုက်၍ တိုက်ကျွေးနိုင်သည်။ ❖

**အပင်ပုံသဏ္ဌာန်**

အပင် ။ ။ ဘောစကိုင်းပင်သည် ပင်လတ်မျိုးဖြစ်သည်။ အမြင့် ၁၅ ပေမှ ၂၅ ပေခန့်ထိမြင့်သည်။ အကိုင်းဖြာသည်။ အခေါက်ကြမ်းပြီး မွဲခြောက်ခြောက်မီးခိုးရောင်ပေါ်တွင် အစိမ်းရောင်အကွက်ကလေးများရှိသည်။

အရွက် ။ ။ ဘောစကိုင်းရွက်သည် ၄ှက်မွေးရွက်ပေါင်းဖြစ်ပြီး ရွက်လွှဲထွက်သည်။ ရွက်ညှာရင်းဖောက်နေသည်။ ရွက်မြွှာသေးငယ်၍ ရှည်မျောမျောရှိသည်။ ထိပ်အနည်းငယ်ချွန်ပြီး ရွက်ရင်းရွဲ့စောင်း၍ ခပ်ကျဲကျဲ မျက်နှာချင်းဆိုင်ထွက်သည်။

အပွင့်။ ။ ဘောစကိုင်းပွင့်သည် ပန်းခိုင်ထီးတည်းဖြစ်သည်။ ပန်းခိုင်ထိပ်တွင် ပန်းပွင့်သေးများ စုပြုံ၍ ဘောလုံးသဏ္ဌာန်ပွင့်သည်။ နန်းလုံးကြိုင်ပွင့်နှင့်တူသည်။ အပွင့်အဖြူရောင်ရှိသည်။ တစ်နှစ်ပတ်လုံးပွင့်သည်။

အသီး။ ။ အသီးသည် သီးတောင့်ရှည်မျိုးဖြစ်၍ ပါးပြီးပြားသည်။ အသီးအတွင်း၌ အညိုရောင်ပြောင်ချောသောအစေ့ ၁၅ စေ့မှ ၂၅ စေ့ထိရှိသည်။

**ဆေးကျမ်းများအဆို**

မြန်မာဆေးကျမ်းများအဆိုအရ ဘောစကိုင်းသည် ပူ၏။ သွေးကိုကြွစေ၏။ လေကိုကြေစေ၏။ အဆိပ်ကို နိုင်၏ဟု ဖော်ပြထားသည်။

**ဆေးဖက်ဝင်အသုံးပြုပုံ**

၁။ နာကျင်ကိုက်ခဲသော ရောဂါများအတွက် ဘောစကိုင်းအခေါက်ကို အမှုန့်ကြိတ်ပြီး ဆေးဖော်စပ်ရာတွင် ထည့်သွင်းအသုံးပြုသည်။

၂။ ကိုယ်ဝန်ပျက်လွယ်သူများ ပျက်မကျစေရန် ကိုယ်ဝန်ကာကွယ်ဆေးအဖြစ် ဘောစကိုင်းခေါက်နှင့် အမြစ်ပြုတ်ရည်တို့ကို နေ့စဉ် ဟင်းစားဇွန်း သုံးဇွန်းမှ ငါးဇွန်းထိ ခန္ဓာကိုယ်အပိန်အဝကိုလိုက်၍ တိုက်ကျွေးနိုင်သည်။

၃။ အဖောအရောင်ရောဂါများဖြစ်ပါက ဘောစကိုင်းပင် ပဥ္စငါးပါးကိုပြုတ်၍ ရေချိုးပေးပါက သက်သာပျောက်ကင်းစေနိုင်သည်။

၄။ ကလေးများတုတ်သန်ထလျှင် ဘောစကိုင်းအစေ့ကိုကြိတ်၍ ပျားရည်နှင့်ရောစပ်တိုက်ကျွေးပါက တုတ်သန်များ ကျစေနိုင်သည်။

၅။ အစာမကြေရောဂါ၊ နုတ်မမြိန်ရောဂါ၊ ခံတွင်းပျက်ရောဂါများဖြစ်လျှင် ဘောစကိုင်းရွက်နုများကိုပြုတ်၍ အသုပ်ပြုလုပ်စားခြင်းဖြင့် နုတ်မြိန်စေနိုင်သည်။

၆။ ဘောစကိုင်းရွက်ကိုပြုတ်၍ အတို့အမြှုပ်ပြုလုပ်စားလျှင် ဝမ်းတွင်းပူသောရောဂါများ၊ ဝမ်းချုပ်စမြင်းခံရောဂါများ ပျောက်ကင်း၍ ဝမ်းမှန်စေနိုင်သည်။ အထူးသဖြင့် လိပ်ခေါင်းရောဂါရှိသူများသည် ဘောစကိုင်းရွက်ကို ပုံမှန်စားသုံးပေးခြင်းဖြင့် လိပ်ခေါင်းရောဂါ သက်သာပျောက်ကင်းစေနိုင်သည်။

၇။ အဆိပ်သင့်ရောဂါများဖြစ်လျှင် ဘောစကိုင်းရွက်ကို ထုထောင်းခြေပြီး အရည်ညှစ်ယူတိုက်ကျွေးပေးပါက အဆိပ်များပြေစေနိုင်သည်။


၈။ အဆစ်ရောင်ရောဂါဖြစ်လျှင် ဘောစကိုင်းအမြစ်ကိုကြိတ်၍ သို့မဟုတ် သွေး၍ သောက်ပေးပါ။ သွေးထားသောအရည်နှင့် ထောပတ်ကိုရော၍ ကိုက်ခဲသောနေရာတွင် လိမ်းကျံပေးပါက သက်သာစေနိုင်သည်။

၉။ ဝမ်းအလွန်ချုပ်သူများသည် ဘောစကိုင်းအသီးအခွံကိုပြုတ်၍ အတို့အမြှုပ်ပြုလုပ်စားခြင်းဖြင့် ဝမ်းမှန်စေနိုင်သည်။



၁၀။ သွေးဆုံးရောဂါဖြစ်နေသူ အမျိုးသမီးများသည် ဘောစကိုင်းအရွက်ကိုပြုတ်၍ အသုပ်ပြုလုပ်စားပေးပါ။ ဘောစကိုင်းအခေါက်ကို အခြောက်လှန်းကာ အမှုန့်ကြိတ်ပြီး တိုင်းရင်းဆေးအမှတ်(၁၆) အပူငြိမ်းသွေးဆေးနှင့်ရောစပ်သောက်သုံးပေးခြင်းဖြင့် သွေးဆုံးကိုင်ရောဂါသက်သာပျောက်ကင်းစေနိုင်ပါသည်။

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိုအိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကို ပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# UMFCCI နှင့် CECCM ပူးပေါင်းကာ စိုက်ပျိုးရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ အထည်ချုပ်လုပ်ငန်းနှင့် စက်မှုလုပ်ငန်းများကို တိုးမြှင့်ရင်းနှီးမြှုပ်နှံလုပ်ကိုင်မည်

**ရန်ကုန် မေ ၁၂**

မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) နှင့် တရုတ်နိုင်ငံ ကုန်သည်ကြီးများ အသင်း(CECCM)တို့ ပူးပေါင်းကာ မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ အထည်ချုပ်လုပ်ငန်းနှင့် စက်မှုလုပ်ငန်းများကို တိုးမြှင့်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဒေါက်တာအောင်ဝင်းက ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI) နှင့် တရုတ်နိုင်ငံ ကုန်သည်ကြီးများ အသင်း(CECCM)တို့ ပူးပေါင်းကာ မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ အထည်ချုပ်လုပ်ငန်းနှင့် စက်မှုလုပ်ငန်းများကို တိုးမြှင့်ရင်းနှီးမြှုပ်နှံလုပ်ကိုင်သွားမည်ဖြစ်သည့်အတွက် မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သည် အဖွဲ့အစည်းများကြား ဆွေးနွေးမှုများကို မေ ၁၁ ရက်မှစ၍ ဆွေးနွေးဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

" UMFCCI နဲ့ CECCM ကြားမှာ မြန်မာ-တရုတ်ကုမ္ပဏီတွေရဲ့ ပူးပေါင်းဆောင်ရွက်မှု အလားအလာတွေကို ပိုမိုဖော်ဆောင်ဖို့နဲ့ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုမြှင့်တင်နိုင်ဖို့ ဆွေးနွေးမှုတွေ စတင်လုပ်ဆောင်နေပါပြီ။ ဒီလိုလုပ်ဆောင်ရာမှာ အထည်ချုပ်လုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ စက်မှုလုပ်ငန်းတွေကို ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ တိုးမြှင့်ဆောင်ရွက်ဖို့၊ ကုန်သွယ်ရေးကဏ္ဍမှာ ယွမ်-ကျပ်နဲ့ငွေပေးချေမှုတွေကို ချောမွေ့စေဖို့၊ မြန်မာ့ထွက်ကုန်တွေ တရုတ်နိုင်ငံ ဈေးကွက်တိုးချဲ့နိုင်ဖို့တွေလဲ ဆွေးနွေးဆောင်ရွက်ပါတယ်" ဟု ဒေါက်တာအောင်ဝင်းက ပြောပြသည်။

မြန်မာ-တရုတ် နှစ်နိုင်ငံကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးကဏ္ဍ တိုးမြှင့်ရေးတို့အပြင် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးနှင့် စွမ်းအင်ကဏ္ဍများကိုလည်း ပူးပေါင်းဆောင်ရွက်သွားရန်ရှိနေကြောင်း သိရသည်။

တရုတ်နိုင်ငံ ကုန်သည်ကြီးများအသင်းတွင် အသင်းခွဲပေါင်း ခုနစ်ခုရှိရာ အထည်ချုပ်လုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေး၊ အိမ်ခြံမြေ၊ ဆက်သွယ်ရေးနှင့် နည်းပညာလုပ်ငန်း၊ ကန်ထရိုက်တာလုပ်ငန်း၊ ခရီးသွားလာရေးနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ လျှပ်စစ်လုပ်ငန်းတို့ကို ဆောင်ရွက်နေပြီး အသင်းဝင်အများစုသည် အထည်ချုပ်လုပ်ငန်းရှင်များ ဖြစ်ကြောင်း သိရသည်။

ASH



# ရှာငံမြို့နယ် အင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ရှာငံ မေ ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရှာငံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်းကုန်းငါးဆူကျေးရွာအုပ်စု အင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ လုပ်ကိုင်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရှာငံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းမြထိုက်၊ စီမံကိန်းတာဝန်ခံနှင့် တာဝန်ရှိသူများသည် အင်းကုန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် အသင်းသား၊ အသင်းသူ ၅၅ ဦးက စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရောင်းဝယ်ရေးလုပ်ငန်းနှင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိစစ်ဆေးကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အင်းကုန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ အသင်းသား၊ အသင်းသူ ၅၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၇၅ သိန်း ထုတ်ချေးနိုင်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ရှာငံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းမြထိုက်ထံမှ သိရသည်။

**မောင်ရှိုင်**

# အိုမင်းဇရာ ကြုံသောခါဝယ်

\- **ဇာတိ**ဟူစွ မွေးရာမှသည်
ဘဝလူ့ရွာ ကျပ်ရောက်လာ၍
ရှည်ကြာသက်တမ်း ကျပ်ခန့်မှန်းရာ
အိုခန်းအရွယ် ခုနစ်ဆယ်မို့
ရှက်ဖွယ်တွေးက မြတ်ဓမ္မသည်
ခုမှကြည့်စမ်း "ဝလုံးတန်း"။

\- ဇာတိမှသည် **ဇရာ**မည်သည့်
အနိစ္စရာ အိုဇာတာကို
သေချာစောကြော ဘဝမောဝယ်
အတောမသတ် တရစပ်ဖြင့်
မပြတ်သုတ်သုတ် မိုးကြိုးချုပ်ထိ
မယုတ်မလွန် မာရသွန်နှယ်
အခွံချည်းသာ နှစ်ဗလာဖြင့်
ပမာတူငြား လက်ပံသား။

\- လက်ပံသားပင် သွေ့ခြောက်လျှင်မူ
မီးတွင်လောင်ကျွမ်း သူ့ဝန်ထမ်းလည်း
ကြည့်စမ်းကျပ်မှာ ထိုဇရာက
ပမာသူဆို အဘိုးအိုမို့
လူပျိုနှင့်များ လွန်ကွာခြား၍
အသားပျော့တွဲ မျက်စိမွဲလျက်
တစ်နဲ(နည်း)သူပြု သွားအတုဖြင့်
လူထုမြင်သာ ဆံကေသာကို
ကာလာအသွက် အရောင်နက်အောင်
ဆေးချက်မည်ဦး ဟန်မပီသည့်
ပန်းချီဆရာ စုတ်ချက်သာတည့်။

\- သြော် . . .
ကျပ်လေမြော်တွေး ဟိုအဝေးကို
မနေးအသိ ဓမ္မရှိလျက်
**ဗျာဓိ**မည်ရာ ဝေဒနာနှင့်
သေချာရောက်ကြ **မရဏ**ဟု
တစ်စသုသာန် သေတမန်သို့
ဧကန်မလွဲ မသာတွဲဖြင့်
ဖော်ကွဲထွက်ခွာ ထီးကျန်စွာဖြင့်
ဗလာလက်ချည်း ကြုံခရီးဝယ်
ဝေးနီးသွားလာ ဓမ္မတာတည့်။ ။

**မန္တလာပြေ**

# ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း၊ စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# တရုတ်နိုင်ငံခြားရေးဝန်ကြီး ချင်ကန်း ဩစတြေးလျနိုင်ငံသို့ သွားရောက်ဖွယ်ရှိ

**ပေကျင်း မေ ၁၂**

တရုတ် နိုင်ငံခြားရေးဝန်ကြီး ချင်ကန်းသည် ယခုနှစ် ဇူလိုင်လအတွင်း ဩစတြေးလျနိုင်ငံသို့ သွားရောက်နိုင်ဖွယ်ရှိကြောင်း ဆောက်သ် ချိုင်းနားမောနင်းပို့စ်သတင်းစာက ယနေ့တွင် ဖော်ပြခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီး ချင်ကန်း၏ ဩစတြေးလျခရီးစဉ်ကို တရုတ်အစိုးရက တရားဝင်အတည်ပြုကြေညာခြင်းမရှိသေးသော်လည်း ယင်းခရီးစဉ်မှာ ဇူလိုင်လအတွင်း ဖြစ်မြောက်မည်ဖြစ်ကြောင်း တရုတ်အစိုးရသတင်းအရင်းအမြစ်များက ပြောကြားထားသည်။

တရုတ်နှင့် ဩစတြေးလျ နှစ်နိုင်ငံဆက်ဆံရေး အခြေအနေ ပြန်လည် တည်ငြိမ်လာချိန်တွင် တရုတ်နိုင်ငံခြားရေးဝန်ကြီး ချင်ကန်း၏ ဩစတြေးလျခရီးစဉ် သတင်းပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ မူလအစအတွက် နိုင်ငံတကာစုံစမ်းစစ်ဆေးမှုပြုလုပ်ရန် ဩစတြေးလျနိုင်ငံက တောင်းဆိုခဲ့ပြီးနောက် တရုတ်နိုင်ငံက ဩစတြေးလျပို့ကုန်များကို ကန့်သတ်ခဲ့ရာ ၂၀၂၀ ပြည့်နှစ်အတွင်း နှစ်နိုင်ငံဆက်ဆံရေး တင်းမာခဲ့ရသည်။

သို့သော် ပြီးခဲ့သည့်နှစ် မေလအတွင်း ဩစတြေးလျ၌ လေဘာပါတီအစိုးရအာဏာရခဲ့ပြီးနောက် တရုတ်- ဩစတြေးလျ နှစ်နိုင်ငံဆက်ဆံရေး ပြန်လည်နွေးထွေးစပြုလာခဲ့သည်။

တရုတ်နိုင်ငံသည် ဩစတြေးလျနိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး ၂၀၂၂ ခုနှစ်အတွင်း နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုး စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၁၉၅ ဘီလီယံထိ ရှိခဲ့ကြောင်း သိရသည်။ KKO



# နှစ်နိုင်ငံနယ်စပ်တစ်လျှောက် တပ်အင်အားထပ်တိုးရန် ဗင်နီဇွဲလားနှင့် ကိုလံဘီယာတို့ သဘောတူ

**ကာရာကတ်စ် မေ ၁၂**

နှစ်နိုင်ငံနယ်စပ်တစ်လျှောက်ရှိ တရားမဝင်နယ်စပ်အဝင်၊ အထွက်လမ်းများ၌တပ်စွဲထားသည့် နှစ်ဖက်တပ်ဖွဲ့ဝင်များကို အင်အားထပ်တိုးရန် ဗင်နီဇွဲလားနှင့် ကိုလံဘီယာနိုင်ငံတို့က စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက မေ ၁၁ ရက်တွင် ဖော်ပြခဲ့သည်။

ဗင်နီဇွဲလား ကာကွယ်ရေးဝန်ကြီး ဗလာဒီမာပါဒရီနိုနှင့် ကိုလံဘီယာ ကာကွယ်ရေးဝန်ကြီး အိုင်ဗင်ဗီလာစကွစ်ဇ်တို့သည် မေ ၁၁ ရက်တွင် ကာရာကတ်စ်မြို့၌ တွေ့ဆုံခဲ့ကြပြီး နယ်စပ်ဖြတ်၍ နှစ်နိုင်ငံစလုံးတွင် ရာဇဝတ်မှုများ ကျူးလွန်နေသော အုပ်စုများ၏ အန္တရာယ်နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲတွင် နှစ်နိုင်ငံနယ်စပ်ရှိ ရာဇဝတ်လုပ်ရပ်များကို ထိန်းချုပ်ရေးအတွက် နယ်စပ်တစ်လျှောက် တပ်စွဲထားသည့် နှစ်နိုင်ငံတပ်ဖွဲ့ဝင်အင်အားကိုထပ်တိုးရန် ဗင်နီဇွဲလားနှင့် ကိုလံဘီယာ ကာကွယ်ရေးဝန်ကြီးများက ပြောကြားခဲ့သည်။

သို့သော် ထပ်မံဖြည့်တင်းမည့် တပ်ဖွဲ့ဝင်အင်အားနှင့် ဖြန့်ကြက်မည့်အချိန်တို့ကို ကိုလံဘီယာနှင့် ဗင်နီဇွဲလားတို့က တရားဝင်ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

ကိုလံဘီယာနှင့် ဗင်နီဇွဲလားနိုင်ငံတို့သည် မိုင်ပေါင်း ၁၄၀၀ ထိ နယ်စပ်ချင်းထိစပ်လျက်ရှိပြီး ယင်းနယ်စပ်တစ်လျှောက်၌ မူးယစ်မှောင်ခိုဂိုဏ်းများနှင့် ဆက်စပ်နေသောရာဇဝတ်ဂိုဏ်းများ လှုပ်ရှားလျက်ရှိသည်။

ကိုလံဘီယာနိုင်ငံ၌ သမ္မတဂူစတာဗိုပက်ထရို အာဏာရခဲ့ပြီးနောက် ပြီးခဲ့သည့်နှစ် ဩဂုတ်လတွင် ဗင်နီဇွဲလားနှင့် ကိုလံဘီယာတို့ကြား သံတမန်ဆက်ဆံရေး ပြန်လည်စတင်ခဲ့ကြောင်း သိရသည်။ KKO

# ရုရှားသမ္မတပူတင်က ပင်လယ်နက်ကောက်ပဲသီးနှံ သဘောတူညီချက်အတွက် တူရကီသမ္မတနှင့်ဆွေးနွေးနိုင်



**မော်စကို မေ ၁၂**

ပင်လယ်နက် ဆိပ်ကမ်းများမှတစ်ဆင့် ယူကရိန်းကောက်ပဲသီးနှံများတင်ပို့နိုင်ရေးဆိုင်ရာ သဘောတူညီချက် သက်တမ်းတိုးရေးကိစ္စအတွက် လိုအပ်မည်ဆိုပါက ရုရှားသမ္မတပူတင်အနေဖြင့် မကြာမီကာလအတွင်း တူရကီသမ္မတ အာဒိုဂန်နှင့် ဆွေးနွေးနိုင်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိအချိန်တွင် ကုလသမဂ္ဂ၊ တူရကီ၊ ရုရှားနှင့် ယူကရိန်းတာဝန်ရှိသူများသည် ပင်လယ်နက်ကောက်ပဲသီးနှံ သဘောတူညီချက်ကို သက်တမ်းထပ်တိုးနိုင်ရေးအတွက် တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့၌ ဆွေးနွေးနေကြဆဲဖြစ်သည်။

ရုရှားဓာတ်မြေဩဇာနှင့်ကောက်ပဲသီးနှံပို့ကုန်များအပေါ် သတ်မှတ်ထားသည့် ကန့်သတ်ချက်များကို ဖယ်ရှားခြင်းမရှိပါက အဆိုပါ သဘောတူညီချက်ကို သက်တမ်းထပ်တိုးမည်မဟုတ်ဟု ရုရှားနိုင်ငံက ပြောကြားထားကြောင်း သိရသည်။

သို့သော် ယင်းသဘောတူညီချက်နှင့်ပတ်သက်၍ လိုအပ်လာမည်ဆိုလျှင် သမ္မတပူတင်အနေဖြင့် မကြာမီကာလအတွင်း တူရကီသမ္မတနှင့် ဆွေးနွေးနိုင်ကြောင်း ကရင်မလင်နန်းတော် ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ဗ်က မေ ၁၁ ရက်သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

ယူကရိန်း ပဋိပက္ခကြောင့် ပေါ်ထွက်လာသည့် ကမ္ဘာ့စားနပ်ရိက္ခာအကျပ်အတည်းကိုကျော်လွှားရေးအတွက် ကုလသမဂ္ဂ၊ ရုရှား၊ တူရကီနှင့် ယူကရိန်းတို့သည် ပြီးခဲ့သည့်နှစ်ဇူလိုင်လတွင် ပင်လယ်နက်ကောက်ပဲသီးနှံ သဘောတူညီချက်ကို ရယူခဲ့ကြသည်။

ယင်းသဘော တူညီချက်ကို အကောင်အထည်ဖော်ရေးအတွက် ရုရှား၊ ယူကရိန်း၊ တူရကီနှင့် ကုလသမဂ္ဂတို့က ပူးတွဲညှိနှိုင်းရေးရုံးကို တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့၌ ဖွင့်လှစ်ထားကြောင်း သိရသည်။ KKO

# ပင်လယ်နက်ရေတပ်အုပ်စုကာကွယ်ရေးစနစ်များ မြှင့်တင်ထားကြောင်း ရုရှား ပြောကြား

**မော်စကို မေ ၁၂**

ယူကရိန်း၏ မောင်းသူမဲ့လေယာဉ် တိုက်ခိုက်မှုများကြောင့် ရုရှားရေတပ်၏ ပင်လယ်နက်ရေတပ်အုပ်စုသည်ဆီဗက်စတိုပိုလ်ရေတပ်စခန်း၏ လေကြောင်းရန်ကာကွယ်ရေးစနစ်များကို မြှင့်တင်ထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရေပေါ်ရေအောက် စက်ရုပ်နည်းပညာသုံး လက်နက်စနစ်များအန္တရာယ်ကြောင့် ဆီဗက်စတိုပိုလ်ရေတပ်စခန်း၏ ကာကွယ်ရေးစနစ်များကို အဆင့်မြှင့်တင်ထားကြောင်း ပင်လယ်နက်ရေတပ်တပ်မှူးဒုတိယရေကြောင်းဗိုလ်ချုပ်ကြီး ဗစ်တာဆိုကိုလော့ဗ်က ရုရှားပြည်တွင်းမီဒီယာများသို့ ထုတ်ဖော်ပြောကြားထားကြောင်း သိရသည်။

ရုရှားနိုင်ငံက ယူကရိန်းကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် စစ်ရေးအရ တိုက်ခိုက်ခဲ့ပြီးနောက်ပိုင်း ကရိုင်းမီးယားကျွန်းဆွယ်ဒေသရှိ ဆီဗက်စတိုပိုလ်ရေတပ်စခန်းမှာ မောင်းသူမဲ့လေယာဉ်များဖြင့် မကြာခဏတိုက်ခိုက်ခံခဲ့ရကြောင်း သိရသည်။

ကရိုင်းမီးယား ကျွန်းဆွယ်၌ ဖြစ်ပွားခဲ့သည့် မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုများအတွက် တာဝန်ရှိကြောင်း ယူကရိန်းနိုင်ငံက တရားဝင်ဝန်ခံခြင်း မရှိခဲ့ကြောင်း သိရသည်။

ရုရှား၏ပင်လယ်နက် ရေတပ်အုပ်စုသည် ဆီဗက်စတိုပိုလ်ဆိပ်ကမ်းကို မိခင်အခြေစိုက်စခန်းအဖြစ်အသုံးပြုနေသော ရေတပ်အုပ်စုဖြစ်သည်။

ဒုတိယရေကြောင်းဗိုလ်ချုပ်ကြီး ဗစ်တာဆိုကိုလော့ဗ်၏ အဆိုအရ ပင်လယ်နက် ရေတပ်အုပ်စုသည် ယခုနှစ်အတွင်း စစ်သင်္ဘောသစ်လေးစီးထပ်မံရရှိမည် ဖြစ်ကြောင်း သိရသည်။ KKO

# လေယာဉ်သစ် အစင်း ၆၀၀ မှာယူရန် တူရကီလေကြောင်းလိုင်းစီစဉ်

**အင်္ကာရာ မေ ၁၂**




ယခုနှစ်ဇွန်လအတွင်း လေယာဉ်သစ်အစင်း ၆၀၀ မှာယူရန် တူရကီလေကြောင်းလိုင်းက စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက မေ ၁၁ ရက်တွင် ဖော်ပြခဲ့သည်။

တူရကီလေကြောင်းလိုင်းအတွက် လေယာဉ်သစ် အစင်း ၆၀၀ မှာယူမည့်အစီအစဉ်ကိုတူရကီလေကြောင်းလိုင်းဥက္ကဋ္ဌ အာမက်ဘိုလက်က မေ ၁၁ ရက်တွင် အတည်ပြုပြောကြားထားခြင်းဖြစ်သည်။

အကယ်၍ မှာယူမှုဖြစ်မြောက်ခဲ့ပါက တူရကီလေကြောင်းလိုင်းလေယာဉ်မှာယူမှုသည် အရပ်ဘက်လေကြောင်း သမိုင်းတစ်လျှောက်လေကြောင်းလိုင်း တစ်ခုတည်းက လေယာဉ်သစ် အများဆုံးမှာယူမှုအဖြစ် မှတ်တမ်းဝင်မည်ဖြစ်သည်။

မိမိတို့မှာယူမည့် လေယာဉ်များကို ၁၀ နှစ်အတွင်း လက်ခံရရှိမည်ဖြစ်ကြောင်း တူရကီလေကြောင်းလိုင်းဥက္ကဋ္ဌက ပြောကြားခဲ့သည်။

တူရကီ လေကြောင်းလိုင်း မတိုင်မီ ခရီးသည်တင်လေယာဉ်သစ်အများဆုံး မှာယူထားသောလေကြောင်းလိုင်းမှာ အဲအင်ဒီးယားလေကြောင်းလိုင်းဖြစ်ပြီး ပြီးခဲ့သည့်နှစ်ဒီဇင်ဘာလတွင် အဲဘတ်စ်နှင့်ဘိုးအင်းကုမ္ပဏီတို့မှ ခရီးသည်တင်လေယာဉ်သစ် အစင်း ၄၇၀ မှာယူထားသည်။

ထပ်မံမှာယူမည့် လေယာဉ်သစ်များကြောင့် တူရကီလေကြောင်းလိုင်းက ပိုင်ဆိုင်ထားသည့်ခရီးသည်တင်လေယာဉ် အရေအတွက်မှာ ၂၀၃၃ ခုနှစ်တွင် အစင်း ၈၁၀ထိ ရှိလာမည်ဖြစ်ကြောင်း သိရသည်။ KKO

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## အမေရိကန်လေတပ်၏ EC-37B အီလက်ထရွန်နစ်စစ်ဆင်ရေးသုံးလေယာဉ် ပထမဆုံးအကြိမ် စမ်းသပ်ပျံသန်းခဲ့



အမေရိကန်နိုင်ငံ L3Harris ကုမ္ပဏီသည် အမေရိကန်လေတပ်၏ရည်မှန်းချက်ထားလုပ်ဆောင်လျက်ရှိသော EC-37B Compass Call Cross Deck အီလက်ထရွန်နစ် စစ်ဆင်ရေးသုံးလေယာဉ် ပထမဆုံးစမ်းသပ်ပျံသန်းမှုကို အပြီးသတ်လုပ်ဆောင်နိုင်ခဲ့ကြောင်း မေ ၅ ရက်က သိရသည်။

အနာဂတ်အီလက်ထရွန်နစ်စစ်ဆင်ရေးမစ်ရှင်များအတွက် လေယာဉ် ၁၀ စင်းကို တပ်တော်ဝင် အသုံးပြုနိုင်ရန်အတွက် ၂၀၁၇ ခုနှစ်တွင်စတင်ခဲ့သော အမေရိကန်ကာကွယ်ရေးစီမံကိန်းတစ်ခုဖြစ်ပြီး ပထမဆုံးအကြိမ်ပျံသန်းမှုတွင် လေးနာရီကြာ စမ်းသပ်လုပ်ဆောင်နိုင်ခဲ့ကြောင်းလည်း သိရသည်။

EC-37B လေယာဉ်ကို Lockheed EC-130H လေယာဉ်နှင့် Gulfstream G550 စီးပွားဖြစ်သုံးလေယာဉ်ပုံများတွင် တပ်ဆင်ထားသည့် BAE Systems ကုမ္ပဏီထုတ် Compass Call အီလက်ထရွန်နစ်တိုက်ခိုက်ရေးလက်နက်စနစ် ပေါင်းစည်း၍ တီထွင်ထုတ်လုပ်လျက်ရှိသည်။

Compass Call ဆိုသည်မှာ ဆက်သွယ်ရေး၊ လမ်းကြောင်းပြခြင်းနှင့် ရေဒါစနစ်များကို အနှောင့်အယှက်ပြုလုပ်နိုင်မည့် လေကြောင်းချီ နည်းဗျူဟာမြောက်နည်းပညာတစ်ခုဖြစ်သည်။

အဆိုပါ ချဉ်းကပ်လုပ်ဆောင်မှုသည် ရန်သူများကို ယာဉ်များ၊ ထိန်းချုပ်မှုကွန်ရက်များနှင့် လက်နက်စနစ်များကြား ဒေတာပေးပို့ခြင်းမှတားဆီးနိုင်မည်ဖြစ်ရာ ရန်သူ၏ တိုက်ပွဲနယ်မြေကိုကန့်သတ်ရန် လုပ်ဆောင်နိုင်စွမ်းရှိမည်ဖြစ်သည်။

၁၉၈၀ ပြည့်နှစ်များကတည်းက Compass Call အီလက်ထရွန်နစ်တိုက်ခိုက်ရေးစနစ်ကို EC-130H အီလက်ထရွန်နစ်စစ်ဆင်ရေးသုံးလေယာဉ်တွင် တပ်ဆင်အသုံးပြုခဲ့ခြင်းဖြစ်သည်။

"မစ်ရှင်လိုအပ်ချက် အသစ်တွေနဲ့ ကိုက်ညီပြီး အဆင့်မြင့်ခြိမ်းခြောက်မှုတွေကို တိုက်ဖျက်ဖို့အတွက် Compass Call တိုက်ခိုက်ရေးစနစ်ဟာ အနာဂတ်မှာလေယာဉ်အမျိုးမျိုးနဲ့ ပေါင်းစပ်အသုံးပြုသွားမှာပါ"ဟု BAE Systems က ပြောကြားသည်။

"၂၁ ရာစု အီလက်ထရွန်နစ်တိုက်ခိုက်ရေးပလက်ဖောင်းတစ်ခုအနေနဲ့ စတင်အသုံးပြုနိုင်ခဲ့မယ်ဆိုရင် ဒီစနစ်ဟာ အထူးသဖြင့် EC-37B လေယာဉ်မှာ တပ်ဆင်အသုံးပြုသွားမှာဖြစ်ပါတယ်။ လေယာဉ်အသစ်မှာ အဆင့်မြင့်နည်းပညာတွေပေါင်းစပ်ထားတာကြောင့် အနာဂတ်မှာ အကွာအဝေး၊ အလျင်နှုန်းနဲ့ ပျံသန်းစစ်ဆင်နိုင်တဲ့အမြင့် စတာတွေနဲ့ပတ်သက်လို့ ဒီထက်ပိုပြီး စွမ်းဆောင်ရည်မြင့်မားလာနိုင်မှာပါ"ဟု ၎င်းက ပြောကြားခဲ့သည်။

EC-37B လေယာဉ်၏ ပထမဦးဆုံး မိတ်ဆက်ပျံသန်းမှုကို ၂၀၂၁ ခုနှစ်တွင် ပြုလုပ်ခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် အဓိကဟာ့ဒ်ဝဲပိုင်းဆိုင်ရာစက်ပစ္စည်းများကို အပြီးသတ်ပေးပို့နိုင်ခဲ့သည်။ ပထမဆုံး EC-37B လေယာဉ် နှစ်စင်းသည် ယခုနှစ်တွင် ကနဦးလည်ပတ်နိုင်မှု လုပ်ဆောင်သွားနိုင်ရေးမျှော်မှန်းထားသည်။ ထို့နောက် အဆိုပါလေယာဉ်ကို အမေရိကန်လေတပ်မှ EC-130Hs အီလက်ထရွန်နစ်တိုက်ခိုက်ရေးလေယာဉ်များနေရာတွင် အစားထိုးရန်အတွက် အမေရိကန်လေတပ်၏ အမှတ် (၅၅) အီလက်ထရွန်နစ်တိုက်ခိုက်ရေးလေယာဉ်အုပ်စုတွင် တာဝန်ပေးအပ်သွားမည်ဖြစ်သည်။

**US Air Force 'Missionized' EC-37B Electronic Warfare Aircraft Completes Maiden Flight ကို ဘာသာပြန်ဆိုထားပါသည်။**

## ဖင်လန်နိုင်ငံက NATO စစ်ရေးလေ့ကျင့်မှုတွင် မဟာမိတ်အဖွဲ့ဝင်နိုင်ငံအဖြစ် ပထမဆုံးအကြိမ်ပါဝင်ဆောင်ရွက်

ဖင်လန်နိုင်ငံသည် NATO စစ်ရေးလေ့ကျင့်မှုတွင် မဟာမိတ်အဖွဲ့ဝင်နိုင်ငံအဖြစ် ပထမဆုံးအကြိမ် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါစစ်ရေးလေ့ကျင့်မှုတွင် Leopard နှင့် Abrams တင့်ကားများအပါအဝင် စစ်သား ၇၀၀၀ ခန့်နှင့် သံချပ်ကာယာဉ် ၄၀၀ ခန့် Arrow 23 စစ်ရေးလေ့ကျင့်မှုတွင် ပါဝင်ဆင်နွှဲလျက်ရှိသည်။

ဖင်လန်နိုင်ငံတပ်ဖွဲ့များအပြင် အမေရိကန်၊ ဗြိတိန်နှင့်ဘောလ်တစ်နိုင်ငံမှတပ်ဖွဲ့များလည်း ပါဝင်ဆောင်ရွက်ကြသည်။

ကျွန်ုပ်တို့တွင် အဖွဲ့ဝင်နိုင်ငံမဖြစ်ခင်က စိတ်ထားခံယူချက်နှင့် မတူတော့ဟု ဖင်လန်စစ်ဘက်မှ တပ်မှူး ဗိုလ်ချုပ် Timo Kivinen က ပြောကြားခဲ့သည်။

"သဘောထားကပြောင်းသွားပြီ။ ကျွန်တော်တို့က NATO အဖွဲ့ဝင်နိုင်ငံဖြစ်သွားပါပြီ။ အချင်းချင်းအရေးကြုံလာရင် ခုခံကာကွယ်ပေးဖို့နဲ့ အတူတကွလုပ်ဆောင်ဖို့ တာဝန်ရှိနေပါတယ်။ ကျွန်တော်တို့ဟာ မိတ်ဖက်နိုင်ငံအဖြစ် လွန်ခဲ့တဲ့ကာလတစ်လျှောက် NATO စစ်ရေးလေ့ကျင့်မှုတွေမှာ ပါဝင်ခဲ့ကြဖူးပေမဲ့ ခုချိန်ပါဝင်လာတာကတော့ မဟာမိတ်အဖွဲ့ဝင်နိုင်ငံအနေနဲ့ဖြစ်ပါတယ်။ ဒါဟာ ဖင်လန်မှာကော ပြည်ပမှာပါ စစ်ရေးလေ့ကျင့်မှုတွေပြုလုပ်လာနိုင်ပြီဆိုတဲ့သဘော သက်ရောက်နေပါတယ်"ဟု မေ ၉ ရက်က တက်ရောက်ကြည့်ရှုခဲ့သော NATO စစ်ရေးလေ့ကျင့်မှုတွင် ဖင်လန်စစ်ဘက်မှတပ်မှူး ဗိုလ်ချုပ် Timo Kivinen က ပြောကြားသည်။

ဖင်လန်နိုင်ငံ အနောက်တောင်ပိုင်းရှိ လေ့ကျင့်ရေးကွင်းတွင်ပြုလုပ်သည့်အဆိုပါ စစ်ရေးလေ့ကျင့်မှုသည် မေ ၁ ရက်က စတင်ခဲ့ပြီး မေ ၁၄ ရက်ထိ ကြာမြင့်မည်ဖြစ်သည်။ ၎င်းတို့တွင် Warrior (စစ်သည်တော်)၊ ခြေလျင်တိုက်ခိုက်ရေးယာဉ်များ (U.K.)၊ Pasi သံချပ်ကာလူသယ်ယာဉ် (လတ်ဗီးယား)၊ M113 သံချပ်ကာလူသယ်ယာဉ်များ(လစ်သူယေးနီးယား)၊ CV90 ခြေလျင်တိုက်ခိုက်ရေးယာဉ်များ (အက်စ်တိုးနီးယား)၊ Bradley ခြေလျင်တိုက်ခိုက်ရေးယာဉ်များနှင့် Abrams တင့်ကားများ(အမေရိကန်)နှင့် Leopard 2 တင့်ကားများ(ဖင်လန်)တို့ အသီးအသီးပါဝင်လျက်ရှိသည်။

Arrow 23 လေ့ကျင့်မှု၏ ရည်ရွယ်ချက်မှာ တိုက်ပွဲအခြေအနေများဖြစ်ပေါ်လာပါက ယန္တရားတင်ခြေလျင်တပ်ဖွဲ့များ၏ ပေါင်းစပ်တိုက်ပွဲဝင်နိုင်မှုကို မြင့်မားကောင်းမွန်စေရန်ဖြစ်သည်။ အဆိုပါလေ့ကျင့်မှုကို သံချပ်ကာတပ်မဟာမှူး ဗိုလ်မှူးကြီး Rainer Kuosmanen က ကြီးကြပ်ကွပ်ကဲလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဖင်လန်စစ်ဘက်၏ တရားဝင်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။



"လေ့ကျင့်မှုတွေမှာ လေတပ်နဲ့ ကြည်းတပ်ရဲ့ လေကြောင်းပျံသန်းမှုစစ်ဆင်ရေးတွေလဲပါဝင်မှာဖြစ်ပါတယ်"ဟု ဖင်လန်စစ်ဘက်က ပြောကြားခဲ့သည်။

**Finland participates in NATO drills for the first time as Alliance's member ကို ဘာသာပြန်ဆိုထားပါသည်။**

## ဆီးရီးယားနိုင်ငံကို အဆင့်မြင့်ကာကွယ်ရေးလက်နက်များပေးအပ်ရန် အီရန်ဆန္ဒရှိနေ



အီရန်က ၎င်း၏ အဆင့်မြင့်ဆုံးကာကွယ်ရေးလက်နက်များကို ဆီးရီးယားသို့ ပေးအပ်ရန်ဆန္ဒရှိကြောင်း အီရန်ကာကွယ်ရေးဝန်ကြီး Mohammad-Reza Ashtiani က မေ ၆ ရက်တွင် ပြောကြားခဲ့ကြောင်း ရုရှားနိုင်ငံပိုင် sputnikglobe.com သတင်းဌာနက မေ ၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

နယ်ပယ်အသီးသီးတွင် ဆီးရီးယားနိုင်ငံပြန်လည်ထူထောင်ရေးခေတ် ပြန်လည်စတင်နေပြီဖြစ်ပြီး အီရန်အစ္စလာမ်သမ္မတနိုင်ငံ၊ ကာကွယ်ရေးနှင့် လက်နက်ကိုင်တပ်ဖွဲ့ထောက်ပံ့ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ဆီးရီးယားအာရပ်တပ်မတော်အတွက် အဆင့်မြင့်ကာကွယ်ရေးလက်နက်ပစ္စည်းကိရိယာများထုတ်လုပ်ပေးအပ်ရန် အဆင်သင့်ဖြစ်နေပြီဟု Ashtiani က ဆီးရီးယားကာကွယ်ရေးဝန်ကြီး Ali Mahmoud Abbas နှင့် တွေ့ဆုံစဉ် ပြောကြားခဲ့ကြောင်း အီရန်မီဒီယာများက ဖော်ပြခဲ့ကြသည်။

ဘက်စုံသုံး ကာကွယ်ရေးအခြေခံအဆောက်အအုံများ ဖန်တီးတည်ဆောက်နိုင်ရန် မဟာဗျူဟာမြောက်ကာကွယ်ရေးလက်နက်များထုတ်လုပ်ရောင်းချခြင်းဆိုင်ရာစက်ရုံများ တည်ဆောက်ခြင်းနှင့်ပတ်သက်၍ ဆီးရီးယားနိုင်ငံတို့နှင့်ပူးပေါင်းဆောင်ရွက်ရန် အီရန်နိုင်ငံကအဆင်သင့်ရှိကြောင်း Ashtiani က အလေးပေးပြောကြားခဲ့သည်။ နိုင်ငံ၏ စစ်ရေးစွမ်းအားကိုခိုင်မာအားကောင်းစေပြီး ဆီးရီးယားပြည်သူများ၏လုံခြုံရေးကို အကာအကွယ်ပေးနိုင်မည်ဟုဆိုသည်။

တစ်ချိန်တည်းမှာပင် အီရန်စစ်ဘက်၏ စစ်ဦးစီးချုပ် Mohammad Bagheri က အီရန်သည် အိုမန်စူလတန်နိုင်ငံနှင့်အတူ အကြမ်းဖက်ဝါဒနှိမ်နင်းရေး၊ ခေတ်မီတိုက်ပွဲများဆင်နွှဲရာတွင် မြောက်မြားစွာသော အတွေ့အကြုံများကို မျှဝေရန်အသင့်ရှိကြောင်း ပြောကြားခဲ့သည်။

"အီရန်ရဲ့ အစ္စလာမ့်သမ္မတနိုင်ငံဟာ အကြမ်းဖက်ဝါဒကိုတိုက်ဖျက်ရာမှာ အတွေ့အကြုံများစွာရှိပြီး ခေတ်မီတိုက်ပွဲတွေဆင်နွှဲခဲ့တာ၊ စစ်လက်နက်ပစ္စည်းတွေကို တီထွင်ဖန်တီးတာတွေ မျှဝေဖို့ပြင်ဆင်နေပါတယ်"ဟု အီရန်ဗိုလ်ချုပ်ကြီး၏ ပြောကြားချက်ကို နိုင်ငံပိုင်မီဒီယာက ရေးသားဖော်ပြခဲ့သည်။

**Iran Willing to Provide Advanced Defense Weapons to Syria ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**




## ပရီးမီးယားလိဂ် ပွဲစဉ် (၃၆) ပွဲကြိုသုံးသပ်ချက်များ

ML

**အဲဗာတန် Vs မန်စီးတီး**

**ကစားမည့်ရက်/အချိန် ၁၄-၅-၂၀၂၃ (ည ၁၀း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မန်စီးတီး ၁ - ၁ အဲဗာတန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| အဲဗာတန် | – | အိမ်(ရှုံး) | ဝေး(သရေ) | ဝေး(နိုင်) |
| မန်စီးတီး | – | အိမ်(နိုင်) | အိမ်(နိုင်) | ဝေး(သရေ) |

အဲဗာတန်အသင်းဟာ ပြီးခဲ့တဲ့ပွဲမှာ ဘရိုက်တန်ကိုဂိုးပြတ်နိုင်ခဲ့တာကြောင့် တန်းဆင်းဇုန်ကလွတ်ဖို့ အခွင့်အရေးရသွားပေမဲ့ ခံစစ်ပိုင်းအားနည်းချက်က အခုပွဲစဉ်မှာရှုန်းကန်ရမှာပါ။ လက်ရှိ မန်စီးတီးကတော့ ချန်ပီယံဆုကာကွယ်ဖို့ အမှားခံလို့မရတာကြောင့် တိုက်စစ်မြှင့်ဖိအားပေးပြီး အနိုင်ရဖို့ကြိုးစားမှာဖြစ်ပါတယ်။ ဒါကြောင့် ကစားသမားစုဖွဲ့မှုနဲ့ တွေ့ဆုံမှုမှာ အသာရနေတဲ့ မန်စီးတီးအသင်းအနိုင်သေချာပါတယ်။

**အင်တာနက်ခန့်မှန်း – အဲဗာတန် ၁ – ၃ မန်စီးတီး**

**ဘရန့်ဖို့ဒ် Vs ဝက်စ်ဟမ်း**

**ကစားမည့်ရက်/အချိန် ၁၄-၅-၂၀၂၃ (ည ၇း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘရန့်ဖို့ဒ် ၀ – ၁ ဝက်စ်ဟမ်း**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဘရန့်ဖို့ဒ် | – | ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(ရှုံး) |
| ဝက်စ်ဟမ်း | – | ဝေး(ရှုံး) | အိမ်(နိုင်) | အိမ်(နိုင်) |

ဘရန့်ဖို့ဒ်အသင်းဟာ အသင်းလိုက်ကစားပုံကောင်းမွန်နေသလို နောက်ဆုံး အိမ်ကွင်းနှစ်ပွဲဆက်မှာလဲ ရှုံးပွဲမရှိဘဲ ပွဲတိုင်းဂိုးရခဲ့တာဖြစ်ပါတယ်။ တန်းဆင်းဇုန်ကလွတ်ဖို့သေချာနေတဲ့ ဝက်စ်ဟမ်းအသင်းကတော့ ကြားရက်က ယူရိုပါလိဂ်ကစားထားရလို့ ပွဲပန်းမှုရှိနေမှာပါ။ ဒါကြောင့် အိမ်ကွင်းနိုင်ပွဲရှာဖွေရမဲ့ ဘရန့်ဖို့ဒ်အသင်းနဲ့ လက်တွဲရမှာပါ။

**အင်တာနက်ခန့်မှန်း – ဘရန့်ဖို့ဒ် ၂ – ၁ ဝက်စ်ဟမ်း**

## အီတလီစီးရီးအေ ပွဲစဉ် (၃၅) ပွဲကြိုသုံးသပ်ချက်

ML

**ဘိုလော့နာ Vs ရိုးမား**

**ကစားမည့်ရက်/အချိန် ၁၄-၅-၂၀၂၃ (ည ၁၀း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ရိုးမား ၁ – ၀ ဘိုလော့နာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဘိုလော့နာ | – | အိမ်(သရေ) | ဝေး(ရှုံး) | ဝေး(သရေ) |
| ရိုးမား | – | ဝေး(သရေ) | အိမ်(ရှုံး) | အိမ်(နိုင်) |

ဘိုလော့နာအသင်းဟာ အသင်းလိုက်ကစားအားကောင်းပေမဲ့ ဒဏ်ရာရကစားသမားများနေတာကြောင့် နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်ပိုင်းတည်ငြိမ်မှုမရှိတာကို တွေ့ရမှာပါ။ လက်ရှိ ရိုးမားကတော့ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ရမှတ်လိုအပ်နေတာကြောင့် အခုပွဲစဉ်ကို တိုက်စစ်မြှင့်ကစားလာမှာပါ။ ဒါ့ပြင် ထိပ်တိုက်တွေ့ဆုံမှုမှာလဲ ရိုးမားပဲအသာရထားတာကြောင့် အဝေးကွင်းနိုင်ပွဲရှာမဲ့ ရိုးမားကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း – ဘိုလော့နာ ၀ – ၁ ရိုးမား**

## အားကစားသတင်း အတိုအထွာများ

- ဂျူဗင်တပ်အသင်းက အသင်းမှထွက်ခွာရန်ဆုံးဖြတ်ထားသည့် တောင်ပံကစားသမား ဒီမာရီယာကို သက်တမ်းတိုးရန် ထပ်မံကြိုးပမ်းနေကြောင်း သိရသည်။
- ဘာစီလိုနာအသင်းက ဘောလုံးရာသီကုန်တွင် အသင်းမှထွက်ခွာမည့် ဘက်စ်ကွက်၏နေရာတွင် ဖီအိုရင်တီးနားကစားသမား အမရာဘတ်နှင့် အစားထိုးရန်ပစ်မှတ်ထားလျက်ရှိသည်။ ML

## FWA Men's Footballer of the Year ဆုအပြင် ပြေီလအတွက် တစ်လတာအကောင်းဆုံးကစားသမားဆုကို ဟာလန်းရရှိ




**လန်ဒန် မေ ၁၂**

မန်စီးတီးအသင်း တိုက်စစ်မှူး ဟာလန်းသည် ဘောလုံးကလောင်ရှင်အဖွဲ့အစည်း(Football Writer's Association(FWA))က ချီးမြှင့်ပေးအပ်သည့် FWA Men's Footballer of the Year 2023 ဆုအပြင် ဧပြီလအတွက် ပရီးမီးယားလိဂ်ပြိုင်ပွဲ၏တစ်လတာအကောင်းဆုံး ကစားသမားဆုကိုပါ ဆွတ်ခူးနိုင်ခဲ့သည်ဟု Bleacher Report Football က ယနေ့တွင် ဖော်ပြခဲ့သည်။

ယခုနှစ် ဘောလုံးရာသီတွင် ဒေါ့မွန်အသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သည့် ဟာလန်းသည် အသင်းနှင့်အတူ ထိပ်တန်းအဆင့်ရှိခြေစွမ်းပြသနိုင်ခဲ့ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲ ၃၂ ပွဲကစားထားပြီး ၃၅ ဂိုးထိသွင်းယူနိုင်ခဲ့ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပထမဆုံးဘောလုံးရာသီ၌တွင် FWA Men's Footballer of the Year 2023 ဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

FWA Men's Footballer of the Year 2023 ဆုအတွက် ဟာလန်း၏နောက်တွင် အာဆင်နယ်အသင်းမှ ဆာကာက ဒုတိယဆု၊ အိုဒီဂတ်က တတိယဆု၊ မန်စီးတီးအသင်းမှ ဒီဘရိုင်းက စတုတ္ထဆုနှင့် မန်ယူအသင်းမှ ရက်ရှ်ဖို့ဒ်က ပဉ္စမဆု အသီးသီးဆွတ်ခူးခဲ့ကြပြီး FWA Women's Footballer of the Year 2023 ဆုကို ချဲလ်ဆီးအမျိုးသမီးအသင်း တိုက်စစ်မှူး ဆမ်ခါးလ်က ဆွတ်ခူးနိုင်ခဲ့သည်။

အလားတူ ဟာလန်းသည် ဧပြီလအတွင်း ပရီးမီးယားလိဂ်ပွဲစဉ် လေးပွဲကစားခဲ့ရာတွင် ခုနစ်ဂိုးထိသွင်းယူနိုင်ခဲ့ပြီးနောက် ဧပြီလအတွက် တစ်လတာအကောင်းဆုံးကစားသမားဆုကိုပါ ဆွတ်ခူးနိုင်ခဲ့ပြီး ဧပြီလအတွက် တစ်လတာအကောင်းဆုံးနည်းပြဆုကို မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာကို ကျော်ဖြတ်ပြီး အေဗီလာအသင်းကို ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် နည်းပြ အမ်မရီက ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။ STA

## ဂိုးသမား မာတီနက်ဇ်ကိုခေါ်ယူမည့်အသင်းများတွင် မန်ယူနှင့် ချဲလ်ဆီးအသင်းတို့ပါဝင်လာ

**လန်ဒန် မေ ၁၂**

အေဗီလာအသင်းနှင့်လက်စွမ်းပြကစားနေသည့် ဂိုးသမားမာတီနက်ဇ်သည် ယခုနှစ်ဘောလုံးရာသီကုန်တွင် အသင်းမှထွက်ခွာမည်ဖြစ်သောကြောင့် ပရီးမီးယားလိဂ် အသင်းကြီးများဖြစ်သည့် မန်ယူအသင်းနှင့် ချဲလ်ဆီးအသင်းတို့က ၎င်းကိုခေါ်ယူရန် အပြိုင်ကြိုးပမ်းလာခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၀ ရှိ ဂိုးသမားမာတီနက်ဇ်သည် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အာဂျင်တီးနားအသင်းကို ချန်ပီယံဆုဖလားရရှိအောင် အဓိကနေရာမှ ပါဝင်ကူညီနိုင်ခဲ့သည့်အပြင် ပြိုင်ပွဲတစ်လျှောက်အကောင်းဆုံးဂိုးသမားဆုကို ရရှိခဲ့ပြီးနောက် ဥရောပထိပ်သီးကလပ်များ၏စိတ်ဝင်စားမှုကိုခံခဲ့ရပြီးနောက် အေဗီလာအသင်းနည်းပြ အမ်မရီကလည်း ၎င်းကိုရောင်းချသွားမည်ဟု အတည်ပြုပြောကြားခဲ့ရာ မန်ယူအသင်းနှင့် ချဲလ်ဆီးအသင်းတို့က ဂိုးသမားလိုအပ်ချက်အတွက် မာတီနက်ဇ်ကိုခေါ်ယူရန် အပြိုင်ကြိုးပမ်းခဲ့ကြောင်း သိရသည်။

လက်ရှိတွင် မန်ယူအသင်းသည် ဂိုးသမားဒီဂီယာနှင့် သက်တမ်းတိုးနိုင်သော်လည်း ၎င်းအနေဖြင့် လက်စွမ်းပိုင်း ကျဆင်းလာသောကြောင့် လာမည့်အပြောင်းအရွှေ့တွင် ဂိုးသမားတစ်ဦး ထပ်မံခေါ်ယူရန်ဆုံးဖြတ်ထားသကဲ့သို့ ချဲလ်ဆီးအသင်းကလည်း အသင်းမှထွက်ခွာမည့် ဂိုးသမားမန်ဒီ၏နေရာတွင် မာတီနက်ဇ်ကို အစားထိုးရန် ပြင်ဆင်လာခဲ့ရာ အပြိုင်ကမ်းလှမ်းမှုပြုလုပ်ရမည်ဖြစ်သည်။

ဂိုးသမား မာတီနက်ဇ်သည် အေဗီလာအသင်းနှင့်လာမည့် ၂၀၂၅ ခုနှစ်မှ စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း အသင်းအနေဖြင့် စာချုပ်ဖျက်သိမ်းကြေး ထည့်သွင်းချုပ်ဆိုခြင်းမရှိဘဲ လာမည့်နွေရာသီတွင် ရောင်းချရန်ဆုံးဖြတ်ထားပြီး ၎င်း၏ဈေးကွက်တန်ကြေးမှာ စတာလင်ပေါင် ၂၃ သန်းဝန်းကျင်သာရှိသော်လည်း အသင်းတာဝန်ရှိသူများက စတာလင်ပေါင် သန်း ၅၀ ဝန်းကျင်ရရှိပါက ရောင်းချမည်ဖြစ်ကြောင်း သိရသည်။ ML

## အာဆင်နယ်အသင်းက ဂိုးသမား အာရွန်ရမ်ဒေးလ်ကို ၂၀၂၈ ခုနှစ်ထိ သက်တမ်းတိုးစာချုပ်ချုပ်ဆို

**လန်ဒန် မေ ၁၂**

ယခုနှစ် ဘောလုံးရာသီတွင် အသင်းအတွက် လက်စွမ်းပြကစားနေသည့် ဂိုးသမားအာရွန်ရမ်ဒေးလ်ကို အာဆင်နယ် အသင်းတာဝန်ရှိသူများက လာမည့် ၂၀၂၈ ခုနှစ်ထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်ခဲ့ကြောင်း The Athletic သတင်းစာက ယနေ့တွင် ဖော်ပြခဲ့သည်။

အာရွန်ရမ်ဒေးလ်သည် ၂၀၂၁ ခုနှစ်က ရှက်ဖီးလ်(U) အသင်းမှ အာဆင်နယ်အသင်းသို့ လေးနှစ်စာချုပ်ဖြင့်ပြောင်းရွှေ့ခဲ့ပြီး ၂၀၂၅ ခုနှစ်မှ စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း ၎င်းသည် အသင်းသို့ စရောက်ကတည်းက ပထမဦးစားပေး ဂိုးသမားအဖြစ် ပါဝင်ခွင့်ရခဲ့ပြီး ပုံစံကောင်းပြသနိုင်ခဲ့သည့်အပြင် ယခုနှစ်ဘောလုံးရာသီတွင်လည်း အသင်းကိုရလဒ်ကောင်းများရရှိအောင် အဓိကနေရာမှ ပါဝင်ကူညီနိုင်ခဲ့သောကြောင့် အသင်းတာဝန်ရှိသူများက စာချုပ်သက်တမ်းတိုးရန် ဆုံးဖြတ်ခဲ့ပြီး လာမည့် ၂၀၂၈ ခုနှစ်ထိစာချုပ်သစ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။



ထို့ပြင် ဂိုးသမား အာရွန်ရမ်ဒေးလ်သည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အသင်းကို ဂိုးမပေးရသည့်ပွဲ ၁၃ ကြိမ်ထိ ရရှိအောင် စွမ်းဆောင်ထားနိုင်သဖြင့် မန်ယူအသင်းမှ ဂိုးသမား ဒီဂီယာ ၁၅ ကြိမ်နောက်တွင် ဒုတိယအကောင်းဆုံး ဂိုးသမားအဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

ML

# ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်း ဗိုလ်လုပွဲတက်ရောက်



**ရန်ကုန် မေ ၁၂**

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ(ဆီးဂိမ်းပြိုင်ပွဲ)အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၆ နာရီက မြန်မာအမျိုးသမီး အသင်းနှင့် ထိုင်းအမျိုးသမီးအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာအမျိုးသမီးအသင်းက လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ထိုင်းအသင်းက ခြေစွမ်းပိုင်းအသာဖြင့်ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၁၁ မိနစ်တွင် Saowalak Pengngam၊ ပွဲချိန် ၁၈ မိနစ်တွင် Orapin Waenngoen ကလည်းကောင်း ထိုင်းအသင်းအတွက် ဦးဆောင်ဂိုးများသွင်းယူနိုင်ခဲ့သည်။

မြန်မာအမျိုးသမီးအသင်းကလည်း ဦးဆောင်ဂိုးနှစ်ဂိုးပေးခဲ့ရပြီး ပြန်လည်တိုက်စစ်ဖွင့်ကစားခဲ့ရာမှ ပွဲချိန် ၄၃ မိနစ်တွင် ရှုပါခိုင်က ချေပဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် ထိုင်းအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် မြန်မာအသင်းကလည်း ချေပဂိုးနှင့် ဦးဆောင်ဂိုးများအတွက် ထိုင်းအသင်းကိုအကောင်းဆုံး ပြန်လည်ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲအစ ၄၈ မိနစ်တွင် ဝင်းသီတာထွန်းက ချေပဂိုးနှင့် ပွဲချိန် ၅၃ မိနစ်တွင် စန်းသော်သော်က ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။

ထိုင်းအသင်းက ချေပဂိုးနှင့် ဦးဆောင်ဂိုး ပေးခဲ့ရပြီးနောက် ပြန်လည် ဖိအားပေးကစားရန် ကြိုးပမ်းခဲ့သော်လည်း မြန်မာအသင်း ခံစစ်ပိုင်းကို ကျော်ဖြတ်ရန်ခက်ခဲခဲ့ပြီး မိနစ် ၉၀ ပြည့်ခဲ့ပြီးနောက် နာကျင်အချိန်ပို နှစ်မိနစ်တွင် မြတ်နိုးခင်က မြန်မာအသင်းအတွက် အနိုင်သေချာစေမည့် သွင်းဂိုးကို သွင်းယူပေးနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် မြန်မာအသင်းက ထိုင်းအသင်းကို လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

STA

# DP World Tour အဖွဲ့ဝင်ကစားသမားအဖြစ်မှ ဟန်ရစ်စတန်ဆင် နုတ်ထွက်



**တော့ဟမ်း မေ ၁၂**

Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲဝင်မည့် ဥရောပအသင်း၏ အသင်းခေါင်းဆောင်အဖြစ် တာဝန်ပေးအပ်ခံခဲ့ရဖူးသည့် ဥရောပအဆင့်(၁) ဂေါက်သီးရိုက်ကစားသမားဟောင်းဖြစ်သူ ဆွီဒင်ဂေါက်သီးရိုက်ကစားသမား ဟန်ရစ်စတန်ဆင်သည် DP World Tour တွင် ပြိုင်ပွဲဝင်မည့် ကစားသမားအဖြစ်မှတ်ပုံတင်ထားရာမှ နုတ်ထွက်လိုက်ပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာသွားခဲ့သည်ဟု Belfast သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

DP World Tour သည် LIV Golf အဖွဲ့ချုပ်ကကျင်းပသည့် ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်သည့် ကစားသမားများကို အရေးယူမှုပြုလုပ်နေသည့် အတွက်ကြောင့် ဟန်ရစ်စတန်ဆင်က DP World Tour အဖွဲ့ဝင်ကစားသမားအဖြစ်မှနုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

DP World Tour သည် အဖွဲ့ချုပ်တွင် မှတ်ပုံတင်ထားသည့် ကစားသမား ၂၆ ဦးကို LIV Golf အဖွဲ့ချုပ်ကကျင်းပသောဂေါက်သီးရိုက်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်မှုကြောင့် DP World Tour ပြိုင်ပွဲရစ်ရပ်တွင် ပါဝင်ယှဉ်ပြိုင်ခွင့်ပိတ်ပင်သည့် ပြစ်ဒဏ်ချမှတ်ခဲ့သလို ဒဏ်ကြေးငွေအဖြစ် စတာလင်ပေါင် ၁၂၅၀၀ မှ စတာလင်ပေါင် ၁၀၀၀၀၀ ထိ ပေးဆောင်ရန် ပြစ်ဒဏ်ချမှတ်ခဲ့သည်။

ဟန်ရစ်စတန်ဆင်က DP World Tour အဖွဲ့ချုပ်အနေဖြင့် အဖွဲ့ဝင် ကစားသမားများအပေါ် ချမှတ်ခဲ့သည့် ပြစ်ဒဏ်မှာထင်မှတ်မထားသည့် ပြစ်ဒဏ်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

ဟန်ရစ်စတန်ဆင်က "အရေးယူခံရမယ်ဆိုတာကိုသိထားပါတယ်။ ဒါပေမဲ့လဲ ဒီလောက်ထိကြီးလေးတဲ့ ပြစ်ဒဏ် ချမှတ်လိမ့်မယ်လို့တော့ မျှော်လင့်မထားပါဘူး။ အဖွဲ့ချုပ်အနေနဲ့ ကျွန်တော့်ကိုရွေးချယ်စရာမရှိအောင်လုပ်ခဲ့တာပါ။ ဒါကြောင့် အဖွဲ့ဝင် ကစားသမားအဖြစ်ကနေ နုတ်ထွက်ဖို့ဆုံးဖြတ်လိုက်တာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# Italian Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ ဆိုဖီယာကီနင် တက်ရောက်

**ရိုးမား မေ ၁၂**

အီတလီနိုင်ငံ ရိုးမားမြို့တွင် ကျင်းပနေသည့် Italian Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ဘီလာရုစ်တင်းနစ်မယ် ဆာဘာလင်ကာနှင့် အမေရိကန်တင်းနစ်မယ် ဆိုဖီယာကီနင်တို့ ယှဉ်ပြိုင်ကစားသွားခဲ့ရာ ဆိုဖီယာကီနင်က (၇-၆ ၊ ၆-၂) ရလဒ်ဖြင့်အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း TOE သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဆာဘာလင်ကာသည် ပြီးခဲ့သည့် ရက်သတ္တပတ်က စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် ကျင်းပခဲ့သည့် Mutua Madrid Open တင်းနစ်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်(၁) တင်းနစ်မယ် စဝီယာတက်ခ်ကို အနိုင်ရပြီး ချန်ပီယံဆုကိုဆွတ်ခူးထားသူဖြစ်သည်။

ဆာဘာလင်ကာ အနေဖြင့် Italian Open တင်းနစ်ပြိုင်ပွဲတွင်လည်း စဝီယာတက်ခ်နှင့်အတူ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရန် ရေပန်းစားနေသော်လည်း ဆိုဖီယာကီနင်က အကောင်းဆုံးလက်စွမ်းပြခဲ့သည့်အတွက် ဆာဘာလင်ကာအနေဖြင့် ဒုတိယအဆင့်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

ဆိုဖီယာကီနင်က "ဆာဘာလင်ကာလို ကစားသမားမျိုးကို အနိုင်ကစားနိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ ကျွန်မအတွက် တကယ့်ကိုခက်ခဲတဲ့ ပွဲစဉ်တစ်ပွဲဖြစ်ပါတယ်။ စွမ်းဆောင်ရည်မြင့်မားတဲ့ ပြိုင်ဘက်ကစားသမားတစ်ယောက်ကို အနိုင်ရခဲ့တဲ့အတွက် ကိုယ့်ကိုယ်ကိုယ်ဂုဏ်ယူမိတယ်။ ကျွန်မမှာရှိတဲ့ စွမ်းဆောင်ရည်တွေကိုအသုံးချနိုင်အောင်လဲ အာရုံစိုက်ခဲ့ရတယ်။ စပေးဘောလဲ အရမ်းကောင်းခဲ့သလို တစ်ဖက်ကစားသမားရဲ့ စပေးဘောကိုလဲ အကောင်းဆုံးတုံ့ပြန်နိုင်ခဲ့ပါတယ်။ ကျွန်မရဲ့ကစားသမားဘဝတစ်လျှောက် အကောင်းဆုံးကစားနိုင်ခဲ့တဲ့ ပွဲစဉ်တွေထဲကတစ်ပွဲဖြစ်လိမ့်မယ်။ တတိယအဆင့်မှာလဲ အခုလိုပဲ အကောင်းဆုံးကစားနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့သည်။

ဆိုဖီယာကီနင်သည် တတိယအဆင့်တွင် ယူကရိန်းတင်းနစ်မယ် ကာလီနီနာနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ပြီး ကာလီနီနာသည် ဒုတိယအဆင့်တွင် ရုရှားတင်းနစ်မယ် ဘလင်ကိုဗာအား အနိုင်ရရှိကာ တတိယအဆင့်သို့တက်ရောက်ခဲ့ကြောင်း သိရသည်။

AZL

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၃၂) ပွဲကြိုသုံးသပ်ချက်များ

STA

စတုဂတ် Vs လေဗာကူဆင်

**ကစားမည့်ရက်/အချိန် ၁၄-၅-၂၀၂၃ (ည ၁၀း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လေဗာကူဆင် ၂ - ၀ စတုဂတ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **စတုဂတ်** | – | **အိမ်(နိုင်)** | **အိမ်(ရှုံး)** | **ဧး(ရှုံး)** |
| **လေဗာကူဆင်** | – | **ဧး(သရေ)** | **အိမ်(ရှုံး)** | **ဧး(ရှုံး)** |

လေဗာကူဆင်အသင်းဟာ ဥရောပဝင်ခွင့်တစ်နေရာအတွက် မျှော်လင့်ချက်ရှိနေသလို စတုဂတ်အသင်းကလဲတန်းဆင်းဇုန်ဖိအားကြောင့် ရုန်းကန်နေပါတယ်။ ဒါပေမဲ့ စတုဂတ်အသင်းရဲ့ခြေစွမ်းပိုင်းက တည်ငြိမ်မှုမရှိဘဲ ရုန်းကန်နေရပါတယ်။ လေဗာကူဆင်အသင်းကလဲ နောက်ပိုင်းပွဲစဉ်တွေမှာခြေစွမ်းပိုင်းပြန်လည်ကောင်းမွန်နေလို့ အဝေးကွင်းဆိုပေမဲ့ ခြေစွမ်းပိုင်းသာလွန်မှုရှိတဲ့ လေဗာကူဆင်အသင်းကိုပဲအားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - စတုဂတ် ၀ - ၂ လေဗာကူဆင်**

လိုက်ပ်ဇစ် Vs ဝါဒါဘရီမင်

**ကစားမည့်ရက်/အချိန် ၁၄-၅-၂၀၂၃ (ည ၁၀း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဝါဒါဘရီမင် ၁ - ၂ လိုက်ပ်ဇစ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **လိုက်ပ်ဇစ်** | – | **အိမ်(နိုင်)** | **ဧး(နိုင်)** | **ဧး(နိုင်)** |
| **ဝါဒါဘရီမင်** | – | **ဧး(နိုင်)** | **ဧး(ရှုံး)** | **အိမ်(ရှုံး)** |

လိုက်ပ်ဇစ်အသင်းဟာ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ရမှတ်လိုအပ်ချက်တွေရှိနေလို့ အိမ်ကွင်းမှာ ရမှတ်ပြည့်ရရှိအောင်ကြိုးစားလာမှာပါ။ နှစ်ပွဲဆက်ရှုံးနိမ့်ထားတဲ့ ဝါဒါဘရီမင်အသင်းရဲ့ခြေစွမ်းပိုင်းကလဲတည်ငြိမ်မှုမရှိဘဲ ရုန်းကန်နေရလို့ လိုက်ပ်ဇစ်အသင်းတိုက်စစ်ပိုင်းကို ထိန်းချုပ်ဖို့ခက်ခဲမှာပါ။ ဒါကြောင့် ဒီပွဲမှာခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ လိုက်ပ်ဇစ်အသင်းပဲအနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - လိုက်ပ်ဇစ် ၃ - ၁ ဝါဒါဘရီမင်**

# ပြင်သစ်လီဂူး ပွဲစဉ် (၃၅) ပွဲကြိုသုံးသပ်ချက်များ

STA

ကလဲယားမောင့် Vs လိုင်ယွန်

**ကစားမည့်ရက်/အချိန် ၁၄-၅-၂၀၂၃ (ညနေ ၀၅း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လိုင်ယွန် ၀ - ၁ ကလဲယားမောင့်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ကလဲယားမောင့်** | – | **ဧး(နိုင်)** | **အိမ်(နိုင်)** | **ဧး(သရေ)** |
| **လိုင်ယွန်** | – | **အိမ်(ရှုံး)** | **ဧး(နိုင်)** | **အိမ်(နိုင်)** |

လိုင်ယွန်အသင်းက ဥရောပဝင်ခွင့်တစ်နေရာအတွက် မျှော်လင့်ချက်ရှိနေလို့ အဝေးကွင်းဆိုပေမဲ့ အမှားခံမှာမဟုတ်ပါဘူး။ ကလဲယားမောင့်အသင်းကလဲ နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်တွေကောင်းနေတယ်ဆိုပေမဲ့ ခံစစ်ပိုင်းကစိတ်ချလို့မရပါဘူး။ ဒါကြောင့် ဒီပွဲမှာ တိုက်စစ်ပိုင်းပိုမိုအားကောင်းတဲ့ လိုင်ယွန်အသင်းပဲ နိုင်ပွဲဆက်သွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - ကလဲယားမောင့် ၁ - ၂ လိုင်ယွန်**

မိုနာကို Vs လိုင်လီ

**ကစားမည့်ရက်/အချိန် ၁၄-၅-၂၀၂၃ (ည ၀၉း၃၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လိုင်လီ ၄ - ၃ မိုနာကို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **မိုနာကို** | – | **ဧး(ရှုံး)** | **အိမ်(ရှုံး)** | **ဧး(နိုင်)** |
| **လိုင်လီ** | – | **ဧး(သရေ)** | **အိမ်(နိုင်)** | **ဧး(ရှုံး)** |

နှစ်သင်းစလုံးအတွက် ဥရောပဝင်ခွင့်တစ်နေရာမျှော်လင့်ချက်ရှိနေလို့ နောက်ပိုင်းပွဲစဉ်တွေမှာ သေချာပြင်ဆင်ကစားနေပေမဲ့ ရလဒ်ပိုင်းဆိုးရွားနေဆဲဖြစ်ပါတယ်။ မိုနာကိုအသင်းကတော့ အိမ်ကွင်းဆိုရင်အသင်းလိုက်ကစားပုံတည်ငြိမ်မှုရှိလို့ လိုင်လီအသင်းကို ဖိအားပေးကစားနိုင်မှာပါ။ ဒါကြောင့် ဒီပွဲမှာ အိမ်ရှင်အားသာချက်နဲ့ဖိအားပေးကစားလာမဲ့ မိုနာကိုအသင်းကိုပဲအားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - မိုနာကို ၃ - ၂ လိုင်လီ**

# သူဌေးဖြစ်ရခြင်း၏ လျှို့ဝှက်ချက်

မြင်းခြံကျော်အောင်

သူဌေးမဖြစ်ချင်သူ လောကမှာ မရှိဘူးလို့ စာဖတ်သူတွေက ယူဆပေမဲ့ ဒီလိုယူဆရင် နည်းနည်းတော့ လွဲနေတယ်လို့ စာရေးသူက ပြောပါရစေ။ ဘာကြောင့်လဲဆိုတော့ လူတွေဟာ သူဌေးဖြစ်အောင် ကြိုးစားဖို့ထက် သက်သက်သာသာလေး နေချင်တဲ့စိတ်က များနေလို့ပါ။

သူဌေးဖြစ်သွားသူ တချို့က သူဌေးဖြစ်ဖို့ရည်မှန်းပြီး ကြိုးစားကြသူတွေမဟုတ်တာလဲ တွေ့ရတယ်။ ကိုယ်ဝါသနာပါရာ၊ ကိုယ်အားသန်ရာကို ဇွဲနပဲကြီးစွာနဲ့ လုပ်ကိုင်ကြရာက သူဌေးဖြစ်သွားသူတွေလဲ တွေ့ရပါတယ်။

တချို့ကျတော့လဲ သူဌေးဖြစ်အောင်ရည်မှန်းပြီး ကြိုးပမ်းလုပ်ဆောင်ရာက သူဌေးဖြစ်သွားသူတွေလဲ ရှိကြောင်း လေ့လာစေ့ငုတွေ့ရပါတယ်။ ဒါက သူဌေးဖြစ်သွားသူ နှစ်မျိုးနှစ်စားရှိတာကို ခွဲခြမ်းစိတ်ဖြာလေ့လာကြည့်မိတာ ပြောတာပါ။

သူဌေးဖြစ်သွားသူ နှစ်မျိုးထဲက တစ်မျိုးစီရဲ့ သာဓကလေးတွေ ပြောပါမယ်။ ပထမပြောမှာက သူဌေးဖြစ်ဖို့ မရည်မှန်းထားဘဲ သူဌေးဖြစ်သွားသူ တစ်ယောက်အကြောင်းပါ။ သူကတော့ ခရစ်စတီယာနို ရော်နယ်ဒို(Christiano Ronaldo) ပါ။

**စီရော်နယ်ဒို (C. Ronaldo)**

၂၀၀၁ ခုနှစ် ရော်နယ်ဒို ၁၆ နှစ်သားမှာ သူ့ရဲ့ ဂိုးသွင်းခြေစွမ်းနဲ့ ဘောလုံးအထိန်းအသိမ်း၊ ခြေအနှုတ်အသိမ်းမြန်တာတွေကို သဘောကျလက်ခံပြီး မန်ယူအသင်းက ဗြိတိန်ပေါင် ၁၂ သန်းပေးပြီး ပေါ်တူဂီကလပ်အသင်း စပို့တင်းလစ်ဘွန်းဆီကနေ သူ့ကိုဝယ်ယူခဲ့တယ်။

အဲဒါသာ ကြည့် စီရော်နယ်ဒိုဟာ ဆယ်ကျော်သက်အရွယ်ကကို သန်းကြွယ်သူဌေးဖြစ်ခဲ့တယ်။ အဲဒီလိုဖြစ်တာလဲမပြောနဲ့ ရော်နယ်ဒိုဟာဘောလုံးကစားတာကို အရူးအမူးစွဲလမ်းသူဖြစ်တယ်။ ကစားနေရရင် ထမင်းမေ့၊ ဟင်းမေ့ ဖြစ်ခဲ့တယ်။ သူငယ်စဉ်က ကျောင်းကပေးလိုက်တဲ့ စာတွေကိုမလုပ်ဘဲ အိမ်ပြတင်းပေါက်က မိဘမသိအောင်ခိုးထွက်ပြီး ညအမှောင်ထဲမှာကို တစ်ယောက်တည်းဘောလုံးအထိန်းအသိမ်း လေ့ကျင့်နေခဲ့တယ်။ အဲဒီလောက် ဘောလုံးကစားတာကို စွဲလမ်းတာ။

လူငယ်တွေလုပ်တဲ့ အရက်၊ ဆေးလိပ်တို့ကို လုံးဝမသုံးဆောင်ဘူး။ ဆေးလိပ်သောက်ရင် အမောမခံနိုင်မှာစိုးလို့ မသောက်ဘူး။ အရက်ကိုတော့ သူ့ဖခင်အရက်ကြောင့်သေဆုံးသွားရလို့ စိတ်နာတာနဲ့ မသောက်တာ။

လူငယ်တွေလို သူဟာ ခန္ဓာကိုယ်မှာ တက်တူး၊ ဆေးမင်ကြောင် လုံးဝမထိုးဘူး။ တစ်နှစ်ကို သွေးနှစ်ကြိမ် လှူတယ်။ ဒါ့ပြင် သူဟာ အလေးမလေ့ကျင့်မှုကိုလဲ တစ်နေ့ကို အကြိမ် ၃၀၀၀ လုပ်တယ်။ မြန်မြန်ပြေးနိုင်အောင် ခြေထောက်မှာ ဝိတ်တုံးတွေချည်ပြီး ဘောလုံးသယ်ယူတာ လေ့ကျင့်တယ်။ အဲဒီတော့ ဘောလုံးပွဲမှာ သူဟာ သူများထက်အလွန်လျင်မြန်အောင် ပြေးနိုင်တယ်။

ဒါကြောင့်လဲ ရော်နယ်ဒိုဟာ အပြေးချန်ပီယံတစ်ယောက်ရဲ့ စံချိန်နီးပါးပြေးနိုင်တယ်။ အခုန်နဲ့ပတ်သက်လို့လဲ အမေရိကန် NBA ဘတ်စကက်ဘောသမားတွေထက် မြင့်အောင်ခုန်နိုင်တယ်။ အစားအသောက်နဲ့ပတ်သက်လို့ အဆီအအိမ့်တွေ အထူးလျှော့စားတယ်။ အဲဒါကြောင့် သူ့ခန္ဓာကိုယ်မှာ အဆီက ၁၀ ရာခိုင်နှုန်းပဲရှိပြီး ကျန်တာသန်မာတဲ့ကြွက်သားတွေချည်းပဲ။

၂၀၁၅ ခုနှစ်လောက်မှာ ရော်နယ်ဒိုရဲ့ဝင်ငွေဟာ ရက်သတ္တတစ်ပတ်မှာ ဗြိတိန်ပေါင် ၂၇၄၀၀၀ ဖြစ်တယ်။ အဲဒီတော့ တစ်နှစ်ဝင်ငွေဟာ ဗြိတိန်ပေါင် ၁၃ ဒသမ ၁၅၂ သန်းရှိခဲ့တယ်။ အမေရိကန်သမ္မတ အိုဘားမားရဲ့ တစ်နှစ်ဝင်ငွေဟာ သူ့ရဲ့ ခြောက်ရက်နဲ့ ၉ နာရီ ဝင်ငွေနဲ့ ညီမျှခဲ့တယ်။ အဲဒီလောက်ချမ်းသာတဲ့ ကမ္ဘာ့ အချမ်းသာဆုံး၊ ဝင်ငွေအကောင်းဆုံး အားကစားသမားဖြစ်တယ်။ ဒါက ဝင်ငွေအခြေအနေပြောတာ။

သူ့ရဲ့စွမ်းဆောင်နိုင်မှုကို ပြောစရာအများကြီးရှိပါတယ်။ ထူးခြားတာပဲ ပြောပါမယ်။ သူဟာ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုကို သုံးကြိမ်ရရှိပြီးဖြစ်ပါတယ်။

အခု ၂၀၂၃ ခုနှစ်မှာ သူ့အသက် ၃၈ နှစ်ရှိပါပြီ။ အဲဒီလောက် အသက်ရလာတာတောင် သူဟာ ဥရောပချန်ပီယံရှစ် ခြေစစ်ပွဲတွေမှာ သူ့ရဲ့ပေါ်တူဂီအသင်းအတွက် ဂိုးတွေသွင်းယူနေဆဲဖြစ်ပါတယ်။ ၂၀၂၃ ခုနှစ် မတ် ၂၆ ရက်နေ့ သတင်းမှာ ပေါ်တူဂီနဲ့ လက်ချင်စတိန်း ဘောလုံးပွဲမှာ လေးဂိုးပြတ်နဲ့ ပေါ်တူဂီကနိုင်ရာမှာ သူက နှစ်ဂိုးသွင်းခဲ့တယ်။ မတ် ၂၇ ရက် လူဇင်ဘတ်နဲ့ပွဲမှာလဲ ပေါ်တူဂီက ခြောက်ဂိုးပြတ်သွင်းပြီး အနိုင်ယူရာမှာ ရော်နယ်ဒိုက နှစ်ဂိုးသွင်းခဲ့တယ်။ အဲဒီလိုကို စွမ်းဆောင်နိုင်တုန်းပါ။ နိုင်ငံတကာသွင်းဂိုး ၁၂၀ ရှိလာတဲ့အတွက် စံချိန်မှတ်တမ်းကောင်း ပိုင်ဆိုင်ထားသူလဲဖြစ်တယ်။

ဒါကြောင့် ကမ္ဘာ့ဘောလုံးလောကမှာ စီရော်နယ်ဒိုဟာ အတော်ဆုံး၊ အထင်ရှားအကျော်ကြားဆုံး၊ အောင်မြင်မှုအရဆုံး အားကစားသမားဖြစ်နေပါတယ်။ သူ့ရဲ့ကြွယ်ဝမှုကတော့ ကိန်းဂဏန်းနဲ့ပြောဖို့တောင် မလိုတော့ပါဘူး။ အဲဒီလောက်ကို ချမ်းသာနေသူပါ။

သူငယ်စဉ်က သူဌေးဖြစ်အောင်လုပ်မယ်လို့ ရည်မှန်းမထားခဲ့ပါဘူး။ သူဟာ လက်လုပ်လက်စား မိသားစုက ပေါက်ဖွားလာသူပါ။ ဒါပေမဲ့ ဘောလုံးကို တမ်းတမ်းစွဲကစားရာကနေပြီး တကယ့်ထိပ်တန်းကစားသမား၊ တကယ့်ချမ်းသာတဲ့ သူဌေးဖြစ်နေသူပါ။

အားကစားနဲ့ပတ်သက်ပြီး ဝင်ငွေသိပ်ကောင်းနေသူတွေလဲ တွေ့ရပါတယ်။ မြန်မာနိုင်ငံသား တိုက်စစ်မှူး အောင်သူဟာ ထိုင်းကလပ်အသင်းတွေမှာ သွားကစားနေပါတယ်။ သူ့ရဲ့တစ်လဝင်ငွေဟာ ကျပ်သိန်းပေါင်း ၃၀၀၀ ရှိတယ်လို့လဲ ကြားသိရပါတယ်။

အဲဒါကြောင့် ကိုယ်ဟာ ဘာဝါသနာပါသလဲ။ ဝါသနာပါတဲ့အလုပ်ဟာ သူဌေးဖြစ်နိုင်ခြေရှိတဲ့အလုပ်ဆိုရင် စွဲစွဲမြဲမြဲနဲ့လုပ်ပါ။ သူဌေးဖြစ်မှာ မလွဲပါလို့ ပြောပါရစေ။ ရော်နယ်ဒိုကို အားကျလိုက်စမ်းပါလို့ ပြောပါရစေ။

> ❖ သူဌေးဖြစ်သွားသူတွေဟာ သက်သက်သာသာလေးနဲ့ သူဌေးဖြစ်သွားသူတွေ မဟုတ်ကြတာ တွေ့ရပါတယ်။ ပထမတစ်ယောက်က ကာယစွမ်းပကားကြောင့် သူဌေးဖြစ်ခဲ့တယ်။ အောင်မြင်ကျော်ကြားခဲ့တယ်။ ဒုတိယတစ်ယောက်က ကြွက်သေတစ်ခုအရင်းပြုသူက ဉာဏစွမ်းပကားအရင်းထားပြီး ရောင်းဝယ်ဖောက်ကားရာက သူဌေးဖြစ်သွားတာ တွေ့ရပါတယ်။ စီရော်နယ်ဒိုက သူဌေးဖြစ်ရမယ်လို့ မမျှော်မှန်းထားဘူး။ ဝါသနာပါတဲ့အလုပ်ကို ဇွဲနပဲကြီးစွာ အပင်ပန်း အဆင်းရဲကို သူမတူအောင်ခံပြီး ရှောင်သင့်တာရှောင်၊ ဆောင်သင့်တာဆောင်ပြီး ကြိုးစားခဲ့လို့ သူဌေးဖြစ်ခဲ့သူဖြစ်တယ်။ ❖

အခုပြောတာက သူဌေးဖြစ်ဖို့ မရည်မှန်းထားဘဲ သူဌေးဖြစ်နေသူအကြောင်းပါ။ နောက်ပြောမှာက သူဌေးဖြစ်ဖို့ ရည်မှန်းပြီးလုပ်လို့ သူဌေးဖြစ်သူအကြောင်းပါ။

**ကြွက်သေတစ်ခုအရင်းပြုသူ**

ဒါက ခုဒ္ဒကနိကာယ် ဇာတ်ဋ္ဌကထာဇာတ်ထဲက အကြောင်းပါ။

တစ်ရံရောအခါ ဗာရာဏသီပြည်မှာ ဉာဏ်ပညာကြီးမားတဲ့ သူဌေးတစ်ယောက်ဟာ ဘုရင့်ထံခစားသွားရာမှာ လမ်းမှာ ကြွက်သေတစ်ခုတွေ့တယ်။ နက္ခတ်အရ ဒီကြွက်သေကို အရင်းပြုသူဟာ သူဌေးဖြစ်မယ်လို့ပြောခဲ့တယ်။ အဲဒါကို ဆင်းရဲသားပညာရှိကကြားပြီး အခုလိုလုပ်ခဲ့တယ်။

အဲဒီကြွက်သေကိုကောက်ယူပြီး သူဌေးတစ်ယောက်အိမ်မှာ ကြောင်စာအဖြစ် သွားရောင်းခဲ့တယ်။ အဲဒီမှာ ငွေအနည်းငယ်ရခဲ့တယ်။ အဲဒီငွေနဲ့ တင်လဲဝယ်ပြီး ရောင်းတယ်။ ငွေနည်းနည်းတိုးပြီး ရလာတယ်။ တင်လဲနဲ့ ပန်းတွေလဲလှယ်ပြီး ပန်းတွေရောင်းတယ်။ ဒါနဲ့ တင်လဲရောင်းတာထက် ပန်းရောင်းတာက ငွေပိုရလာတယ်။

နောက် သူဌေးတစ်ယောက်ရဲ့ဥယျာဉ်ကိုတွေ့တော့ အထဲမှာ မြက်ပင်ရှည်တွေ ပေါပေါများများပေါက်နေတာတွေ့တယ်။ တချို့သစ်ပင်တွေက သေနေပြီး ခြောက်နေတယ်။ ဒါနဲ့ သူက သူဌေးကို အဲဒီဥယျာဉ်ကို သန့်ရှင်းသာယာအောင်လုပ်ပေးမယ်။ အခကြေးငွေ မပေးပါနဲ့။ သူ့ကို မြက်တွေနဲ့ သစ်ကိုင်းခြောက်တွေပဲ ပေးပါပြောတယ်။ ဒီတော့ သူဌေးက သူငွေကြေးမကုန်ရဘဲ ဥယျာဉ်သန့်ရှင်းသွားမှာမို့ ခွင့်ပြုခဲ့တယ်။

အဲဒီဆင်းရဲသား ပညာရှိဟာ မြက်တွေကိုရိတ်၊ ကုန်သည်တွေဆီသွားပြီး မြင်းတွေအတွက် မြင်းစာမြက်တွေ ရောင်းခဲ့တယ်။ အရင်းငွေကြေးမစိုက်ရဘဲ ငွေတွေရခဲ့တယ်။ တစ်ခါ သစ်ပင်ခြောက်တွေခုတ်ပြီး ထင်းအဖြစ်ရောင်းစား လုပ်ခဲ့တယ်။ အဲဒီအခါ ငွေတွေ အစုလိုက် အပုံလိုက် ရရှိခဲ့ပြန်တယ်။ အဲဒီလိုနဲ့ ဆင်းရဲသားပညာရှိဟာ သူဌေးဖြစ်သွားတော့တယ်။

ပထမဆုံး ကြွက်သေရောင်းတုန်းက သူ့လက်ထဲမှာ ငွေစကြေးစ တစ်ပြားမှမရှိဘူး။ ကြွက်သေတစ်ခု အရင်းပြုရာကနေပြီး စီးပွားရေးလာဘ်မြင်စွာနဲ့ ပစ္စည်းတွေ ရောင်းရာကနေ နောက်ဆုံး သူဌေးဖြစ်သွားခဲ့ရတယ်။

သူရင်းနှီးခဲ့တာကတော့ ဘာကုန်တွေရောင်းရမလဲ သူစဉ်းစားတယ်၊ အကြံထုတ်တယ်။ အလုပ်ကို လိုက်ရှာပြီး လုပ်တယ်။ စကားကို ချိုချိုသာသာပြောတယ်။ တစ်ဖက်လူဆီက အကျိုးအမြတ်ရဖို့ချည်း မမျှော်မှန်းဘူး။ တစ်ဖက်လူလဲ အကျိုးရှိ သူလဲ အကျိုးရှိမဲ့အလုပ်ကို တီထွင်ကြံဆပြီးလုပ်တယ်။ အပင်ပန်း အဆင်းရဲခံတယ်။ အဲဒီလိုနဲ့ ကြွက်သေတစ်ခု အရင်းပြုရာက သူဌေးဖြစ်သွားခဲ့တယ်။

**သူဌေးဖြစ်နည်း ထိုနစ်နည်း**

အထက်က သာဓကနှစ်ရပ်ကို လေ့လာလိုက်တဲ့အခါ သူဌေးဖြစ်သွားသူတွေဟာ သက်သက်သာသာလေးနဲ့ သူဌေးဖြစ်သွားသူတွေ မဟုတ်ကြတာ တွေ့ရပါတယ်။ ပထမတစ်ယောက်က ကာယစွမ်းပကားကြောင့် သူဌေးဖြစ်ခဲ့တယ်။ အောင်မြင်ကျော်ကြားခဲ့တယ်။ ဒုတိယတစ်ယောက်က ကြွက်သေတစ်ခုအရင်းပြုသူက ဉာဏစွမ်းပကားအရင်းထားပြီး ရောင်းဝယ်ဖောက်ကားရာက သူဌေးဖြစ်သွားတာ တွေ့ရပါတယ်။

စီရော်နယ်ဒိုက သူဌေးဖြစ်ရမယ်လို့ မမျှော်မှန်းထားဘူး။ ဝါသနာပါတဲ့အလုပ်ကို ဇွဲနပဲကြီးစွာ အပင်ပန်း အဆင်းရဲကို သူမတူအောင်ခံပြီး ရှောင်သင့်တာရှောင်၊ ဆောင်သင့်တာဆောင်ပြီး ကြိုးစားခဲ့လို့ သူဌေးဖြစ်ခဲ့သူဖြစ်တယ်။

ဒုတိယကြွက်သေရင်းနှီးတဲ့ သူဆင်းရဲပညာရှိကတော့ သူဌေးဖြစ်အောင်၊ ဝင်ငွေတွေ တိုးသထက်တိုးအောင် ကြိုးစားရင်း ကြိုးစားရင်းနဲ့ သူဌေးဖြစ်လာသူဖြစ်တယ်။ မမျှော်မှန်းဘဲ သူဌေးဖြစ်လာသူ မဟုတ်ဘူး။ ရည်မှန်းချက်ချ၊ အကွက်စနစ်တကျချပြီး လုံ့လဝီရိယ အပြည့်အဝနဲ့ ကြိုးပမ်းရာက သူဌေးဖြစ်တာ တွေ့ရပါတယ်။

စာဖတ်သူကော သူတို့လို သူဌေးမဖြစ်ချင်ဘူးလား။ သူဌေးဖြစ်ချင်ရင် အထက်ကနည်းလမ်းနှစ်ရပ်က ကိုယ်နဲ့အပ်စပ်တဲ့ ကိုယ်လုပ်နိုင် ကိုင်နိုင်မဲ့နည်းလမ်းရွေးပြီး လုပ်ရုံပါပဲ။ ကြိုးစားပမ်းစားဆောင်ရွက်ရင် သူဌေးက ဖြစ်မှာပါ။ မြန်မြန်သူဌေးဖြစ်ချင်လို့တော့ မဖြစ်ဘူး။ ထီပေါက်ရင်တော့ ဖြစ်နိုင်တယ်။ ထီပေါက်ဖို့ကလဲ မသေချာဘူး မဟုတ်လား။

သက်သက်သာသာလေး နေချင်စိတ်ရှိရင်တော့ သူဌေးမဖြစ်မှာ သေချာတယ်။ အနောက်က နေထွက်ချင်ထွက်မယ်၊ တောင်ပေါ်မှာ ကြာပေါက်ချင်ပေါက်မယ် သူဌေးတော့မဖြစ်ဘူး။ ထမင်းနပ်မှန်အောင် စားရဖို့ မလွယ်တာတွေ့ရမှာပါ။ အခုခေတ်မှာက ခိုးစား၊ တိုက်စား၊ လုစားတာတွေ များနေတယ်။ အဲဒါ သူဌေးဖြစ်နည်း မဟုတ်ဘူး။ ထောင်နန်းစံရမဲ့ကိန်း။

သူဌေးဖြစ်ချင်စိတ် ပြင်းပြင်းပြပြ ရှိမယ်ဆိုရင် ဖြစ်ကြမှာပါ။ အသက်ငယ်ငယ်မှာ အဲဒီစိတ်ရှိဖို့လိုတယ်။ သက်ကျားအိုကြီးဖြစ်မှဆို ခန္ဓာကိုယ်က မစွမ်းနိုင်ဘူး။ ကိုယ့်အရိုးတောင် ကိုယ်တအား သယ်နေရတာ။ နောက်ဆုံးစကားလက်ဆောင်လေး ပေးပါမယ်။ အဲဒါက ဂရိစကားပုံလေးပါ။ အဲဒါကတော့ **"ဆင်းရဲခြင်းသည် ရှက်စရာမဟုတ်ပါ။ သို့သော် ဆင်းရဲသောဘဝမှ လွတ်မြောက်အောင် အားမထုတ်ခြင်းကား ရှက်စရာဖြစ်သည်"** တဲ့။ ကိုယ့်ဘဝမှာ ရှက်စရာဘဝမျိုးမဖြစ်အောင် ထုဆစ်ပါ။ သူဌေးက လူတိုင်းဖြစ်နိုင်ပါတယ်။ ကာယစွမ်းအား၊ ဉာဏစွမ်းအား အားကုန်စိုက်ထုတ်ကြိုးပမ်းပါ။ သေချာပေါက် သူဌေးဖြစ်ပါတယ်။

**ကိုးကား**

- **သူတို့ဘာကြောင့် ကမ္ဘာကျော်တာလဲ**
  **ဇန်းမော်သိန်းဇေ**

# အိန္ဒိယနိုင်ငံရှိ Numaligarh Refinery Limited ကုမ္ပဏီက စစ်ကိုင်းတိုင်းဒေသကြီးတွင် စက်သုံးဆီလက်လီအရောင်းဆိုင်များလာရောက်ဖွင့်လှစ်ရန် ပြင်ဆင်နေ



**နေပြည်တော် မေ ၁၂**

အိန္ဒိယနိုင်ငံ အာသံပြည်နယ်ရှိ Numaligarh Refinery Limited (NRL) ကုမ္ပဏီက စစ်ကိုင်းတိုင်းဒေသကြီးတွင် စက်သုံးဆီလက်လီအရောင်းဆိုင်များ လာရောက်ဖွင့်လှစ်ရန် ပြင်ဆင်မှုများ ပြုလုပ်နေကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးထက်အောင်ဝင်းက ပြောပြ၍ သိရသည်။

အိန္ဒိယနိုင်ငံ အစိုးရပိုင်စက်သုံးဆီထုတ်လုပ်ဖြန့်ဖြူးနေသည့် Numaligarh Refinery Limited (NRL) ကုမ္ပဏီသည် အိန္ဒိယနိုင်ငံ အာသံပြည်နယ်တွင် တည်ရှိကာ လက်ရှိတွင် အိန္ဒိယနိုင်ငံ မိုးရေးမြို့နှင့်နီးကပ်စွာတည်ရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးတွင် စက်သုံးဆီလက်လီအရောင်းဆိုင်များ လာရောက်ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အိန္ဒိယနိုင်ငံ အာသံပြည်နယ်ရှိ Numaligarh Refinery Limited (NRL)ကုမ္ပဏီက အိန္ဒိယနိုင်ငံ အစိုးရပိုင် ကုမ္ပဏီလဲဖြစ်ပါတယ်။ လက်ရှိမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာလဲ စက်သုံးဆီလက်လီအရောင်းဆိုင်တွေ ဖွင့်လှစ်ထားပါတယ်။ အိန္ဒိယနိုင်ငံ မိုးရေးမြို့နဲ့နီးကပ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီးမှာလဲ စက်သုံးဆီ လက်လီအရောင်းဆိုင်တွေ ဖွင့်လှစ်ဖို့ ကမ်းလှမ်းထားသလို ပြင်ဆင်မှုတွေလဲ လုပ်နေပါတယ်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်လောက်မှာ စတင်နိုင်မယ်လို့ ခန့်မှန်းရပါတယ်"ဟု ဒုတိယညွှန်ကြားရေးမှူး ဦးထက်အောင်ဝင်းက ပြောပြသည်။

အိန္ဒိယနိုင်ငံ အာသံပြည်နယ်ရှိ Numaligarh Refinery Limited (NRL) ကုမ္ပဏီသည် အာသံပြည်နယ်အတွင်း ရေနံချက်စက်ရုံလေးရုံရှိသည့်အနက် တစ်ရုံကို မိုးရေးမြို့အနီးရှိ နူမာလီဂါတွင် ထူထောင်ထားပြီး အဆိုပါစက်ရုံမှ ထွက်ရှိလာမည့် စက်သုံးဆီများကို စစ်ကိုင်းတိုင်းဒေသကြီးသို့ ပို့ကာ စက်သုံးဆီလက်လီဆိုင်များဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

NRL ကုမ္ပဏီသည် ရှုပီးကုဋေ ၂၈၀၀၀ ရင်းနှီးမြှုပ်နှံထားပြီး တစ်နှစ်တာ စက်သုံးဆီထုတ်လုပ်နိုင်စွမ်းအား မက်ထရစ်တန် သုံးသန်းမှ ကိုးသန်းသို့ တိုးမြှင့်ထုတ်လုပ်နေကြောင်း ဒုတိယညွှန်ကြားရေးမှူး ဦးထက်အောင်ဝင်းက ပြောပြ၍ သိရသည်။

ASH

# ဝသန်အစ မိုးဦးကျ

- မိုးဦးဝသန်
တောင်လေပြန်သည်
ရွာဟန်ပျိုးပြ မိုးဦးကျ။

- ရိုးတံဖူးဝေ
သစ်စချေပြီ
ခါနွေလက်ပြ မိုးဦးကျ။

- မြက်နုသားမြင်
မိုးစက်စဉ်သည်
ပေါ်လွင်ထင်ပြ မိုးဦးစ။

- တိမ်ပန်းချီကဲ
လေချီဝဲပြီ
ဖွဲ့ဖွဲ့ကြွေကျ မိုးဦးစ။

- ဂျိုးဂျိမ့်မည်သံ
ကောင်းကင်ညံသည်
တောင်ယံမှိုင်းပျ မိုးဦးကျ။ ။

**သာလွန်(နတ်မောက်)**

# ကလောမြို့၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကျေးရွာများ ရွေးချယ်

**ကလော မေ ၁၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မြို့နယ်အတွင်းရှိ ကျေးရွာများ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ကျေးရွာများ ရွေးချယ်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရွေးဦးစွာ ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စွာက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ကျေးရွာများ ရွေးချယ်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းအကြောင်းအရာများနှင့် ကျေးရွာများရွေးချယ်ရေး စံသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော မြို့နယ်ဦးစီးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် ကျေးရွာများရွေးချယ်ရေး စံသတ်မှတ်ချက်များနှင့်ကိုက်ညီသည့် ရွာတော်ကျေးရွာ၊ ကမ္ဘာနီတောင်ကျေးရွာ၊ ဘုရားဦးကျေးရွာ၊ သစ်အယ်တစ်ကျေးရွာ၊ ဈေးကုန်းကျေးရွာ၊ နန်းရှပ်ကျေးရွာ၊ တင်ကြီးကြပ်ကျေးရွာ၊ လမိုင်းရွာမကျေးရွာနှင့် တောင်ကုန်းကျေးရွာ စုစုပေါင်း ကျေးရွာကိုးရွာကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။ **ချိုသန်းညွန့်**



# သာပေါင်းမြို့၌ ကွမ်းခြံစုကျေးရွာကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သာပေါင်း မေ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကွက်ပြင်အုပ်စု ကွမ်းခြံစုကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို မေ ၁၁ ရက် နံနက် ၁၀ နာရီက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရွေးဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နွယ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များက ကွမ်းခြံစုကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်လိုသူ စုစုပေါင်းအသင်းသား၊ အသင်းသူ ဦးရေ ၉၀ ကို စတုတ္ထအကြိမ်အဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၅၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နွယ်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။ **ချစ်ဦးကို**

# စစ်ကိုင်းခရိုင်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၃၀၀၀ ကျော် စိုက်ပျိုးပြီးစီး

**စစ်ကိုင်း မေ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းခရိုင်တွင် ပဲတီစိမ်း ၇၄၃၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပဲတီစိမ်း ၃၃၉၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ စစ်ကိုင်းခရိုင်အတွင်း ပဲတီစိမ်းဧက ၇၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိအချိန်ထိ ပဲတီစိမ်းဧက ၃၀၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ အသိပညာပေးတာတွေရှိပါတယ်" ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

စစ်ကိုင်းခရိုင်အတွင်း မြို့နယ်အလိုက် နွေပဲတီစိမ်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၁၀၂ ဧက၊ မြင်းမူမြို့နယ်တွင် ၆၀၂ ဧက၊ မြောင်မြို့နယ်တွင် ၂၆၉၃ ဧက စုစုပေါင်း ၃၃၉၇ ဧကတို့ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းခရိုင်တွင် နွေပဲတီစိမ်းစိုက်ပျိုးသည့် တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ၂၀၁၂ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းခရိုင်တွင် ပဲတီစိမ်းစိုက်ပျိုးမှုကို ၂၀၁၂ ခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ပဲတီစိမ်း ၅၈၃၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

(၂၀၆)

ပလင်ပါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# SAC Chairman Prime Minister Senior General Min Aung Hlaing meets State, district and township level departmental officials, town elders, MSME businesspersons in Kengtung of Shan State (East)





Senior General Min Aung Hlaing meets MSME entrepreneurs from Kengtung.

**Nay Pyi Taw May 12**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing this morning met with departmental officials at State, district and township levels, town elders, and businesspersons of micro-, small- and medium-sized enterprises at the city hall in Kengtung of Shan State (East) and discussed regional development measures.

Also present at the meeting were Council Joint Secretary Lt-Gen Ye Win Oo, Council members Admiral Tin Aung San, Poe Rei Aung Thein, Dr Kyaw Tun and U Yan Kyaw, Union ministers U Win Shein, Dr Kan Zaw, U Min Naung, U Hla Moe, U Khin Maung Yi, Dr Charlie Than and U Aung Naing Oo, Shan State Chief Minister U Aung Zaw Aye, senior military officers from the Office of the Commander-in-Chief, the commander of Triangle Region Command, departmental officials at Shan State (East), district and township levels, town elders, local ethnic people, MSME businesspersons and officials.

**Individual reports on requirements for development of businesses**

First, Chairman of Shan State Administration Body Branch (Shan State-East) U Ye Naing reported on regional data of the Shan State (East). Chief Minister of Shan State U Aung Zaw Aye presented implementation of MSME in Shan State.

Then, MSME businesspersons Chairman of Jadel Arkha Coffee Industry owner and Shan State-East Coffee Entrepreneurs Association U Ya Tun, Patron of Kengtung Hoteliers U Soe Shwe, Chairman of Royal Mongyawng Rice Mill Cooperative Society U Soe Thiha, Chairman of Myanmar Tea Growers and Exporters Association (Shan State-East) U Shauk Ti and attendees reported on extension of sown acreage of coffee in Kengtung with assistance of the government to have larger volume of raw coffee, needs of more assistance for distribution of quality coffee saplings, market requirements of coffee, needs to maintain the domestic coffee quality, needs to stabilize the market, assistance for development of tourism industry in Kengtung and Tachilek regions of Shan State (East), formation of cooperative society in the region for development of rice mills in Mongyawng region, progress of improving domestic tea industry, upgrading roads in poor facility of transport in some areas, assistance for service personnel in smooth transport in discharging duties in the region as transport charge is high in Shan State (East), installation of telephone lines for convenience of the region in communication difficulties, and requirements for development of businesses.



Senior General Min Aung Hlaing views lacquer ware produced by MSMEs.


**Responses of Union ministers to relevant sectors**

Next, the Union ministers discussed respective sectors to respond to the reports of businesspersons. In their clarifications, they explained objectives of the SAC, implementation of road map for development of the State, encouragement to MSME businesses to boom the State economy, operation of local and foreign investments in Shan State, creating employment opportunities in Shan State (East), smooth work process for domestic agriculture and livestock farms and assistance of relevant ministries in providing necessary machinery, heavy machinery, capitals and technologies, needs to contact relevant departments to seek assistance, formation of cooperative societies to develop rural region and enhance socioeconomic life of rural people, assistance of machines and capital, enlarging coverage of forest areas in Shan State (East) and participation of all locals in environmental conservation.

The need to participate in the MSME shows and exhibitions to seek market and have constant contact with the MSME work committee and take supervisory measures against illegal trade as it can hamper MSME development and national economy. The chief minister said the state government would take notes of those discussions, adding that there will be prompt contact and cooperation with relevant ministries. ***See Page 13***



Senior General Min Aung Hlaing views purses and clothes produced by MSMEs.





Senior General Min Aung Hlaing watches a video presentation on Kengtung bypass construction.

*From Page 12*

The Senior General then gave necessary instructions.

In this speech, he said he was in Shan State (East) to discuss needs for national economic promotion and fulfil the requirements of local entrepreneurs. The government is performing State duties by laying down its objectives and future work programmes.

**Encouragement of local products and manufacturing of value-added goods can promote national economy**

Now, the country is facing various sanctions in various ways. So, private business sector development will improve the national economy. Exporting finished agricultural products rather than selling natural resources and agricultural produce as raw materials will generate more benefits. With the production of value-added goods and finished goods, there will be more job opportunities, thereby facilitating socio-economy. The development of a country depends on its citizens. Manufacturing is crucial for economic progress. Agriculture plays a greater role in the manufacturing sector. About 70% of the population live in rural areas. So, agricultural and livestock sector development will improve the national economy.

Our country's GDP is lower than that of other Asian countries. And this has resulted from State instability and low production. The country has about 15 million acres of monsoon paddy, 13.9 million of which is farmland. This year, there are still about 5 million acres that have yet to cultivate. Successful agriculture will surely facilitate the national economy. The State is trying to provide irrigation water to places with scarce irrigation water.

Manufacturing is important in the MSME industry. There will be production only if there are raw materials. Other inputs such as electricity, fuel, pesticides and others are necessary as well. Investment money and human resources are also essential. Shan State (East) can engage in agriculture. It can grow perennial industrial crops such as coffee, rubber and tea.

**Necessary to successfully grow local crops including coffee and tea**

As foreign demand rises, coffee growers are making money. It is necessary to export our coffee directly to foreign countries. Coffee growing and production will benefit Shan State (East). Quality is necessary to maintain the coffee market on a long-term basis. So, quality coffee must be produced by following correct procedures. Contact can be made with the Coffee Entrepreneurs Association for local and international excursions. Likewise, tea cultivation must be successful. Regional crops can be sold within the country and to foreign countries as well.

Shan State (East) has favorable conditions for successful productivity. Kengtung is seeing high prices in foodstuff. That has resulted from high production cost and imbalance between demand and supply. Therefore, regional agricultural and livestock breeding activities must be successful.

The hydropower projects in the country were cancelled or delayed for various reasons. Now, there is insufficient power supply. Despite several resources, Shan State (East) could not generate electricity for various reasons. Consequently, there have been high production costs and high prices. Production should be in line with the modern ways rather than conventional ways. It is necessary to promote production capacity. Mixed cropping capacity must be promoted to produce high yields and meet targets. Correct cultivation methods will also meet the targets and benefit the country.

In eastern Shan State, it is possible to grow oilseed crops such as sunflower, sesame and peanuts. If the regional oil crops can be successfully developed and the oil demand of the region can be met, it will be beneficial for the region. Similarly, if the livestock activities can be carried out successfully, the meat, fish and eggs needed for the local food, will be available in sufficient quantity and the high price of meat will be controlled. Those who want to carry out livestock farming activities in the region will be lent investment capital by the state. The fruits and vegetables produced in the region can be produced as grocery products to export abroad, as well as making jams. We also need to promote rubber production. If the glutinous rice developed in the region can be produced as value-added products, more products will be produced.

**Tourism development**

In Shan State (Eastern), the government is doing what is necessary for the development of tourism. Hotel and travel operators need to be able to serve places to stay, foods and local food at a high level. The upgrading works of Kengtong and Tachileik airports are underway, and foreign tourists will be able to enter by flight from neighboring countries. It is needed for the locals to prepare for the attractiveness of the area and the places where they will stay so that they are ready when tourists come to their area.

**Human resource development**

We need to produce scholars for the development of human resources. The state is working to open agricultural high schools in 50 districts in order to obtain human resources. Through this, colleges and universities will be opened, so that they can continue to learn advanced sciences. Our country is on the road to democracy, but there are weaknesses in respecting the law, which is the basis of democracy, and having economic awareness for economic development. Therefore, in order for the students to know economics and understand law, economics and law are being taught in universities.

The government is making vigorous efforts for the comprehensive development of the country, and the regions and states also need to make efforts as far as their own regional development is capable. If administrative organizations, township elders and locals in the region work together to make an all-round effort, there will be regional development, and through that, there will be development on a national scale so we want everyone to work together, said the Senior General.

After that, the SAC Chairman warmly greeted the state, district and township levels officials, township elders and Micro, Small and Medium Enterprises (MSME) entrepreneurs.

**Watching the display of local products**

After that, the SAC Chairman studied with interest at products such as resource and mineral products, food, consumer goods, industrial products, traditional craft products, clothes, and traditional medicines, and the market access conditions were discussed and explained by the businessmen according to their business.

**Inspection of the construction of the bypass road in Kengtong city**

In addition, this morning, the SAC Chairman and members visited Eastern Shan State to inspect the construction of the Kengtong bypass road and Road Department Director U Ye Lin gave a briefing on the operational conditions.

In response to the briefings, the Senior General said that during heavy rains, there is a lot of water falling from the mountains, so it is necessary to complete the works before the rainy season. There is a need to carry out land clearing operations in a systematic manner to prevent landslides. It is needed to calculate and build the long-term strength of the road. The road construction need to be completed within the specified period and trees should be planted in the areas on the left and right sides of the road.

After that, it was reported that the SAC Chairman and members toured and inspected along the Kengtong bypass road by vehicles. 100


# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing meets officers, other ranks and families of Kengtung Station, Triangle Region Command



Senior General Min Aung Hlaing meets Tatmadaw members and families from Kengtung Station.

**Nay Pyi Taw May 12**

Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing met officers, other ranks and families of Kengtung Station at Pyaynyein-aye Hall of Triangle Region Command this afternoon.

Also present were Daw Kyu Kyu Hla, wife of the Senior General, Commander-in-Chief (Navy) Admiral Moe Aung and wife, Commander-in-Chief (Air) General Tun Aung and wife, senior military officers from Office of Commander-in-Chief and wives, and the command commander.

**Political developments and endeavors for economic growth**

The Senior General said Tatmadaw has to shoulder State duties due to a certain political situation and during the time Covid-19 was severe and economy was in downturn. On the surface, the economy looked good due to the practice of democracy, but in reality the country's external debt was high, and the national economy was shirking due to the weakness in administration. Hence, the Tatmadaw gave priority to economic promotion. It launched Covid-19 prevention, control and treatment activities with added momentum. Thanks to dutiful health staff, social organizations and the public and the assistance of neighbouring countries and friendly countries the infection could be put under control in a certain length of time.

The country did not face food problems as farming is its main business. In the past trade deficit occurred as volume of the country's imports were too high and an imbalanced ratio between income and expenditure. SAC is repaying the external debts to the most possible degree. Now the national economy is showing a plus sigh. A country has two sources of income -- trade income and non-trading income. It needs to reach the tax revenue target. The government in office could collect the outstanding taxes. As there will be other income sources, the national economy will surely grow.

Peace and stability Tatmadaw needs to bring progress, peace and stability to the country. In this regard, it will make peace with EAOs. There are NCA signatory EAOs as well as non-signatory EAOs. Tatmadaw must try to bring the latter to join the peace process. It will also have to eradicate PDF terrorists appeared due to political disagreements. Organizations that are abetting the terrorist group are fueling hatred through social media. Tatmadaw cooperated with the democracy government in government functions. Thanks to its appropriate measures Tatmadaw could improve its structure.

**Assumption of State duties in accord with Constitution**

There were instances in which the previous government used media to generate public hatred towards Tatmadaw through misinterpretation. It applied dishonest means to assure a win in the 2020 multiparty general election. Tatmadaw had to check the voter lists. Officials ignored the notice to solve the problem. Instead, they tried to convene the parliament and take over the State power by force. Hence, Tatmadaw has to assume the State duties in accord with the Constitution. According to its roadmap, SAC will hold an election and transfer power to the winning party. Tatmadaw must conduct counterterrorism campaigns in accord with the law.



Senior General Min Aung Hlaing greets trainees of the basic maritime training course for youths.

**Systematic lifestyle, high education standards, health and fitness**

All Tatmadaw personnel are required to be prepared for combat readiness. It is necessary for them to carry out tasks for health and fitness of individual personnel daily and adopting traditional practices amounts to self-training. Performing duties in accordance with disciplines under any circumstances enhances one's capabilities. If leaders of units, senior commanders and commanders, constantly inspect units under their command and monitor them to fulfill their needs, units will always be ready for combat. Measures must be taken to enable personnel to lead systematic lives. If patriotism can be instilled in personnel who love the Tatmadaw, new blood for the country can be created. Commanders are required to inspire the love and admiration for the Tatmadaw not only in Tatmadaw personnel but also in Tatmadaw families.

The Tatmadaw always takes measures to provide food and shelter for Tatmadaw personnel and families and to enhance the education standards of students from Tatmadaw families. It is important for all students from Tatmadaw families to go to school when schools are reopened. Taking measures to enhance their education standards

*See Page 15*

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win attends and addresses second coordination meeting between Steering Committee for Holding Myanmar National Education Conference 2023 and Working Committee



Vice-Senior General Soe Win addresses the second work coordination meeting for organizing Myanmar National Education Conference 2023.

**Nay Pyi Taw May 12**

The second coordination meeting between the Steering Committee for Holding Myanmar National Education Conference 2023 and the Working Committee was held at the Ministry of Education in Nay Pyi Taw this afternoon. Chairman of the Steering Committee Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win attended and addressed it.

The meeting was also attended by Union Ministers Dr. Nyunt Pe and Dr. Thet Khaing Win, the Chairman of Nay Pyi Taw Council, deputy ministers, members of Nay Pyi Taw Council, Deputy Auditor-General, permanent secretaries, directors-general and officials.

In his speech delivered at the meeting, the Vice-Senior General said it was the second meeting of the Steering Committee and the Working Committee to smoothly and successfully hold the Myanmar National Education Conference 2023 and meet the objectives of the conference. The first meeting was held on April 25 and the second meeting is to discuss work done to successfully hold the conference and relevant matters to be decided.

The forthcoming education conference will be the first education conference to be jointly organized by 11 education-related ministries. With the aim of ensuring development of human resources and improvement of future education areas from time to time, paper reading and talks will be held at the conference. Through the talks, solutions on education will be found and assessed, and the measures for development of the education sector will be taken depending on the outcome of such talks and assessment.

In the past successive government eras, plans were made for development of education and human resources. The Special Four-Year Education Development Plan was made and implemented from 2000-2001 fiscal year to 2003-2004 fiscal year. Besides, the 30-year Long-term National Education Plan was made from the 2001-2002 fiscal year to 2030-2031 fiscal year with six five-year plans.

The education conference was held annually from 2003 to 2019 at the venues of Diamond Jubilee Hall in Yangon, Yezin Agricultural University, University of Veterinary Science, Taunggyi University and Mawlamyine University in turn and they took place with directors-general, rectors and professors.

The forthcoming conference will not be held with the Ministry of Education alone but with 11 education-related ministries as well as with the members of SAC, union-level dignitaries and experts who will attend it. The conference will be a grand event and it is to work together to successfully hold it. At today's meeting, sub-committees are to submit work done on holding the conference and openly discuss work to be done in detail. Systematic cooperation must be managed from all aspects to successfully hold the conference.

Afterwards, Chairman of the Working Committee Union Minister Dr. Nyunt Pe briefed preparedness on successfully holding the conference.

Next, officials of the sub-committees concerned reported on work done for holding the conference and submitted the need to coordinate and cooperate.

Then, the attendees submitted sector-wise suggestions to be able to successfully hold the conference.

Later, the Vice-Senior General made coordination on the reports and suggestions and gave concluding remarks on the meeting.

100

---

*From Page 14*

aims to enable them to stand on their own feet all their lives on a self-help basis. Parents are responsible for helping their children stand on their own feet and acquire education. At present, technical and agriculture and livestock breeding high schools have been opened and courses are being conducted. Outstanding students from the high schools can continue to study at institutes, colleges and universities for respective academic disciplines and earn a livelihood. It is necessary to take measures to enable students from Tatmadaw families to study at such schools.

As for the health sector, the country has been able to control the outbreak of COVID-19 but it is necessary to be cautious about the outbreak in daily lives and adopt a healthy lifestyle as the pandemic has resurged recently. Individuals are required to adopt good living and eating habits and to eat enough nutrient food provided by the Tatmadaw. By leading cautious lives out of conscience for food and pleasures, one will be a person who is healthy and fit. Only then, will you be able to perform national defence duties to the fullest extent. Every individual is urged to lead a life out of conscience and conscientiousness.

Then, the Senior General presented foodstuffs for officers, other ranks and families in Kengtung Station to the regional commander and the wife of the Senior General presented cash rewards for the station maternal and child welfare association to the wife of the regional commander.

After the meeting, the Senior General and wife and party cordially greeted the officers, other ranks and families who attended the meeting.

Afterward, the Senior General and wife and party proceeded to the maritime youth basic course conducted by the Tatmadaw (Navy) at the Naungton Lake in Kengtung and spoke words of encouragement to the trainees who are participating in the course.

First, the Senior General and party were welcomed by the trainees. Then, the Senior General greeted individual trainees and said the aim of the course is to enable youths to spend time beneficially during school holidays. The course will nurture precious sons and daughters who can be relied upon by the country by inspiring the love for oneself and patriotic spirit in trainees. In conclusion, the Senior General cordially urged the trainees to study skills practiced during the course to the fullest extent.

Afterward, the Senior General and party viewed documentary photographs of activities of the trainees and the Commander-in-Chief (Navy) and officers reported training activities to the Senior General.

Then, the Senior General presented foodstuff for the trainees to the instructor and representatives of them.

100




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

☆ ကျောဖုံးမှအဆက်

ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

### နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့မှု

ထိုသို့တွေ့ဆုံအမှာစကားပြောကြားရာ၌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကျိုင်းတုံတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအားလုံးကို ယခုကဲ့သို့တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့သည့် အခြေအနေများအရ တပ်မတော်အနေဖြင့် နိုင်ငံတော်၏တာဝန်များကိုထမ်းဆောင်ခဲ့ရပြီး ယင်းကာလသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများ ပြင်းထန်ချိန်၊ စီးပွားရေးကျဆင်းနေချိန်ဖြစ်ကြောင်း၊ အလားတူ နိုင်ငံရေးအရမတည်ငြိမ်မှုများ ဖြစ်ပေါ်နေချိန်လည်းဖြစ်ကြောင်း၊ ယေဘုယျအားဖြင့် ဒီမိုကရေစီစနစ်ကိုကျင့်သုံးနေချိန်ဖြစ်သဖြင့် စီးပွားရေးကောင်းမွန်သည်ဟု ထင်ရသော်လည်း နိုင်ငံတော်အနေဖြင့် ပြည်ပကြွေးမြီများ များပြားလျက်ရှိကြောင်း၊ စီမံခန့်ခွဲမှုအားနည်းခဲ့မှုများကြောင့် နိုင်ငံ၏စီးပွားရေးမှာ အနုတ်လက္ခဏာအထိရှိခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့တာဝန်ယူရသည့်အချိန်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အလေးပေးဆောင်ရွက်ခဲ့ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး တာဝန်ကျေပွန်သည့် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူများအားလုံးမှ ဝိုင်းဝန်းပါဝင်ဆောင်ရွက်မှုများ၊ အိမ်နီးချင်းနိုင်ငံများနှင့် မိတ်ဆွေနိုင်ငံများ၏ကူညီပေးမှုများကြောင့် အချိန်အတိုင်းအတာတစ်ခုအတွင်း ထိန်းချုပ်နိုင်ခဲ့ကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုး၊ မွေးမြူရေးကို အဓိကထားလုပ်ကိုင်သည့် နိုင်ငံဖြစ်သဖြင့် နိုင်ငံအတွင်း စားရေးနှင့်ပတ်သက်၍ ခက်ခဲမှုမရှိခဲ့ကြောင်း၊ **ယခင်က ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးမှုမရှိခဲ့ဘဲ သွင်းကုန်များကို အဆမတန်တင်သွင်းခဲ့ခြင်းများကြောင့် ဝင်ငွေနှင့်ထွက်ငွေများညီမျှမှုမရှိဘဲ ကုန်သွယ်မှုလိုငွေများ ဖြစ်ပေါ်ခဲ့**ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပြည်ပကြွေးမြီများကို တတ်နိုင်သမျှပြန်လည်ပေးဆပ်လျက်ရှိကြောင်း၊ ယခုအခါ နိုင်ငံစီးပွားရေးမှာ အနုတ်လက္ခဏာမှ အပေါင်းလက္ခဏာသို့ တိုးတက်လာပြီဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

**နိုင်ငံတစ်နိုင်ငံ၏ဝင်ငွေတွင် ကုန်သွယ်မှုဝင်ငွေနှင့် ကုန်သွယ်မှုမဟုတ်သည့် ဝင်ငွေဟူ၍ရှိပြီး အခွန်အခများလည်း ပြည့်ဝစွာရရှိရန်လို**ကြောင်း၊ မိမိတို့အနေဖြင့် ယခင်ကာလအားနည်းချက်များကြောင့် မရရှိခဲ့သည့် ဝင်ငွေများရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ နောင်လာမည့်ကာလအတွင်း အခြားဝင်ငွေများလည်း ရရှိနိုင်မည်ဖြစ်သဖြင့် နိုင်ငံ့စီးပွားတိုးတက်လာနိုင်မည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ကျိုင်းတုံတပ်နယ်မှ အရာရှိ၊စစ်သည်၊မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်စဉ်။

### တည်ငြိမ်အေးချမ်းရေး

တပ်မတော်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရှိစေရေး တည်ငြိမ်အေးချမ်းမှုရှိအောင် ဖန်တီးဆောင်ရွက်ပေးရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့များနှင့် ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ **တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များတွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)တွင် လက်မှတ်ရေးထိုးထားသည့် အဖွဲ့များရှိသကဲ့သို့ လက်မှတ်ရေးထိုးထားခြင်းမရှိသည့်အဖွဲ့များလည်းရှိ**ကြောင်း၊ အဆိုပါ **တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ရောက်ရှိရေးဆောင်ရွက်ရမည်ဖြစ်**ကြောင်း၊ အလားတူ နိုင်ငံရေးသဘောထားကွဲလွဲမှုကြောင့် ပေါ်ပေါက်လာသည့် PDF အမည်ခံ အကြမ်းဖက်သမားများကိုလည်း ကင်းစင်ပပျောက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အဆိုပါ အကြမ်းဖက်အဖွဲ့များကို အားပေးအားမြှောက်ပြုလုပ်နေသည့်အဖွဲ့များလည်းရှိပြီး ၎င်းတို့အနေဖြင့် လူမှုကွန်ရက်များမှတစ်ဆင့် အမုန်းတရားများ ဖြစ်ပေါ်စေရေးအတွက်လည်း ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ဒီမိုကရေစီအစိုးရလက်ထက်တွင် တပ်မတော်အနေဖြင့် အစိုးရလုပ်ငန်းများကို နိုင်ငံအတွက် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် ဆောင်ရွက်သင့်သည့် ကိစ္စရပ်များကို ဆောင်ရွက်ခဲ့ခြင်းကြောင့် တပ်မတော်ကို ယခင်ကထက် ပိုမိုတိုးတက်ကောင်းမွန်အောင် တည်ဆောက်နိုင်ခဲ့ကြောင်း။

### ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့ရမှု

ယခင်အစိုးရ သက်တမ်းကာလတွင် တပ်မတော်အပေါ် ပြည်သူလူထုမှ အထင်အမြင်လွဲမှားပြီး အမုန်းတရားများဖြစ်ပေါ်လာအောင် မီဒီယာများကိုအသုံးချ၍ ဆောင်ရွက်ခဲ့မှုများရှိကြောင်း၊ ၂၀၂၀ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို မဖြစ်မနေအနိုင်ရရှိရေးအတွက် မသမာသည့်နည်းလမ်းများဖြင့်ဆောင်ရွက်ခဲ့ကြောင်း၊ ထို့ကြောင့် တပ်မတော်မှ မဲစာရင်းများမှန်ကန်မှုရှိစေရေးစိစစ်ဆောင်ရွက်ခဲ့ကြောင်း၊ မဲစာရင်းမှားယွင်းမှုများကို ဖြေရှင်းပေးနိုင်ရေး တာဝန်ရှိသူများထံ အကြောင်းကြားခဲ့သော်လည်း ဖြေရှင်းပေးမှုမရှိဘဲ လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်၏အာဏာကို အဓမ္မရယူရန်ကြိုးပမ်းခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်တာဝန်ကို ဝင်ရောက်ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ **မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့ခြင်းဖြစ်**ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်တွင် ရွေးကောက်ပွဲပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား အာဏာလွှဲပြောင်းပေးသွားမည်ဟု ပါရှိပြီးဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် **အကြမ်းဖက်မှုနှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီဆောင်ရွက်ရန်လို**ကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်စဉ်။

### စည်းစနစ်တကျရှိသည့် နေထိုင်လုပ်ကိုင်မှုရှိရေး၊ ပညာရည်မြင့်မားရေးနှင့် ကျန်းမာကြံ့ခိုင်ရေး

တပ်မတော်သားများအားလုံးအနေဖြင့် အမြဲတိုက်ပွဲဝင်အသင့်ဖြစ်စေရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရန်လိုကြောင်း၊ **တစ်ဦးချင်းကျန်းမာကြံ့ခိုင်ရေးလုပ်ငန်းများကိုနေ့စဉ်ဆောင်ရွက်ရန်လိုသကဲ့သို့ သမားစဉ်လုပ်ငန်းများကို မှန်မှန်ကန်ကန်ဖြင့်ဆောင်ရွက်နေခြင်းသည် မိမိကိုယ်ကို လေ့ကျင့်နေခြင်းပင်ဖြစ်**ကြောင်း၊ **မည်သည့်အခြေအနေမျိုးတွင်ဖြစ်စေ စည်းကမ်းအတိုင်းလိုက်ပါလုပ်ဆောင်နိုင်ခြင်းသည် မိမိတို့အရည်အသွေးကို မြှင့်တင်ဆောင်ရွက်နေခြင်းပင်ဖြစ်**ကြောင်း၊ တပ်များကို ဦးဆောင်နေသည့် တပ်မှူးကြီးများနှင့် တပ်မှူးများအနေဖြင့် မိမိတို့လက်အောက်တပ်များကို အမြဲမပြတ်ကြည့်ရှုစစ်ဆေး၍ ဆင့်ကဲဆင့်ကဲကွပ်ကဲမှုများဖြင့် လိုအပ်သည်များကို ကြပ်မတ်ခြင်း၊ ဖြည့်ဆည်းပေးခြင်းများကို ဆောင်ရွက်နေမည်ဆိုပါက တပ်များအနေဖြင့် အမြဲအသင့်ဖြစ်နေမည်ဖြစ်ကြောင်း၊ တပ်မတော်သားများ စည်းစနစ်တကျနေထိုင်စေရေးအတွက်လည်း ကြပ်မတ်ဆောင်ရွက်နေရန်လိုကြောင်း၊ တပ်မတော်ကိုချစ်သည့် တပ်မတော်သားများကို နိုင်ငံချစ်စိတ် ဖြစ်ပေါ်စေရန်အတွက် မြှင့်တင်ဆောင်ရွက်ပေးမည်ဆိုပါက နိုင်ငံအတွက် အားသစ်များဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ တပ်မတော်သားများ သာမက

**စာမျက်နှာ ၁၉ သို့**

**စာမျက်နှာ ၁၈ မှအဆက်**

တပ်မတော်သား မိသားစုများအနေဖြင့်လည်း တပ်မတော်အပေါ်တွင်ချစ်သည့်စိတ်၊ တပ်မတော်ကို အားကိုးသည့်စိတ်များ ဖြစ်ပေါ်လာအောင် တပ်မှူးများအနေဖြင့် ဆောင်ရွက်ရန်လိုကြောင်း။

တပ်မတော်အနေဖြင့် တပ်မတော်သားများနှင့် မိသားစုများ စားသောက်နေထိုင်ရေးနှင့် မိသားစုဝင် ကျောင်းသား၊ ကျောင်းသူများ ပညာရည်မြင့်မားရေးအတွက် အမြဲမပြတ်ဆောင်ရွက်လျက်ရှိကြောင်း၊ **ကျောင်းများပြန်လည်ဖွင့်လှစ်ချိန်တွင် တပ်မတော်သား မိသားစုဝင် ကျောင်းသား၊ကျောင်းသူများအားလုံး ကျောင်းတက်ရန်လို**ကြောင်း၊ ပညာရည်မြင့်မားရေးအတွက် အားပေးဆောင်ရွက်နေခြင်းမှာ တစ်ဦးတစ်ယောက်ချင်းစီတိုင်းကို ကိုယ့်အားကိုယ်ကိုး၍ မိမိအစွမ်းအစဖြင့် ဘဝတစ်လျှောက်လုံးရပ်တည်နိုင်ရေးအတွက်ဖြစ်ကြောင်း၊ မိမိတို့၏ သားသမီးများ ၎င်းတို့ကိုယ်တိုင်ရပ်တည်နိုင်ရေး ပညာသင်ကြားရေးနှင့်ပတ်သက်၍ မိဘများအနေဖြင့် တာဝန်ရှိကြောင်း၊ ယခုအခါ စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ထူးချွန်သူများအနေဖြင့် သက်ဆိုင်ရာဘာသာရပ်များအလိုက် သိပ္ပံများ၊ ကောလိပ်များနှင့် တက္ကသိုလ်များသို့ ဆက်လက်တက်ရောက်ပြီး ၎င်းတို့အသက်မွေးဝမ်းကျောင်းအတွက် လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်သား မိသားစုဝင်များ ၎င်းကျောင်းများသို့ တက်ရောက်နိုင်ရေး အားပေးဆောင်ရွက်ရန်လိုကြောင်း။

ကျန်းမာရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုနှင့်ပတ်သက်၍ ထိန်းသိမ်းနိုင်ခဲ့ကြောင်း၊ လက်ရှိအချိန်တွင် တစ်ကျော့ပြန်ဖြစ်ပွားလျက်ရှိသဖြင့် သွားလာနေထိုင်မှုများကို ဂရုပြု၍ နေထိုင်ကြရန်နှင့် ကျန်းမာရေးနှင့်ညီညွတ်သည့် နေထိုင်စားသောက်မှုများကို ဆောင်ရွက်ရန်လိုကြောင်း၊ **ကျန်းမာရေးနှင့်ပတ်သက်၍ တစ်ဦးချင်းစီအလိုက်ညီညွတ်မျှတသည့် နေထိုင်စားသောက်မှုပုံစံရှိရမည်ဖြစ်**ကြောင်း၊ တပ်မတော်မှထုတ်ပေးထားသည့် အာဟာရပြည့်ဝသည့်အစားအသောက်များကို ပြည့်ဝစွာစားသုံးရန်လိုကြောင်း၊ **အသောက်အစားအပျော်အပါးများကိုလည်း အသိတရားဖြင့် ထိန်းသိမ်းနေထိုင်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်သူများ ဖြစ်လာမည်ဖြစ်**ကြောင်း၊ သို့မှသာ နိုင်ငံတော် ကာကွယ်ရေးတာဝန်များကို ပြည့်ဝစွာ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ တစ်ဦးချင်းစီအလိုက် အသိတရား၊ သတိတရားများဖြင့် နေထိုင်လုပ်ကိုင်ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကိုပေးအပ်ရာ တိုင်းမှူးကလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တိုင်းမှူး၏ဇနီးကလည်းကောင်း အသီးသီးလက်ခံရယူကြသည်။




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တပ်မတော်(ရေ) ရေကြောင်းလူငယ်အခြေခံသင်တန်း ကျိုင်းတုံစခန်းမှ သင်တန်းသား၊ သင်တန်းသူများအား တစ်ဦးချင်းရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့ နောင်တုံကန်အတွင်း၌ လေ့ကျင့်ရေးဆောင်ရွက်လျက်ရှိသည့် တပ်မတော်(ရေ) ရေကြောင်းလူငယ်အခြေခံသင်တန်း ကျိုင်းတုံစခန်းမှ သင်တန်းသား၊ သင်တန်းသူများကို သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များကို သင်တန်းသား၊ သင်တန်းသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က သင်တန်းသား၊ သင်တန်းသူများကို တစ်ဦးချင်း ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ယခုဖွင့်လှစ်သည့်သင်တန်းသည် **ကျောင်းပိတ်ရက်ကာလအတွင်း အချိန်ကို အကျိုးရှိရှိအသုံးချနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ပေးခြင်းဖြစ်**ကြောင်း၊ **ယခုသင်တန်းမှတစ်ဆင့် မိမိကိုယ်ကိုချစ်စိတ် ထိုမှတစ်ဆင့် နိုင်ငံချစ်စိတ်များဖြစ်ပေါ်လာပြီး နိုင်ငံတော်မှအားထားရသည့် နိုင်ငံ့သားကောင်း၊ သမီးကောင်းရတနာများဖြစ်လာမည်ဖြစ်**ကြောင်း၊ ထို့ကြောင့် သင်တန်းမှ သင်ကြားပေးသည်များကို အမှန်တကယ်တတ်မြောက်သည်အထိ သင်ယူကြရန်လိုကြောင်းဖြင့် ရင်းရင်းနှီးနှီးမှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များက သင်တန်းကာလအတွင်း သင်တန်းသား၊ သင်တန်းသူများ၏ လေ့ကျင့်ဆောင်ရွက်နေမှုမှတ်တမ်းဓာတ်ပုံများကိုလိုက်လံကြည့်ရှုရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် တာဝန်ရှိသူများက လေ့ကျင့်သင်ကြားပေးခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေကြောင်းလူငယ်အခြေခံသင်တန်း ကျိုင်းတုံစခန်းမှ သင်တန်းသား၊ သင်တန်းသူများအတွက် စားသောက်ဖွယ်ရာများကိုပေးအပ်ရာ သင်တန်းနည်းပြနှင့် သင်တန်းသား၊ သင်တန်းသူ ကိုယ်စားလှယ်များက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

**ယခုသင်တန်းမှတစ်ဆင့် မိမိကိုယ်ကိုချစ်စိတ် ထိုမှတစ်ဆင့် နိုင်ငံချစ်စိတ်များ ဖြစ်ပေါ်လာပြီး နိုင်ငံတော်မှအားထားရသည့် နိုင်ငံ့သားကောင်း၊ သမီးကောင်းရတနာ များဖြစ်လာမည်ဖြစ် . . .**

## သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာနက မုန်တိုင်းဒီရေအထူးသတိပေးချက်

၁၂-၅-၂၀၂၃

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင်ဖြစ်ပေါ်နေသော အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ (MOCHA)"သည် မြောက်-အရှေ့မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းသို့ ရောက်ရှိခဲ့ကာ မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏အနောက်ဘက် ရေမိုင် ၂၉၅ မိုင်ခန့်၊ ဟိုင်းကြီးကျွန်းမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၃၇၀ ခန့်၊ စစ်တွေမြို့၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၄၅၀ ခန့်၊ အိန္ဒိယနိုင်ငံ ပို့ပလဲယား၏ အနောက်မြောက်ဘက် ရေမိုင် ၃၀၀ ခန့်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၄၉၀ ခန့်အကွာ ပင်လယ်ပြင်ကိုဗဟိုပြုနေသည်။ အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ(MOCHA)" သည် မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာကာ ယနေ့ညပိုင်းတွင် ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်း၌ အလွန့်အလွန်အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "မိုခါ(MOCHA)"အဖြစ်သို့ ရောက်ရှိနိုင်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့နှင့် မြန်မာနိုင်ငံ ကျောက်ဖြူမြို့တို့ကြား စစ်တွေမြို့အနီးမှ မေ ၁၄ ရက် နေ့လယ်ပိုင်းတွင် အားအလွန်ကောင်းသောဆိုင်ကလုန်းမုန်တိုင်း "မိုခါ (MOCHA)" အနေဖြင့် ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းဖြတ်ကျော်စဉ် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၉၀ မှ ၁၁၀ ခန့်ထိ တိုက်ခတ်ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းဖြတ်ကျော်ဝင်ရောက်နေချိန် လေတိုက်နှုန်းတစ်နာရီလျှင် မိုင် ၉၀ မှ ၁၁၀ အတွင်း တိုက်ခတ်ပါက မုန်တိုင်းဒီရေအမြင့်မှာ ကိုးပေမှ ၁၆ ပေခန့်အတွင်းရှိနိုင်ကြောင်း ခန့်မှန်းရပါသည်။ သို့ဖြစ်၍ ၁၆ ပေအောက်နိမ့်သောနေရာများတွင် နေထိုင်ကြသည့် ပြည်သူများအနေဖြင့် နီးစပ်ရာဆိုင်ကလုန်း Shelter များသို့မဟုတ် ရေဘေးလွတ်ကင်းရာ ကုန်းမြေမြင့်များသို့ ရွှေ့ပြောင်းနိုင်ရေးကြိုတင်စီမံထားရန်နှင့် မရှိမဖြစ်လိုအပ်သည့် တစ်ကိုယ်ရေသုံးပစ္စည်းများကို ရွှေ့ပြောင်းအခြေပြုမည့်နေရာသို့ ကြိုတင်ပို့ဆောင်ထားခြင်းဖြင့် အန္တရာယ်ကျရောက်ချိန်တွင် ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြင့် ကျော်လွှားနိုင်မည်ဖြစ်ကြောင်း အကြံပြုသတိပေးနှိုးဆော်အပ်ပါသည်။

မုန်တိုင်းတိုက်ခတ်ရာခန့်မှန်းလမ်းကြောင်းတွင် တည်ရှိနေသည့် စစ်တွေမြို့နှင့် မောင်တောမြို့အနီးတစ်ဝိုက်ဒေသများသည် မုန်တိုင်းဒီရေတက်ရောက်ပါက ရေကြီးရေလျှံမှုများဖြစ်ပေါ်လာနိုင်ပြီး ခန့်မှန်းတွက်ချက်မှုများအရ နတ်မြစ်ကြောင်းတစ်လျှောက် မြစ်ဝမှ တောင်ပြိုလက်ဝဲမြို့အထိ အရှေ့ဘက်ကမ်းဒေသများ၊ မေယုမြစ်ကြောင်းတစ်လျှောက် မေယုမြစ်ဝမှ ရသေ့တောင်၊ ဘူးသီးတောင်မြို့တို့ထိ မြစ်ကြောင်းဝဲယာဒေသများ၌ မုန်တိုင်းဒီရေသက်ရောက်မှုများရှိနိုင်ကြောင်း တွေ့ရှိရသည်။

ထို့ပြင် မုန်တိုင်းဒီရေ ၁၆ ပေခန့်မြင့်တက်လာပါက မောင်းတောမြို့၊ ရသေ့တောင်မြို့၊ ဘူးသီးတောင်မြို့၊ စစ်တွေမြို့၊ ပုဏ္ဏားကျွန်းမြို့၊ ကျောက်တော်မြို့၊ မြောက်ဦးမြို့၊ ဖရုံကာကျွန်းအရှေ့ဘက်ခြမ်း၊ မင်းပြားမြို့၊ မြေပုံမြို့၊ ကမ်းထောင်းကြီးမြို့၊ ကျောက်ဖြူမြို့နှင့် မာန်အောင်မြို့ ပတ်ဝန်းကျင်ဒေသများအနေဖြင့် မြစ်ချောင်းများ၊ ပင်လယ်ကမ်းခြေနှင့်ဆက်စပ်နေရာများတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်လာနိုင်ကြောင်း ခန့်မှန်းတွေ့ရှိရသည်။

အလားတူပင် မုန်တိုင်းဒီရေ ၁၆ ပေခန့်မြင့်တက်လာပါက သံတွဲမြို့၊ သပြေချိုင်၊ မောင်ရွှေလေးချိုင်နှင့် ငပလီကမ်းခြေဒေသများ၊ ဂွမြို့အနီးပတ်ဝန်းကျင်ရှိ အလယ်ချောင်၊ ရေတွင်းတူး၊ ရဟင်ဖျားနှင့် ကင်းလှျာရှည်နေရာများ၌ ရေကြီးရေလျှံမှုများဖြစ်ပေါ်လာနိုင်ကြောင်း ခန့်မှန်းတွေ့ရှိရသည်။

သို့ဖြစ်ပါ၍ မုန်တိုင်းဒီရေသက်ရောက်နိုင်သည့် အထက်ပါမြို့ရွာများတွင် နေထိုင်ကြသူများအနေဖြင့် နီးစပ်ရာဆိုင်ကလုန်း Shelter များ သို့မဟုတ် ရေဘေးလွတ်ကင်းရာကုန်းမြေမြင့်များသို့ အချိန်မီရွှေ့ပြောင်းနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခြင်းဖြင့် ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြင့် မုန်တိုင်းအန္တရာယ်ကို ကျော်လွှားနိုင်မည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

မုန်တိုင်းလမ်းကြောင်းနှင့် မုန်တိုင်းလေတိုက်ခတ်မှုနှုန်းများသည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲမှုများရှိနိုင်သဖြင့် သတိပြုလိုက်နာနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ ဆက်လက်သတင်းထုတ်ပြန်သွားမည်ဖြစ်သည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၃) ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၃) ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၃) ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၁၂**

မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၃)ကျင်းပရေးဦးစီးကော်မတီနှင့်လုပ်ငန်းကော်မတီဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၃) ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာညွန့်ဖေနှင့် ဒေါက်တာသက်ခိုင်ဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ဒုတိယဝန်ကြီးများ၊နေပြည်တော်ကောင်စီဝင်၊ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၃) ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးသည် ညီလာခံချောမွေ့အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ညီလာခံရည်မှန်းချက်အောင်မြင်ရေးအတွက် ကျင်းပသည့် ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးဖြစ်ကြောင်း၊ ပထမအကြိမ်အစည်းအဝေးကို ဧပြီ ၂၅ ရက်တွင် ကျင်းပခဲ့ပြီး ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အစည်းအဝေးတွင် ညီလာခံအောင်မြင်စွာကျင်းပနိုင်ရေးဆောင်ရွက်ပြီးစီးမှုများနှင့် ဆုံးဖြတ်ရမည့်အကြောင်းအရာများကို ညှိနှိုင်းဆွေးနွေးကြရန်ဖြစ်ကြောင်း။

ယခုကျင်းပမည့် ပညာရေးညီလာခံသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ပထမဆုံးကျင်းပမည့် ညီလာခံဖြစ်ပြီး ပညာရေးနှင့်ဆက်စပ်သည့် ဝန်ကြီးဌာန ၁၁ ခု စုပေါင်းကျင်းပသည့် ညီလာခံဖြစ်ကြောင်း၊ ညီလာခံကို လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာရေးနှင့် အနာဂတ်ပညာရေးနယ်ပယ်ကဏ္ဍများ အချိန်နှင့်တစ်ပြေးညီတိုးတက်စေရန် ရည်ရွယ်၍ စာတမ်းများဖတ်ကြားခြင်း၊ ဆွေးနွေးပွဲကျင်းပခြင်းများ ဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ အဆိုပါဆွေးနွေးပွဲများမှတစ်ဆင့် ပညာရေးဆိုင်ရာများကို အဖြေရှာသုံးသပ်ပြီး ထွက်ပေါ်လာသည့် အဖြေပေါ်မူတည်၍ ဆောင်ရွက်သွားကြမည့် ညီလာခံကြီးဖြစ်ကြောင်း။

ယခင်အစိုးရအဆက်ဆက် ပညာရေးမြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ်မြင့်မားရေးစီမံကိန်းများချမှတ်ဆောင်ရွက်ခဲ့ကြကြောင်း၊ **“အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်း”**ကို ၂၀၀၀-၂၀၀၁ ဘဏ္ဍာနှစ်မှ ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ်ထိ လေးနှစ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ခဲ့ကြောင်း၊ ထို့ပြင် **“အမျိုးသားပညာရည်မြင့်မားရေး နှစ် ၃၀ နှစ်ရှည်စီမံကိန်း”**ကို စီမံကိန်းကာလ ၂၀၀၁-၂၀၀၂ ဘဏ္ဍာနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်ထိ ချမှတ်အကောင်အထည်ဖော်ခဲ့ပြီး နှစ် ၃၀ နှစ်ရှည်စီမံကိန်းကို **ငါးနှစ်စီမံကိန်းခြောက်ရပ်** သတ်မှတ်ခဲ့ကြောင်း။

၂၀၀၃ ခုနှစ်မှ ၂၀၁၉ ခုနှစ်ထိ နှစ်စဉ် ရန်ကုန်မြို့၊ စိန်ရတုခန်းမ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ တောင်ကြီးတက္ကသိုလ်နှင့် မော်လမြိုင်တက္ကသိုလ်တို့တွင် အလှည့်ကျကျင်းပခဲ့ပြီး ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခများဖြင့် ဆောင်ရွက်ခဲ့ကြကြောင်း။

ယခုညီလာခံကို ပညာရေးဝန်ကြီးဌာန တစ်ခုတည်းသာမက ဆက်စပ်နေသည့် ဝန်ကြီးဌာန ၁၁ ခုနှင့်အတူ ညီလာခံသို့ တက်ရောက်လာကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပညာရှင်များစုပေါင်းဆောင်ရွက်ကြမည်ဖြစ်၍ ယခုကျင်းပမည့် ညီလာခံကြီးသည် ကြီးကျယ်သည့် အခမ်းအနားကြီး ဖြစ်လာမည်ဖြစ်ကြောင်း၊ ညီလာခံကြီးအောင်မြင်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ယနေ့အစည်းအဝေးတွင် ဆပ်ကော်မတီများအနေဖြင့် ညီလာခံအောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်ရန်ကျန်ရှိသည်များကို အသေးစိတ်ပွင့်လင်းစွာဆွေးနွေးကြစေလိုကြောင်း၊ ယခုကျင်းပမည့်ညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဘက်ပေါင်းစုံရှုထောင့်ပေါင်းစုံမှ စနစ်တကျပူးပေါင်းစီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ပညာရေးညီလာခံအောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် လုံခြုံရေးဆပ်ကော်မတီ၊ စကားဝိုင်းဆွေးနွေးပွဲဆပ်ကော်မတီ၊စာတမ်းလက်ခံခြင်းနှင့် စိစစ်အတည်ပြုရေးဆပ်ကော်မတီ၊ ပြခန်းများခင်းကျင်းပြသရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့်ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေးနှင့် ညစာစားပွဲကျင်းပရေးဆပ်ကော်မတီ၊ သတင်းနှင့် ပြန်ကြားရေးဆပ်ကော်မတီ၊ မှတ်တမ်းပြုစုရေးနှင့် ပုံနှိပ်ထုတ်ဝေရေးဆပ်ကော်မတီ၊ ဖျော်ဖြေရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ဘဏ္ဍာရေးဆပ်ကော်မတီ၊ လုပ်ငန်းစစ်ဆေးရေးဆပ်ကော်မတီနှင့် သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၃) အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ပြီးစီးမှုများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသူများက မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၃) အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

## (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ယူ-၂၂ အမျိုးသားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များ တိုက်ရိုက်ထုတ်လွှင့်မည်

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ယူ-၂၂ အမျိုးသားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ် နှစ်ပွဲကို မေ ၁၃ ရက် **(ယနေ့)** ညနေ ၃ နာရီခွဲတွင် ဗီယက်နမ်အသင်းနှင့် အင်ဒိုနီးရှားအသင်းတို့၏ ယှဉ်ပြိုင်မှုများကို MRTV HD Channel၊ MRTV Sports Channel၊ MRTV Parliament Channel၊ MRTV Farmers' Channel၊ MWD Variety HD Channel၊ MWD EDUCATION, KNOWLEDGE & SPORTS Channel၊ Channel LIGHT နှင့် မြန်မာ့အသံရေဒီယိုနှင့် Online တို့မှလည်းကောင်း၊ ည ၇ နာရီခွဲတွင် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့၏ ယှဉ်ပြိုင်မှုများကို MRTV Sports Channel၊ MRTV Parliament Channel၊ MRTV Farmers' Channel၊ MWD EDUCATION, KNOWLEDGE & SPORTS Channel၊ Channel LIGHT နှင့် မြန်မာ့အသံရေဒီယိုနှင့် Onlineတို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း မိဘပြည်သူများအား လေးစားစွာ ကြိုတင်အသိပေးအပ်ပါသည်။

# ပုဂ္ဂလိကပညာရေးဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**ပုဂ္ဂလိကပညာရေးဥပဒေ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၅၀ / ၂၀၂၃**
**၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်**
**(၂၀၂၃ ခုနှစ်၊ မေလ ၁၂ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပုဂ္ဂလိကပညာရေးဥပဒေ ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော စကားရပ်များသည် အမျိုးသားပညာရေးဥပဒေတွင်ပါရှိသည့် စကားရပ်များအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရပညာရေးဝန်ကြီးဌာန ကိုဆိုသည်။

(ခ) **ဦးစီးဌာန** ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ဝန်ကြီးဌာနက တာဝန်ပေးအပ်ထားသော ဦးစီးဌာနကိုဆိုသည်။

(ဂ) **ကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ဝန်ကြီးဌာနက ဖွဲ့စည်းသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း ကြီးကြပ်ရေးအဖွဲ့ကို ဆိုသည်။

(ဃ) **ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေနှင့်အညီ ဖွဲ့စည်းထားသော သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း ကြီးကြပ်ရေးအဖွဲ့ကိုဆိုသည်။

(င) **ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း** ဆိုသည်မှာ ဤဥပဒေနှင့်အညီ မှတ်ပုံတင် တည်ထောင်ထားသည့် ကျောင်းကိုဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေနှင့်အညီ မှတ်ပုံတင်ထားသည့် ကျောင်းခွဲများလည်း ပါဝင်သည်။

(စ) **ပုဂ္ဂလိကပညာရေး** ဆိုသည်မှာ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများက ဝန်ကြီးဌာန၏ ပညာရေးဆိုင်ရာ မူဝါဒများနှင့်အညီ ဖော်ဆောင်သော ပညာရေးကိုဆိုသည်။

(ဆ) **တည်ထောင်သူ** ဆိုသည်မှာ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိက ကျောင်းကို အရင်းအနှီးထည့်ဝင်ပြီး တည်ထောင်ဖွင့်လှစ်သော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုဆိုသည်။

(ဇ) **စီမံအုပ်ချုပ်သူ** ဆိုသည်မှာ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ သင်ကြားရေးဆိုင်ရာ ကိစ္စများကို တာဝန်ခံ ဆောင်ရွက်သော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုဆိုသည်။

(ဈ) **ပုဂ္ဂလိကကျောင်းဆရာ** ဆိုသည်မှာ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းတစ်ခုခုတွင် သင်ကြားရေးတာဝန်ထမ်းဆောင်ရန် သက်ဆိုင်ရာဥပဒေပါ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံပြီး ဤဥပဒေအရ မှတ်ပုံတင်ထားသည့် သင်ကြားပို့ချသူကို ဆိုသည်။

(ည) **ထပ်ဆောင်းဘာသာရပ်**ဆိုသည်မှာ သတ်မှတ်ထားသော ကျောင်းသင်ဘာသာရပ်များအပြင် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ထပ်ဆောင်းသင်ကြားပေးသော ဘာသာစကားနှင့် ဘာသာရပ်များကို ဆိုသည်။

(ဋ) **ထပ်ဆောင်းသင်ခန်းစာများ** ဆိုသည်မှာ ကျောင်းသင်ဘာသာရပ်ပါ သင်ခန်းစာများအပြင် ထပ်ဆောင်းသင်ကြားသည့် သင်ခန်းစာများ၊ ထပ်ဆောင်း ဘာသာရပ်တွင် သင်ကြားသည့် သင်ခန်းစာများကို ဆိုသည်။

(ဌ) **ကြော်ငြာ** ဆိုသည်မှာ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းနှင့် စပ်လျဉ်း၍ စာဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ အမူအယာဖြင့်ဖြစ်စေ၊ အသံဖြင့်ဖြစ်စေ၊ အခြားနည်းလမ်းများဖြင့်ဖြစ်စေ လူတစ်ဦး သို့မဟုတ် လူအများကိုသိစေရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းကိုဆိုသည်။

## အခန်း (၂)
## ပုဂ္ဂလိကပညာရေး၏ ရည်မှန်းချက်များ

၃။ ပုဂ္ဂလိကပညာရေး၏ ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပညာရေးတွင် ပုဂ္ဂလိက ကဏ္ဍကို မြှင့်တင်ခြင်းဖြင့် အသိပညာ အတတ်ပညာများ တတ်မြောက်သော ပညာတတ်များ မွေးထုတ်၍ နိုင်ငံတော်၏ လူမှုစီးပွား မြင့်မားတိုးတက်လာစေရန်၊

(ခ) ပညာရေးကဏ္ဍအသီးသီးတွင် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ စနစ်တကျ ဖွံ့ဖြိုးပြီး နိုင်ငံတကာ အဆင့်မီပညာရေးကို အကောင်အထည်ဖော်ရန်၊

(ဂ) အမျိုးသားပညာရေးဆိုင်ရာ မူဝါဒနှင့်အညီ သုတေသန လုပ်ငန်းများ ဖွံ့ဖြိုးစေရန်၊

(ဃ) အလုပ်အကိုင်အခွင့်အလမ်းကို ဖော်ဆောင်သည့် စဉ်းစားတွေးခေါ်မှုကို အားပေးသော အသိပညာ အတတ်ပညာများ သင်ကြားတတ်မြောက်စေရေး အတွက် လေ့ကျင့်ပျိုးထောင်ပေးရန်၊

(င) ပညာရပ်အသီးသီးကို အသက်မွေးဝမ်းကျောင်း အထောက်အကူပြုရေးအတွက် ဦးတည်သင်ကြား လေ့ကျင့်ပေးရန်။

## အခန်း (၃)
## ပုဂ္ဂလိကပညာရေးဆိုင်ရာ အခြေခံမူများ

၄။ ပုဂ္ဂလိကပညာရေးဆိုင်ရာ အခြေခံမူများမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) နိုင်ငံတော်၏ ပညာရေးမူဝါဒများနှင့်အညီ ပညာရေး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊

(ခ) ပုဂ္ဂလိကကျောင်းဆရာ၊ သင်ယူသူနှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားရေးကို စဉ်ဆက်မပြတ် တိုးတက်အောင်ဆောင်ရွက်ရေး၊

(ဂ) ပညာရေးနယ်ပယ်အသီးသီးတွင် ပုဂ္ဂလိကကဏ္ဍနှင့် နိုင်ငံတကာပူးပေါင်းပါဝင် ဆောင်ရွက်မှု မြှင့်တင်ရေး၊

(ဃ) နိုင်ငံတကာအသိအမှတ်ပြုပြီး အရည်အသွေး အာမခံချက်ရှိသည့် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ ပေါ်ထွက်လာရေး၊

(င) နိုင်ငံသားတိုင်း လွတ်လပ်စွာ ပညာသင်ယူခွင့်ရရှိပြီး တစ်သက်တာ စဉ်ဆက်မပြတ်လေ့လာသင်ယူနိုင်သော ပညာရေးအခွင့်အလမ်းများ ဖန်တီးပေးရေး၊

(စ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ တည်ထောင်သူများ၊ စီမံအုပ်ချုပ်သူများ၊ ပုဂ္ဂလိကကျောင်းဆရာများ၊ ဝန်ထမ်းများ၏ အကျိုးစီးပွားကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရေး၊

(ဆ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းတွင် သင်ယူသူများ၏ အခွင့်အရေး မဆုံးရှုံးစေရန်နှင့် ကျောင်းသားမိဘများ၏ နစ်နာဆုံးရှုံးမှုများ မရှိစေရန် ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရေး၊

(ဇ) ကိုယ်ပိုင်သို့မဟုတ်ပုဂ္ဂလိကကျောင်းသည် တက္ကသိုလ်ဖြစ်ပါက သင်ယူသူ၏ဆန္ဒကို အခြေခံပြီး သတ်မှတ်ထားသော အရည်အချင်းပြည့်မီမှုအရ ရွေးချယ်နိုင်ခွင့်ရှိသော တက္ကသိုလ်ဝင်ခွင့်စနစ်ကို သက်ဆိုင်ရာ တက္ကသိုလ် ပဋိညာဉ်စာတမ်းနှင့်အညီ ကျင့်သုံးစေရေး၊

(ဈ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများတွင် ဘာသာရေး၊ နိုင်ငံရေးလွှမ်းမိုးမှုနှင့် ယင်းတို့၏ ဝင်ရောက်စွက်ဖက်မှုတို့မှ ကင်းလွတ်စေရေး။

## အခန်း (၄)
## ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းအမျိုးအစား

၅။ (က) ဤဥပဒေနှင့်အညီ မှတ်ပုံတင်ရမည့် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း အမျိုးအစားများမှာ အောက်ပါ အတိုင်းဖြစ်သည်-

(၁) ကိုယ်ပိုင်သို့မဟုတ်ပုဂ္ဂလိကအခြေခံပညာကျောင်း၊

(၂) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိက နည်းပညာနှင့် သက်မွေးဆိုင်ရာပညာရေးနှင့် လေ့ကျင့်ရေး ကျောင်း၊

(၃) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကအဆင့်မြင့် ပညာ ကျောင်း၊

(၄) ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း။

(ခ) ပုဒ်မခွဲ(က)ပါ မှတ်ပုံတင်ရမည့် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း အမျိုးအစားများတွင် အကျိုးအမြတ်ယူသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၊ ရရှိလာသော အကျိုးအမြတ်များကို တစ်စုံတစ်ရာ ရယူခံစားခြင်း မရှိဘဲ ယင်းကျောင်း၏ ပညာရေးလုပ်ငန်းများအတွက်သာ သုံးစွဲသည့် အကျိုးအမြတ်မယူသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းနှင့် ယင်းကျောင်းများ၏ ကျောင်းခွဲအသီးသီးလည်း ပါဝင်သည်။

## အခန်း (၅)
## ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း တည်ထောင်ခြင်း

၆။ ပုဒ်မ ၅ ပါ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများကို တည်ဆဲ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ သက်ဆိုင်ရာဥပဒေများနှင့် ညီညွတ်ပါက ဤဥပဒေနှင့်အညီ မှတ်ပုံတင်၍ တည်ထောင်ရမည်။

၇။ တည်ထောင်လိုသူသည် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း တည်ထောင်ရန်အတွက် သက်ဆိုင်ရာ ဒေသဆိုင်ရာကြီးကြပ်ရေး အဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

၈။ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းသည် -

(က) အစိုးရကျောင်းနှင့် အကျိုးတူ ပူးပေါင်းလုပ်ဆောင်မှုကို ဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းများ၏ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်နိုင်သည်။

(ခ) အစိုးရကျောင်းမဟုတ်သော အခြားကျောင်းအမျိုးအစားများနှင့် ပူးပေါင်း၍ဖြစ်စေ၊ တွဲဖက်၍ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ ပူးပေါင်းလုပ်ဆောင်မှုကို ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်နိုင်သည်။

## အခန်း (၆)
## ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၉။ ဝန်ကြီးဌာနသည် -

(က) ကြီးကြပ်ရေးအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

(၁) ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန — ဥက္ကဋ္ဌ

(၂) ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ (၁)

(၃) ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ (၂)

(၄) ညွှန်ကြားရေးမှူးချုပ်၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန — အဖွဲ့ဝင်

(၅) ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန — အဖွဲ့ဝင်

(၆) ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံတိုင်းရင်းသား ဘာသာစကားဦးစီးဌာန — အဖွဲ့ဝင်

(၇) ညွှန်ကြားရေးမှူးချုပ်၊ လေ့လာဆန်းစစ် အကဲဖြတ်ရေးဦးစီးဌာန — အဖွဲ့ဝင်

(၈) သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ — အဖွဲ့ဝင်

(၉) အမျိုးသားသင်ရိုးညွှန်းတမ်း ကော်မတီအဖွဲ့ဝင်သုံးဦး — အဖွဲ့ဝင်

(၁၀) အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေး အာမခံမှုအကဲဖြတ်ကော်မတီ အဖွဲ့ဝင်သုံးဦး — အဖွဲ့ဝင်

(၁၁) ညွှန်ကြားရေးမှူးချုပ်/ အမြဲတမ်းအတွင်းဝန်၊ ပညာရေးဝန်ကြီးဌာန — အတွင်းရေးမှူး

(၁၂) ညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့်ပညာဦးစီးဌာန — တွဲဖက်အတွင်းရေးမှူး(၁)

(၁၃) ညွှန်ကြားရေးမှူးချုပ်၊ အခြေခံပညာဦးစီးဌာန — တွဲဖက်အတွင်းရေးမှူး(၂)

(၁၄) ညွှန်ကြားရေးမှူးချုပ်၊ ဆရာအတတ်ပညာဦးစီးဌာန — တွဲဖက်အတွင်းရေးမှူး(၃)

(ခ) ကြီးကြပ်ရေးအဖွဲ့ကို လိုအပ်ပါက ပုဒ်မခွဲ(က) ပါ သတ်မှတ်ချက်နှင့်အညီ ပြင်ဆင် ဖွဲ့စည်းနိုင်သည်။

၁၀။ ကြီးကြပ်ရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါ အတိုင်းဖြစ်သည် -

(က) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း အမျိုးအစား အလိုက်ထားရှိရမည့်စံချိန်စံညွှန်းများသတ်မှတ်ပေးခြင်း၊

(ခ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းနှင့် ပုဂ္ဂလိက ကျောင်းဆရာ မှတ်ပုံတင် လျှောက်ထားရာတွင် တင်ပြရမည့် လိုအပ်ချက်များကို သတ်မှတ်ပေးခြင်း၊

စာမျက်နှာ ၂၂ သို့

စာမျက်နှာ ၂၁ မှအဆက်

(ဂ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကအဆင့်မြင့်ပညာကျောင်း၊ နိုင်ငံတကာ သင်ရိုးညွှန်းတမ်းနှင့် သင်ကြားသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းနှင့် နိုင်ငံခြားသား ပုဂ္ဂလိကကျောင်းဆရာ ပါဝင်သင်ကြားသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများကို မှတ်ပုံတင် လက်မှတ်ထုတ်ပေးခြင်း၊ သက်တမ်းတိုးမြှင့်ခြင်း၊ ပေါင်းစည်းခြင်း၊ အပြီးပိတ်သိမ်းခြင်း၊ သင်တန်းရပ်နားခြင်းတို့နှင့် စပ်လျဉ်း၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဃ) ပုဒ်မခွဲ (ဂ) ပါ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများက မှတ်ပုံတင်သက်တမ်းအတွင်း သင်တန်းရပ်နားရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သင်ယူသူများ၏ အခွင့်အရေး မဆုံးရှုံးစေရန်နှင့် ကျောင်းသားမိဘများ၏ နစ်နာဆုံးရှုံးမှုများ မရှိစေရန် စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုပေးခြင်း၊

(င) ဤဥပဒေအရ ပေးသွင်းရမည့် မှတ်ပုံတင်ကြေး၊ နှစ်စဉ်ကြေးနှင့် အခြားအခကြေးငွေတို့ကို သတ်မှတ်ခြင်းနှင့် ယင်းကိစ္စရပ်များအတွက် ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ပေးခြင်းတို့ကို ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့၏ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(စ) ပုဒ်မခွဲ(ဂ)ပါ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း တည်ထောင်သူ သို့မဟုတ် စီမံအုပ်ချုပ်သူ ပြောင်းလဲခြင်း၊ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏အမည် ပြောင်းလဲခြင်း သို့မဟုတ် တည်နေရာ ပြောင်းရွှေ့ဖွင့်လှစ်ခြင်းတို့ကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဆ) နိုင်ငံခြားသား ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင် လက်မှတ်ထုတ်ပေးခြင်း၊ သက်တမ်းတိုးမြှင့်ခြင်း၊ ပယ်ဖျက်ခြင်းတို့ကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဇ) ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့၊ မှတ်ပုံတင်အရာရှိချုပ်နှင့် မှတ်ပုံတင်အရာရှိတို့အား ကြီးကြပ်ခြင်းနှင့် လမ်းညွှန်ခြင်း၊

(ဈ) လိုအပ်သော လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ည) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၁၁။ ကြီးကြပ်ရေးအဖွဲ့သည် -

(က) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကအဆင့်မြင့်ပညာကျောင်း၊ နိုင်ငံတကာ သင်ရိုးညွှန်းတမ်းနှင့်သင်ကြားသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းနှင့် နိုင်ငံခြားသား ပုဂ္ဂလိကကျောင်းဆရာ ပါဝင်သင်ကြားသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများကို မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊ သက်တမ်းတိုးမြှင့်ခြင်း၊ ပေါင်းစည်းခြင်း၊ အပြီးပိတ်သိမ်းခြင်း၊ သင်တန်းရပ်နားခြင်းတို့နှင့်စပ်လျဉ်း၍ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့၏ စိစစ်တင်ပြချက်ကို သတ်မှတ်ချိန်အတွင်း စိစစ်ဆုံးဖြတ်ရမည်။

(ခ) နိုင်ငံခြားသားပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင် လက်မှတ်နှင့်စပ်လျဉ်း၍ ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့၏ စိစစ်တင်ပြချက်ကို သတ်မှတ်ချိန်အတွင်း စိစစ်ဆုံးဖြတ်ရမည်။

(ဂ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ၏ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများသည် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၏ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိစေရန် ကြီးကြပ်ဆောင်ရွက်ရမည်။

(ဃ) အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေး အာမခံမှု အကဲဖြတ်ကော်မတီက ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ၏ ပညာရေးဆိုင်ရာ အဆင့်အတန်းနှင့် အရည်အသွေး အကဲဖြတ်ရာတွင် ကူညီပံ့ပိုးရမည်။

(င) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ၏ ပညာရေးဆိုင်ရာ အဆင့်အတန်းနှင့် အရည်အသွေးသည် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေး အာမခံမှု အကဲဖြတ်ကော်မတီ၏ သတ်မှတ်ချက်များနှင့်အညီ ဖြစ်စေရန် ကြီးကြပ်ဆောင်ရွက်ရမည်။

(စ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း အမျိုးအစားအလိုက် အပ်နှင်းသော သင်တန်းပြီးဆုံးကြောင်းလက်မှတ်၊ အောင်လက်မှတ်၊ ဒီပလိုမာ၊ ဘွဲ့၊ ဂုဏ်ထူးဆောင်ဘွဲ့များသည် သတ်မှတ်ချက်များနှင့်ပြည့်စုံမှု ရှိ မရှိ စိစစ်ကြီးကြပ်ရမည်။

(ဆ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ တည်ထောင်ရာတွင် ကျောင်းအမျိုးအစားအလိုက် ရင်းနှီးမြှုပ်နှံနိုင်မှုပမာဏ၏ စစ်မှန်မှုကို စစ်ဆေးရမည်။

(ဇ) နိုင်ငံခြားသားပုဂ္ဂလိကကျောင်းဆရာများ၏ အရည်အသွေးအဆင့်အတန်းသည် ဝန်ကြီးဌာနက ချမှတ်သော မူဝါဒနှင့်အညီ ဖြစ်စေရန် စိစစ်ဆောင်ရွက်ရမည်။

(ဈ) နိုင်ငံခြားသားပုဂ္ဂလိက ကျောင်းဆရာ ရရှိထားသော ဘွဲ့ဘာသာရပ်ဖြင့်ဖြစ်စေ၊ ကျွမ်းကျင်သော အခြားဘာသာရပ်ဖြင့်ဖြစ်စေ သင်ကြားခွင့်ရရှိစေရန် စိစစ်ခွင့်ပြုရမည်။

၁၂။ ကြီးကြပ်ရေးအဖွဲ့နှင့် ယင်းက ဖွဲ့စည်းထားသည့် လုပ်ငန်းအဖွဲ့များသည် မည်သည့် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကိုမဆို အခါအားလျော်စွာ သွားရောက်စစ်ဆေးခြင်း၊ လိုအပ်ပါက ဓာတ်ပုံ ဗီဒီယိုမှတ်တမ်းများ ရယူခြင်း၊ စုံစမ်းမေးမြန်းခြင်း၊ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများကို ကြည့်ရှုခြင်းနှင့် မိတ္တူကူးယူခြင်းများ ပြုလုပ်နိုင်သည်။

၁၃။ ဦးစီးဌာနသည် ကြီးကြပ်ရေးအဖွဲ့၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်၍ ယင်းအဖွဲ့၏ ကုန်ကျစရိတ်များကိုလည်း ကျခံရမည်။

## အခန်း (၇)
## ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၄။ ကြီးကြပ်ရေးအဖွဲ့သည် -

(က) ပြည်ထောင်စုနယ်မြေ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း ကြီးကြပ်ရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(၁) နေပြည်တော်ကောင်စီက တာဝန်ပေးအပ်သောကောင်စီဝင် — ဥက္ကဋ္ဌ
(၂) ပြည်ထောင်စုနယ်မြေရှိ တက္ကသိုလ်မှ ပါမောက္ခချုပ်တစ်ဦး — အဖွဲ့ဝင်
(၃) သက်ဆိုင်ရာဝန်ကြီးဌာနမှ ကိုယ်စားလှယ်နှစ်ဦး — အဖွဲ့ဝင်
(၄) ပြည်ထောင်စုနယ်မြေ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
(၅) ကုသရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
(၆) အလုပ်သမားညွှန်ကြားမှု ဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
(၇) ပြည်ထောင်စုနယ်မြေရှိ နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးဆိုင်ရာကျောင်းမှ ကျောင်းအုပ်ကြီးတစ်ဦး — အဖွဲ့ဝင်
(၈) ပြည်ထောင်စုနယ်မြေ ပညာရေးမှူး — အတွင်းရေးမှူး

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း ကြီးကြပ်ရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(၁) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့က တာဝန်ပေးအပ်သော ဝန်ကြီး — ဥက္ကဋ္ဌ
(၂) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိ တက္ကသိုလ်မှ ပါမောက္ခချုပ်တစ်ဦး — အဖွဲ့ဝင်
(၃) သက်ဆိုင်ရာဝန်ကြီးဌာနမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ကိုယ်စားလှယ်နှစ်ဦး — အဖွဲ့ဝင်
(၄) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
(၅) ကုသရေးဦးစီးဌာနမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
(၆) အလုပ်သမားညွှန်ကြားမှု ဦးစီးဌာနမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
(၇) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိ နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးဆိုင်ရာ ကျောင်းမှ ကျောင်းအုပ်ကြီးတစ်ဦး — အဖွဲ့ဝင်
(၈) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပညာရေးမှူး — အတွင်းရေးမှူး

(ဂ) ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ကို လိုအပ်ပါက ပုဒ်မခွဲ (က)နှင့် ပုဒ်မခွဲ(ခ) တို့ပါ သတ်မှတ်ချက်နှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၅။ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကအဆင့်မြင့်ပညာကျောင်း၊ နိုင်ငံတကာ သင်ရိုးညွှန်းတမ်းနှင့် သင်ကြားသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းနှင့် နိုင်ငံခြားသား ပုဂ္ဂလိကကျောင်းဆရာ ပါဝင်သင်ကြားသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများကို မှတ်ပုံတင် လက်မှတ်ထုတ်ပေးခြင်း၊ သက်တမ်းတိုးမြှင့်ခြင်း၊ ပေါင်းစည်းခြင်း၊ အပြီးပိတ်သိမ်းခြင်း၊ သင်တန်း ရပ်နားခြင်းတို့ကို ကြီးကြပ်ရေးအဖွဲ့သို့ စိစစ်တင်ပြ၍ ယင်း၏ဆုံးဖြတ်ချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(ခ) ပုဒ်မခွဲ(က)ပါ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများမှအပ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေအတွင်းရှိ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ၏ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊ သက်တမ်းတိုးမြှင့်ခြင်း၊ ပေါင်းစည်းခြင်း၊ အပြီးပိတ်သိမ်းခြင်း၊ သင်တန်းရပ်နားခြင်းတို့နှင့် စပ်လျဉ်း၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဂ) သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေအတွင်းရှိ မြန်မာနိုင်ငံသား ပုဂ္ဂလိကကျောင်းဆရာများ၏ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊ သက်တမ်းတိုးမြှင့်ခြင်း၊ ပယ်ဖျက်ခြင်းတို့နှင့် စပ်လျဉ်း၍ စိစစ်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဃ) နိုင်ငံခြားသား ပုဂ္ဂလိကကျောင်းဆရာ၏ မှတ်ပုံတင် လက်မှတ်ထုတ်ပေးခြင်း၊ ထုတ်ပေးရန်ငြင်းပယ်ခြင်း၊ သက်တမ်းတိုးမြှင့်ခြင်း၊ သက်တမ်းတိုးမြှင့်ရန် ငြင်းပယ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းတို့ကို ကြီးကြပ်ရေးအဖွဲ့သို့ စိစစ်တင်ပြ၍ ယင်း၏ ဆုံးဖြတ်ချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(င) ပုဂ္ဂလိကကျောင်းဆရာများ၏ အရည်အသွေးအဆင့်အတန်းသည် ဝန်ကြီးဌာနက ချမှတ်သော မူဝါဒနှင့်အညီ ဖြစ်စေရန် ကြီးကြပ်စစ်ဆေးဆောင်ရွက်ခြင်း၊

(စ) မြန်မာနိုင်ငံသား ပုဂ္ဂလိကကျောင်းဆရာ ရရှိထားသော ဘွဲ့ဘာသာရပ်ဖြင့်ဖြစ်စေ၊ ကျွမ်းကျင်သော အခြားဘာသာရပ်ဖြင့်ဖြစ်စေ သင်ကြားခွင့်ရရှိစေရန် စိစစ်ခွင့်ပြုခြင်း၊

(ဆ) သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေအတွင်းရှိ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ၏ ပညာရေးဆိုင်ရာ အဆင့်အတန်းနှင့် အရည်အသွေးသည် အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီ၏ သတ်မှတ်ချက်များနှင့်အညီ ဖြစ်စေရန် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဇ) ပုဒ်မခွဲ(က)ပါ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများမှအပ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေအတွင်းရှိ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ၏ တည်ထောင်သူ သို့မဟုတ် စီမံအုပ်ချုပ်သူ ပြောင်းလဲခြင်း၊ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိက ကျောင်း၏ အမည်ပြောင်းလဲခြင်း သို့မဟုတ် တည်နေရာ ပြောင်းရွှေ့ဖွင့်လှစ်ခြင်းတို့နှင့် စပ်လျဉ်း၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဈ) ပုဒ်မခွဲ(က)ပါ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ အမည်ပြောင်းလဲခြင်းသို့မဟုတ်တည်ထောင်သူ သို့မဟုတ် စီမံအုပ်ချုပ်သူပြောင်းလဲခြင်း၊ တည်နေရာပြောင်းရွှေ့ဖွင့်လှစ်ခြင်းတို့နှင့် စပ်လျဉ်း၍ ကြီးကြပ်ရေးအဖွဲ့သို့ စိစစ်တင်ပြ၍ ယင်း၏ ဆုံးဖြတ်ချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(ည) ပုဒ်မခွဲ(က)ပါ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများမှအပ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေအတွင်းရှိ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများသည် မှတ်ပုံတင်သက်တမ်းအတွင်း သင်တန်းရပ်နားရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သင်ယူသူများ၏ အခွင့်အရေး မဆုံးရှုံးစေရန်နှင့် ကျောင်းသားမိဘများ၏ နစ်နာဆုံးရှုံးမှုများ မရှိစေရန် စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုပေးခြင်း၊

(ဋ) သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ အတွင်းရှိ မှတ်ပုံတင်ထားသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းသည် သတ်မှတ်ချက်များနှင့်အညီ လုပ်ငန်းစတင်နိုင်ခြင်း ရှိ မရှိ ကြီးကြပ်ခြင်း၊

(ဌ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းနှင့် သက်ဆိုင်သည့် စာရင်းအင်း၊ သတင်းအချက်အလက်များ ပြုစုခြင်း၊ ထိန်းသိမ်းခြင်း၊ ထုတ်ပြန်ခြင်းနှင့် ကြီးကြပ်ရေးအဖွဲ့ထံ သတ်မှတ်ချက်နှင့်အညီ တင်ပြခြင်း၊

စာမျက်နှာ ၂၃ သို့

စာမျက်နှာ ၂၂ မှအဆက်

(ဍ) စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သော တည်ထောင်သူ၊ စီမံအုပ်ချုပ်သူ၊ ပုဂ္ဂလိကကျောင်းဆရာများနှင့်စပ်လျဉ်း၍ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူနိုင်ရန် ကြီးကြပ်ရေးအဖွဲ့သို့ စိစစ်တင်ပြခြင်း၊

(ဎ) ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဏ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းနှင့်စပ်လျဉ်း၍ ကြီးကြပ်ရေးအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၁၆။ ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့သည် -

(က) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကအဆင့်မြင့်ပညာကျောင်း၊ နိုင်ငံတကာ သင်ရိုးညွှန်းတမ်းနှင့် သင်ကြားသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းနှင့် နိုင်ငံခြားသား ပုဂ္ဂလိကကျောင်းဆရာ ပါဝင်သင်ကြားသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်း သို့မဟုတ် မှတ်ပုံတင်သက်တမ်းတိုးလျှောက်ထားခြင်း၊ ပေါင်းစည်းခြင်း၊ အပြီးပိတ်သိမ်းခြင်း သို့မဟုတ် သင်တန်းရပ်နားခြင်းတို့နှင့်စပ်လျဉ်း၍ လျှောက်ထားခြင်းကို သတ်မှတ်ချက်နှင့်အညီ ကြီးကြပ်ရေးအဖွဲ့သို့ စိစစ်တင်ပြရမည်။

(ခ) နိုင်ငံခြားသားပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်း သို့မဟုတ် မှတ်ပုံတင်သက်တမ်းတိုး လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်နှင့်အညီ ကြီးကြပ်ရေးအဖွဲ့သို့ စိစစ်တင်ပြရမည်။

(ဂ) ပုဒ်မခွဲ (က)နှင့် ပုဒ်မခွဲ (ခ) ပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကြီးကြပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်ကို သတ်မှတ်ချိန်အတွင်း မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ရမည်။

(ဃ) ပုဒ်မခွဲ(က)ပါ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများမှအပ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်း သို့မဟုတ် မှတ်ပုံတင် သက်တမ်းတိုးလျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်နှင့်အညီ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုရမည်။

(င) မြန်မာနိုင်ငံသား ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်း သို့မဟုတ် မှတ်ပုံတင် သက်တမ်းတိုးလျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်နှင့်အညီ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုရမည်။

(စ) ပုဒ်မခွဲ (ဃ) နှင့် ပုဒ်မခွဲ (င) တို့ပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်ကို သတ်မှတ်ချိန်အတွင်း မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ရမည်။

၁၇။ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့နှင့် ယင်းကဖွဲ့စည်းထားသည့် လုပ်ငန်းအဖွဲ့များသည် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေအတွင်းရှိ မည်သည့် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကိုမဆို အခါအားလျော်စွာ သွားရောက်စစ်ဆေးခြင်း၊ လိုအပ်ပါက ဓာတ်ပုံဗီဒီယိုမှတ်တမ်းများရယူခြင်း၊ စုံစမ်းမေးမြန်းခြင်း၊ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများကို ကြည့်ရှုခြင်းနှင့် မိတ္တူကူးယူခြင်းများ ပြုလုပ်နိုင်သည်။

၁၈။ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပညာရေးမှူးရုံးသည် သက်ဆိုင်ရာ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်၍ ယင်းအဖွဲ့၏ ကုန်ကျစရိတ်များကိုလည်း ကျခံရမည်။

## အခန်း (၈)
## မှတ်ပုံတင်အရာရှိချုပ်၊ ဒုတိယမှတ်ပုံတင်အရာရှိချုပ်နှင့် မှတ်ပုံတင်အရာရှိ

၁၉။ ဝန်ကြီးဌာနသည် -

(က) ညွှန်ကြားရေးမှူးချုပ်/ အမြဲတမ်းအတွင်းဝန်၊ ပညာရေးဝန်ကြီးဌာနကို မှတ်ပုံတင်အရာရှိချုပ်အဖြစ် ခန့်အပ်ရမည်။

(ခ) အခြေခံပညာဦးစီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနနှင့် ဆရာအတတ်ပညာဦးစီးဌာနတို့၏ ညွှန်ကြားရေးမှူးချုပ်များကို ဒုတိယမှတ်ပုံတင်အရာရှိချုပ်များအဖြစ် ခန့်အပ်ရမည်။

(ဂ) မှတ်ပုံတင်အရာရှိချုပ်နှင့် ဒုတိယမှတ်ပုံတင်အရာရှိချုပ်များ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

၂၀။ မှတ်ပုံတင်အရာရှိချုပ်သည် -

(က) ဤဥပဒေအရ မှတ်ပုံတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပညာရေးမှူးများကို သက်ဆိုင်ရာပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှတ်ပုံတင်အရာရှိအဖြစ် ခန့်အပ်ရမည်။

(ခ) မှတ်ပုံတင်ခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိများအား ကြီးကြပ်လမ်းညွှန်ရမည်။

၂၁။ ဒုတိယမှတ်ပုံတင်အရာရှိချုပ်များသည် မှတ်ပုံတင်ခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာန၏ သတ်မှတ်ချက်နှင့်အညီ ကြီးကြပ်ဆောင်ရွက်ရမည်။

၂၂။ ဦးစီးဌာနသည် မှတ်ပုံတင်အရာရှိချုပ်၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်၍ မှတ်ပုံတင်အရာရှိချုပ်၏ ရုံးလုပ်ငန်းဆိုင်ရာ ကုန်ကျစရိတ်များကိုလည်း ကျခံရမည်။

၂၃။ မှတ်ပုံတင်အရာရှိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေအတွင်းရှိ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ၏ မှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ခ) ကြီးကြပ်ရေးအဖွဲ့နှင့်ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့တို့၏ ဆုံးဖြတ်ချက်နှင့်အညီ ဤဥပဒေအရ ပေးသွင်းရမည့် မှတ်ပုံတင်ကြေး၊ နှစ်စဉ်ကြေး၊ အခြားအခကြေးငွေနှင့် ဒဏ်ကြေးငွေများကို ကောက်ခံခြင်း၊

(ဂ) ကြီးကြပ်ရေးအဖွဲ့၊ မှတ်ပုံတင်အရာရှိချုပ်နှင့် ဒုတိယမှတ်ပုံတင်အရာရှိချုပ်များက အခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ဆောင်ရွက်ခြင်း။

၂၄။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၁၆ ပုဒ်မခွဲ (ဂ)နှင့် ပုဒ်မခွဲ (စ) တို့အရ ပေးပို့သည့် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေး ပေးသွင်းစေပြီး မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။

၂၅။ သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပညာရေးမှူးရုံးသည် မှတ်ပုံတင်အရာရှိ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်၍ မှတ်ပုံတင်အရာရှိ၏ ရုံးလုပ်ငန်းဆိုင်ရာ ကုန်ကျစရိတ်များကိုလည်း ကျခံရမည်။

## အခန်း (၉)
## ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း တည်ထောင်ခြင်းအတွက် သတ်မှတ်ချက်များ

၂၆။ တည်ထောင်လိုသူသည် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း တည်ထောင်ဖွင့်လှစ်ရန် မှတ်ပုံတင်လက်မှတ်လျှောက်ထားရာတွင် ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနက သတ်မှတ်ထားသော အခြေခံလိုအပ်ချက်များ၊ ကြီးကြပ်ရေးအဖွဲ့၏ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့သို့ လျှောက်ထားရမည်။

၂၇။ တည်ထောင်လိုသူသည် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လက်မှတ် လျှောက်ထားရာတွင် အောက်ပါအထောက်အထား၊ စာရွက်စာတမ်းများကို ပူးတွဲတင်ပြရမည် -

(က) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ သက်ဆိုင်ရာဥပဒေများနှင့်အညီ ကိုယ်ပိုင်သို့မဟုတ်ပုဂ္ဂလိကကျောင်း တည်ထောင်ရန် ခွင့်ပြုထားသော အထောက်အထားများ၊

(ခ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းအဖြစ် အသုံးပြုမည့် မြေနှင့် အဆောက်အဦ သို့မဟုတ် အဆောက်အဦပိုင်ဆိုင်ခွင့် သို့မဟုတ် ငှားရမ်းအသုံးပြုခွင့်ဆိုင်ရာ အထောက်အထားများ၊

(ဂ) သတ်မှတ်သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာအတိုင်း သင်ကြားရန် သင်ကြားမှုအစီအစဉ်၊

(ဃ) ကျောင်းသား၊ ကျောင်းသူ အဆောင်များထားရှိပါက ကြီးကြပ်ရေးအဖွဲ့၏ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ထားကြောင်း အထောက်အထားများ၊

(င) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ ပရိဝုဏ်၊ ပတ်ဝန်းကျင်နှင့် စာသင်ခန်းများသည် ဥပမိရုပ်ကောင်း မွန်ကာ ကျန်းမာရေးနှင့်ညီညွတ်၍ သန့်ရှင်းစင်ကြယ်မှု ရှိစေရန် ဆောင်ရွက်ထားကြောင်း အထောက်အထားများ၊

(စ) အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်များ၊

(ဆ) ကျောင်းလုံခြုံရေးနှင့် မီးဘေးကာကွယ်ရေးအစီအစဉ်များ။

၂၈။ တည်ထောင်သူသည် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ သင်တန်းများကို ဤဥပဒေနှင့်အညီ မှတ်ပုံတင်လက်မှတ်ရရှိသည့်နေ့မှ စ၍ တစ်နှစ်အတွင်းဖွင့်လှစ်ရမည်။

၂၉။ (က) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ မှတ်ပုံတင် သက်တမ်းသည် စတင်ထုတ်ပေးသည့်နေ့မှစ၍ ငါးနှစ်ဖြစ်သည်။

(ခ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းသည် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ခြင်းကို ခွင့်ပြုသက်တမ်းကာလအတွက် အစီရင်ခံစာနှင့်အတူ မှတ်ပုံတင်လက်မှတ်သက်တမ်းမကုန်ဆုံးမီ ခြောက်လကြိုတင်၍ သက်ဆိုင်ရာဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့သို့ လျှောက်ထားရမည်။

(ဂ) တည်ထောင်သူသည် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း တည်ထောင်ဖွင့်လှစ်ရန် မှတ်ပုံတင်ခွင့်ရရှိလျှင် မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေးကို သတ်မှတ်ချက်နှင့်အညီ သက်ဆိုင်ရာဌာန ငွေစာရင်းသို့ ပေးသွင်းရမည်။

၃၀။ တည်ထောင်သူ သို့မဟုတ် စီမံအုပ်ချုပ်သူသည် -

(က) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လက်မှတ်ကို အများပြည်သူ မြင်သာသည့်နေရာတွင် ချိတ်ဆွဲထားရမည်။

(ခ) ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လက်မှတ်ရရှိသူအား သင်ကြားခွင့်ရရှိသည့် ဘာသာရပ်ကိုသာ သင်ကြားခွင့်ပြုရမည်။

(ဂ) ပုဂ္ဂလိကကျောင်းဆရာနှင့် ဝန်ထမ်းများကို အလုပ်ခန့်ထားရာတွင် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုခန့်ထားရမည်။

(ဃ) ဘာသာရပ်အလိုက် ပုဂ္ဂလိကကျောင်းဆရာ ခန့်အပ်ရာတွင် သက်ဆိုင်ရာကျောင်း၏ ဖွဲ့စည်းပုံပြည့်မီရမည်ဖြစ်ပြီး အမြဲတမ်းခန့်အပ်သည့် ပုဂ္ဂလိကကျောင်းဆရာ အရေအတွက်သည် အနည်းဆုံး ၅၀ ရာခိုင်နှုန်းရှိရမည်။

(င) ဘာသာရပ်အလိုက် လိုအပ်သည့် သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ လုံလောက်စွာ စီမံထားရှိရမည်။

(စ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းတွင် ဘာသာရပ်သင်ခန်းစာ၊ ထပ်ဆောင်းဘာသာရပ်နှင့် ထပ်ဆောင်းသင်ခန်းစာကို သက်ဆိုင်ရာအတန်းအတွက် သတ်မှတ်ထားသော သင်ရိုးမာတိကာအောက် လျော့နည်းမှုမရှိဘဲ သင်ကြားရမည်။

(ဆ) သတ်မှတ်သင်ရိုးညွှန်းတမ်းနှင့် သက်ဆိုင်ခြင်းမရှိသည့် ပါတီနိုင်ငံရေးဆိုင်ရာ အကြောင်းအရာများ၊ ဘာသာရေးအကြောင်းအရာများနှင့် မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသော အကြောင်းအရာများကို သင်ကြားပို့ချခြင်း မပြုရန် ကြပ်မတ်ရမည်။

(ဇ) တည်ထောင်သူ သို့မဟုတ် စီမံအုပ်ချုပ်သူ ပြောင်းလဲခြင်း၊ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ အမည်ပြောင်းလဲခြင်း သို့မဟုတ် တည်နေရာ ပြောင်းရွှေ့ဖွင့်လှစ်ခြင်းကို ကြီးကြပ်ရေးအဖွဲ့ သို့မဟုတ် သက်ဆိုင်ရာ ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

(ဈ) ပညာသင်နှစ်အလိုက် ကျောင်းပိတ်ရက်နှင့် အများပြည်သူအလုပ်ပိတ်ရက်များမှတစ်ပါး တစ်ဆက်တည်း ခုနစ်ရက်ထက်ပို၍ သင်ကြားမှုရပ်နားလိုပါက သက်ဆိုင်ရာ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ရယူရမည်။

(ည) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ ဖွင့်လှစ်ဆဲ သင်တန်းတစ်ခုခု ရပ်နားလိုပါက သင်တန်းတက်ရောက်ဆဲ သင်ယူသူများ၏ အခွင့်အရေး မဆုံးရှုံးစေရန်နှင့် ကျောင်းသားမိဘများ၏ နစ်နာဆုံးရှုံးမှုများ မရှိစေရန် ကြီးကြပ်ရေးအဖွဲ့ သို့မဟုတ် သက်ဆိုင်ရာ ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့၏ခွင့်ပြုချက် ရယူရမည်။

(ဋ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ အဆောက်အဦများ၊ ပရိဝုဏ်များ ဖျက်ဆီးခံရခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အခြားအကြောင်းတစ်ခုခုကြောင့် အသုံးပြု၍ မရတော့ခြင်း ဖြစ်ပေါ်လာပါက နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ပြုပြင်၍ ကျောင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရမည်။

(ဌ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ ကြော်ငြာများတွင် မှန်ကန်သော အချက်အလက်များကို ဖော်ပြရမည်။

(ဍ) သင်ယူသူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်၊ သင်ယူတတ်မြောက်မှု အရည်အချင်း၊ ကျောင်းဝင်၊ ကျောင်းထွက်၊ ကျောင်းပြောင်းမှတ်တမ်းများကို သတ်မှတ်ချက်နှင့်အညီ ထားရှိရမည်။

(ဎ) သက်ဆိုင်ရာသင်တန်း သတ်မှတ်ချက်နှင့်အညီ သင်ယူသူ၏ အရည်အချင်းနှင့် ကျွမ်းကျင်မှုကို စစ်ဆေး၍ သင်တန်းပြီးဆုံးကြောင်းလက်မှတ်၊ အောင်လက်မှတ်၊ ဒီပလိုမာနှင့် ဘွဲ့လက်မှတ်တို့ကို သတ်မှတ်ချက်နှင့်အညီ စိစစ်ထုတ်ပေးရမည်။

(ဏ) သင်ယူသူအတွက် အတန်းတင်ခြင်း၊ တန်းခွဲသတ်မှတ်ခြင်း၊ ကျောင်းပြောင်းလက်မှတ် သို့မဟုတ် ကျောင်းထွက်လက်မှတ် ထုတ်ပေးခြင်းတို့ကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

(တ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း မှတ်ပုံတင်စဉ်က တင်ပြသော အချက်အလက်များနှင့်အညီ လုပ်ငန်းများ ဆောင်ရွက်ရမည်။

(ထ) ကြီးကြပ်ရေးအဖွဲ့နှင့် သက်ဆိုင်ရာ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့က အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များကို လိုက်နာရမည်။

(ဆက်လက်ဖော်ပြပါမည်)

# အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ



အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။

**နေပြည်တော် မေ ၁၂**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကုမ္ပဏီများမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် Pilot Project ကာလအတွင်း ကော်မတီ၏ အကောင်အထည်ဖော် ဆောင်ရွက်မှုများနှင့် ဆက်လက်အကောင်အထည်ဖော်မည့် ကိစ္စရပ်များကို ဆွေးနွေးအတည်ပြုနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၂၃ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ

**နေပြည်တော် မေ ၁၂**

ကျောင်းသား၊ ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များ အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း(အငယ်တန်းအဆင့်) ဖွင့်ပွဲများကို ဧပြီ ၂၄ ရက်တွင် သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို ရန်ကုန်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၉၇ ဦး၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၈၅ ဦး၊ တနင်္သာရီတိုင်းဒေသကြီး ဟိန်းဇဲမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်းဦးရေ ၆၀ တို့ကို သက်ဆိုင်ရာ နယ်မြေအသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ တပ်မတော်(ရေ) ရေကြောင်းလူငယ်သင်တန်းစခန်း ၁၁ ခု၌ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၇၁၂ ဦးတို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။


အလားတူ တပ်မတော်(လေ)က မိတ္ထီလာမြို့ရှိ လေကြောင်းအတတ်သင်လေတပ်စခန်းဌာနချုပ်နှင့် မြေပြင်အတတ်သင်လေတပ်စခန်းဌာနချုပ်တို့၌ သင်တန်းစခန်း ၁၇ ခုတို့မှ စခန်းသွင်းလေ့ကျင့်သင်ကြားပေးလျက်ရှိပြီး အခြေခံလေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း (အငယ်တန်းအဆင့်) သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ဦးရေ ၆၈၀ တို့သည် ယနေ့တွင် မြေပြင်အတတ်သင်လေတပ်စခန်းဌာနချုပ်တွင် RC Simulator မောင်းနှင်ခြင်း၊ RC လေယာဉ်၊ ရဟတ်ယာဉ်၊ Drone လက်တွေ့မောင်းနှင်ခြင်းနှင့် အခြေခံစစ်ရေးပြ လေ့ကျင့်ခြင်းများအား ဆောင်ရွက်ခဲ့ကြသည်။



၂၀၂၃ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား၊သင်တန်းသူများကို သင်တန်းနည်းပြများက လေ့ကျင့်သင်ကြားပေးစဉ်။

အဆိုပါ သင်တန်းသားများသည် မေ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် မြေပြင်အတတ်သင် လေတပ်စခန်းဌာနချုပ်၌ သင်တန်းပေါင်းစုံ RC Simulator မောင်းနှင်ခြင်းပြိုင်ပွဲ၊ RC လေယာဉ်၊ ရဟတ်ယာဉ်၊ Drone မောင်းပြိုင်ပွဲနှင့် အခြေခံစစ်ရေးပြပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ ဘင်္ဂလားဒေ့ရှ်-ရခိုင်ကမ်းရိုးတန်းသို့ ဦးတည်ရွေ့လျားမည့်အခြေအနေရှိသဖြင့် လိမ္မော်ရောင်အဆင့်သတိမှတ်




**နေပြည်တော် မေ ၁၂**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင်ဖြစ်ပေါ်နေသော အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" (MOCHA)သည် မြောက်-အရှေ့မြောက်ဘက်သို့ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်ဘက် ရေမိုင် ၂၉၀ ခန့်၊ ဟိုင်းကြီးကျွန်းမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၃၅၀ ခန့်၊ စစ်တွေမြို့၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၄၂၅ ခန့်၊ အိန္ဒိယနိုင်ငံ ပို့ဘလဲယား၏ အနောက်မြောက်ဘက် ရေမိုင် ၁၁၀ ခန့်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကော့ဘဇားမြို့၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၄၇၅ ခန့်အကွာ ပင်လယ်ပြင်ကိုဗဟိုပြုနေသည်။

အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"(MOCHA)၏ လက်ရှိအခြေအနေမှာ ဘင်္ဂလားဒေ့ရှ်-ရခိုင်ကမ်းရိုးတန်းသို့ ဦးတည်ရွေ့လျားနိုင်သည့် အခြေအနေရှိသဖြင့် လိမ္မော်ရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" (MOCHA)သည် ညနေ ၅ နာရီခွဲတွင် မြောက်လတ္တီကျု ၁၄ ဒသမ ၄ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၈ ဒသမ ၄ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၇၄ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၈၀ မှ ၉၀ နှုန်းခန့်ဖြစ်သည်။

အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" (MOCHA)သည် မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာကာ ယနေ့ညပိုင်းတွင် ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်း၌ အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" (MOCHA)အဖြစ်သို့ ရောက်ရှိနိုင်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့နှင့် မြန်မာနိုင်ငံ ကျောက်ဖြူမြို့တို့ကြား စစ်တွေမြို့အနီးမှ မေ ၁၄ ရက် နေ့လယ်ပိုင်းတွင် အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" (MOCHA) အနေဖြင့် ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

# မေ ၁၂ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၅၇ ဦးတွေ့ရှိ

**နေပြည်တော် မေ ၁၂**

မေ ၁၁ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၀၅၂၄ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၅၇ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၉၉၆၇ ဦး |
| သေဆုံးသူ | ၁၉၄၉၃ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၅၇၂၀ ဦး |

# ထိုင်းဘုရင့်လေတပ်မှ ဒုတိယဗိုလ်ချုပ်ကြီး Air Marshal Chainat Phonkit ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ လေ့လာရေးလာရောက်လည်ပတ်

**နေပြည်တော် မေ ၁၂**

တပ်မတော်(လေ)နှင့် ထိုင်းဘုရင့်လေတပ်တို့အကြား (၇)ကြိမ်မြောက် Air Working Group အစည်းအဝေး သဘောတူညီချက်အရ အဆင့်မြင့်အရာရှိကြီးများ အပြန်အလှန် လေ့လာရေးအစီအစဉ်အား ထိုင်းဘုရင့်လေတပ်မှ Air Marshal Chainat Phonkit ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင် ငါးဦးသည် မေ ၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာခဲ့ကြရာ တပ်မတော်(လေ)မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ Air Marshal Chainat Phonkit ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မေ ၉ ရက် နံနက်ပိုင်းတွင် တပ်မတော်(လေ)မှ စစ်ဦးစီးအရာရှိချုပ်(လေ)နှင့် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးခဲ့ကြပြီး အထိမ်းအမှတ်လက်ဆောင်များ အပြန်အလှန် လဲလှယ်ခဲ့ကြကာ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။ ထို့နောက် ထိုင်းဘုရင့်လေတပ်မှ အဆင့်မြင့်အရာရှိကြီးများ ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ရှိ ကျောက်မျက်ရတနာပြတိုက်သို့ သွားရောက်လေ့လာခဲ့ကြပြီး ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြသည်။

ဆက်လက်၍ Air Marshal Chainat Phonkit ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မေ ၁၀ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်သို့ သွားရောက်ဖူးမြော်ခြင်းနှင့် ဆင်ဖြူတော်အား ကြည့်ရှုလေ့လာခဲ့ကြသည်။ ထို့နောက် Air Marshal Chainat Phonkit ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြသည်။ ထို့နောက် နေ့လယ်ပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်နှင့် လေကြောင်းစစ်ဆင်ရေး သင်တန်းကျောင်းသို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူတစ်ဦးက တပ်သမိုင်း၊ လေကြောင်းစစ်ဆင်ရေးသင်တန်းကျောင်းနှင့် လေယာဉ်မောင်းသင်ကျောင်းဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းပြသသည်။

ယင်းနောက် အဆိုပါအဖွဲ့သည် လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်ရှိ ပြခန်းအား ကြည့်ရှုကြသည်။ ဆက်လက်၍ အဆိုပါအဖွဲ့သည် လေယာဉ်မောင်းသင်ကျောင်းသို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူတစ်ဦးက လေယာဉ်လေးမျိုးအား ရှင်းလင်းပြသကာ လေယာဉ်မောင်းသင်တန်းသားများနှင့် စုပေါင်းဓာတ်ပုံရိုက်ကြသည်။ ၎င်းနောက် မေ ၁၁ ရက် နံနက်ပိုင်းတွင် ညောင်ပွားပင်ဘုရားအား သွားရောက်ဖူးမြော်ကြသည်။ ထို့နောက် လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်မှူးက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြသည်။

ဆက်လက်၍ Air Marshal Chainat Phonkit ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မေ ၁၁ ရက်တွင် ရွှေတိဂုံစေတီတော်၊ ဗိုလ်တထောင်ဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ဗိုလ်ချုပ်အောင်ဆန်းဈေးသို့ လှည့်လည်ကြည့်ရှုခြင်းများ ဆောင်ရွက်ခဲ့သည်။ ညပိုင်း၌ ထိုင်းလေတပ်စစ်သံမှူးရုံးမှ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

Air Marshal Chainat Phonkit ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြရာ တပ်မတော်(လေ)မှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။



ထိုင်းဘုရင့်လေတပ်မှ ဒုတိယဗိုလ်ချုပ်ကြီး Air Marshal Chainat Phonkit ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်ရှိ ကျောက်မျက်ရတနာပြတိုက်အတွင်း ကြည့်ရှုလေ့လာစဉ်။

# တိုင်းစစ်ဌာနချုပ်များနှင့် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များ၌ နွေရာသီသင်တန်းဆင်းပွဲများ ပြုလုပ်



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ နွေရာသီသင်တန်းဆင်းပွဲကျင်းပစဉ်။

**နေပြည်တော် မေ ၁၂**

နွေရာသီ ကျောင်းပိတ်ရက်ကာလများတွင် အားလပ်ချိန်များကို အကျိုးမဲ့မဖြစ်စေဘဲ ကျန်းမာသန်စွမ်းပြီး နိုင်ငံတော်ကို အကျိုးပြုနိုင်သူများ ပေါ်ပေါက်လာစေရန်၊ ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်လူရွယ်များဖြစ်လာကြစေရန် စသည့် ရည်ရွယ်ချက်များဖြင့် နွေရာသီသင်တန်းများဖြစ်သည့် အင်္ဂလိပ်စာသင်တန်း၊ ကွန်ပျူတာသင်တန်းနှင့် မြန်မာ့သိုင်းသင်တန်းများကို တိုင်းစစ်ဌာနချုပ်များအလိုက် ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး သင်တန်းဆင်းပွဲများကို ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်တို့၌ ကျင်းပပြုလုပ်ကြရာ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးများက သင်တန်းဆင်းအမှာစကားများ အသီးသီးပြောကြားကြသည်။ ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းသား၊ သင်တန်းသူများ၏ သရုပ်ဖော်ပြသမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

## ဘေးအန္တရာယ်ကျရောက်နိုင်ခြေမြင့်မားသည့် အနီးရောင်အဆင့်ဒေသများအဖြစ် သတိပေးကြေညာ

ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသည့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင်ဖြစ်ပေါ်နေသော အားအလွန်ကောင်းသည့် ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) သည် မေ ၁၄ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့နှင့် မြန်မာနိုင်ငံ ကျောက်ဖြူမြို့တို့အကြား စစ်တွေမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းထားပြီး မုန်တိုင်းဖြတ်သန်းတိုက်ခတ်နိုင်သည့်အခြေအနေ၊ ဘေးအန္တရာယ်ကြောင့် ထိခိုက်ခံရနိုင်မှု အခြေအနေများအပေါ် မူတည်၍ အောက်ပါဒေသများကို ဘေးအန္တရာယ်ကျရောက်နိုင်ခြေမြင့်မားသည့် အနီးရောင်အဆင့်ဒေသများအဖြစ် သတိပေးကြေညာအပ်ပါသည်-

၁။ စစ်တွေမြို့နယ်
၂။ ကျောက်ဖြူမြို့နယ်
၃။ မောင်တောမြို့နယ်
၄။ ရသေ့တောင်မြို့နယ်
၅။ မြေပုံမြို့နယ်
၆။ ပေါက်တောမြို့နယ်
၇။ မာန်အောင်မြို့နယ်

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၁၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ဖိုးလုံးဖြူကျေးရွာနေ ကျော်ဇေယျသည် ၎င်းအသုံးပြုသည့် “Kyaw Zay Ya”Facebook အကောင့်နှင့် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ရခိုင်စုကျေးရွာနေ ခိုင်ခန့်ဇော်(ခ) ဇီးကွက်သည် ၎င်းအသုံးပြုသည့် “Khaing Khant Zaw” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၂-၅-၂၀၂၃

| ရွှေ | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား | ကျပ် ၂၃၆၈၂၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား | ကျပ် ၂၃၆၅၆၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၂၀၁၁ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၂၀၀၈ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

| စက်သုံးဆီ(လက်လီဈေးနှုန်းများ) | | |
|---|---|---|
| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
| ဒီဇယ်(တစ်လီတာ) | ၁၉၁၅ ကျပ် | ၁၉၆၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၉၉၅ ကျပ် | ၂၀၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၅၅ ကျပ် | ၂၀၀၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၄၅ ကျပ် | ၂၀၉၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၂၉၀ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၅၇၃ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် ၆၁ . ၇၇၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၅၅၈ . ၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၆၈ . ၈၅ |
| တရုတ် | တစ်ယွမ် | ကျပ် ၃၀၂ . ၀၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၅ . ၅၆၀ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)


မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ (၂၀၂၃)

နေပြည်တော်

၂၀၂၃ ခုနှစ်၊ မေလ ၁၈ ရက်နေ့ မှ ၂၀ ရက်နေ့ ထိ


# ချောင်းဦးမြို့ ရန်အောင်မြေရပ်ကွက်အတွင်းရှိ နေအိမ်များကို PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီး

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ ရန်အောင်မြေရပ်ကွက်ရှိ နေအိမ်များအား PDF အမည်ခံအကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့သည့်နေရာပြပုံ




**နေပြည်တော် မေ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ ရန်အောင်မြေရပ်ကွက်အတွင်းရှိ နေအိမ်များကို PDF အမည်ခံ အကြမ်းဖက်သမားများက ယနေ့နံနက်ပိုင်းတွင် မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ချောင်းဦးမြို့အတွင်းနယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များကို ယနေ့နံနက် ၃ နာရီ ၁၅ မိနစ်ခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက မြန်မာ့စီးပွားရေးဘဏ်၏ အနောက်ဘက် မီတာ ၃၀၀ ခန့်အကွာမှနေ၍ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ အကြမ်းဖက်သမားများသည် တောင်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ ထိုသို့ဆုတ်ခွာထွက်ပြေးစဉ် လုံခြုံရေးအဖွဲ့များက နေအိမ်များကို မီးရှို့သည်ဟု အထင်မြင်လွဲမှားစေရန် ရည်ရွယ်ချက်ဖြင့် အကြမ်းဖက်သမားများက ရန်အောင်မြေရပ်ကွက်အတွင်းရှိ လူနေအိမ်အချို့အား မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

မီးလောင်ရာနေရာသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် သုံးစီး၊ ရေသယ်ယာဉ်လေးစီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့သဖြင့် နံနက် ၄ နာရီ ၁၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် နေအိမ် အလုံး ၂၀ မီးလောင်ပျက်စီးခဲ့သည်။

ထိုသို့ အပြစ်မဲ့အရပ်သားပြည်သူများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများကို ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များအား ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

## (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

၁၂-၅-၂၀၂၃

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ဗီယက်နမ် | ၇၁ | ၆၈ | ၇၈ | ၂၁၇ |
| ၂ | ထိုင်း | ၆၀ | ၄၃ | ၆၇ | ၁၇၀ |
| ၃ | ကမ္ဘောဒီးယား | ၅၇ | ၄၇ | ၆၃ | ၁၆၇ |
| ၄ | အင်ဒိုနီးရှား | ၅၁ | ၄၃ | ၆၁ | ၁၅၅ |
| ၅ | စင်ကာပူ | ၃၈ | ၃၂ | ၃၈ | ၁၀၈ |
| ၆ | ဖိလစ်ပိုင် | ၃၁ | ၅၆ | ၇၃ | ၁၆၀ |
| ၇ | မလေးရှား | ၂၈ | ၃၄ | ၆၀ | ၁၂၂ |
| ၈ | မြန်မာ | ၁၅ | ၁၄ | ၄၃ | ၇၂ |
| ၉ | လာအို | ၆ | ၁၄ | ၄၃ | ၆၃ |
| ၁၀ | ဘရူနိုင်း | ၂ | ၁ | ၅ | ၈ |
| ၁၁ | တီမောလက်စ်တေ | ၀ | ၀ | ၂ | ၂ |

## သတိပေးချက်

ဘင်္ဂလားပင်လယ်အော်တွင် အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း"မိုခါ" (MOCHA)သည် မြန်မာ့ကမ်းရိုးတန်းသို့ ဦးတည်တိုက်ခတ်နေပါသဖြင့် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး/ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန် အသိပေးပြီးဖြစ်ပါသဖြင့် အဆိုပါမုန်တိုင်းသည် ယနေ့မှစ၍ နောက်(၄၈)နာရီအတွင်း စစ်တွေမြို့အနီးမှဖြတ်ကျော်ဝင်ရောက်မည်ဟုလည်း ခန့်မှန်းချက်ထုတ်ပြန်ထားပြီးဖြစ်ရာ လက်ရှိအခြေအနေတွင် မုန်တိုင်းသည် လေတိုက်နှုန်းအမြင့်ဆုံး တစ်နာရီမိုင်(၁၁၀)အထိ ရောက်ရှိနိုင်ပြီး လှိုင်းအမြင့်မှာလည်း (၁၃)ပေမှ (၁၆)ပေအထိရောက်ရှိနိုင်မည်ဖြစ်ပါသဖြင့် ငါးဖမ်းရေယာဉ်/လှေ/သင်္ဘောများ အထူးအန္တရာယ်ရှိသည့်အတွက် ယနေ့ မွန်းတည့် (၁၂:၀၀)နာရီအချိန်မှစ၍ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်သို့ မည်သည့်ငါးဖမ်းရေယာဉ်/လှေ/သင်္ဘောများ လုံးဝ(**လုံးဝ**)မထွက်ရန်ညွှန်ကြားပါသည်။ ညွှန်ကြားချက်ကို လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာမှ လိုအပ်သလို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

## မြို့နယ်အလိုက် အခြေခံစားသောက်ကုန်စည်ဈေးနှုန်းများ

၁၂-၅-၂၀၂၃

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ပေါ်ဆန်း | ဧည့်မထ | ဧစိန် | ပဲဆီ | ရွှေတံခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ | အာလူး | ကြက် | ဝက် | ငါးမြစ်ချင်း | အာပုံခြောက် | ကြက်ဥ တစ်လုံး | ဘဲဥ တစ်လုံး |
| ၁ | နေပြည်တော် | ၅၆၀၀ | ၃၅၀၀ | ၂၀၀၀ | ၁၃၇၀၀ | ၁၅၂၀၀ | ၁၈၀၀-၂၀၀၀ | ၅၀၀၀-၆၀၀၀ | ၂၀၀၀ | ၈၆၅၀ | ၁၅၀၀၀-၁၇၄၀၀ | ၉၅၀၀ | ၁၆၀၀၀-၁၉၀၀၀ | ၂၅၀ | ၃၀၀ |
| ၂ | ရန်ကုန် | ၅၀၀၀ | ၂၈၀၀ | ၂၄၀၀ | ၉၀၀၀-၁၃၀၀၀ | ၁၀၀၀၀-၁၅၀၀၀ | ၁၅၀၀-၂၅၀၀ | ၅၀၀၀-၆၀၀၀ | ၂၅၀၀-၂၈၀၀ | ၁၂၀၀၀ | ၁၀၀၀၀-၁၃၀၀၀ | ၈၀၀၀-၉၅၀၀ | ၂၅၀၀၀-၃၂၀၀၀ | ၂၀၀-၂၅၀ | ၂၅၀-၃၀၀ |
| ၃ | မန္တလေး | ၅၀၀၀ | ၃၂၀၀ | - | ၁၃၀၀၀ | ၁၅၀၀၀-၁၆၀၀၀ | ၁၈၀၀-၂၄၀၀ | ၆၀၀၀-၇၂၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | - | ၁၁၀၀၀-၁၃၀၀၀ | ၂၇၀ | ၃၂၀ |
| ၄ | မြစ်ကြီးနား | ၄၂၀၀ | - | - | ၁၃၀၀၀-၁၅၀၀၀ | ၁၅၀၀၀-၁၇၀၀၀ | ၂၅၀၀ | ၆၀၀၀-၇၀၀၀ | ၂၅၀၀ | ၁၁၀၀၀ | ၂၀၀၀၀-၂၂၀၀၀ | ၇၈၀၀ | ၂၉၀၀၀ | ၃၀၀ | ၄၀၀ |
| ၅ | လားရှိုး | ၄၉၅၀ | ၂၅၀၀ | ၂၅၀၀ | ၁၃၀၀၀-၁၄၀၀၀ | ၁၈၀၀၀ | ၂၂၀၀-၂၅၀၀ | ၅၅၀၀-၇၀၀၀ | ၂၅၀၀ | ၁၃၀၀၀ | ၁၈၀၀၀-၂၀၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀-၂၄၀၀၀ | ၂၅၀ | ၃၀၀-၃၅၀ |
| ၆ | ပုသိမ် | ၃၃၅၀ | ၂၅၀၀ | - | ၁၃၀၀၀-၁၅၀၀၀ | ၁၃၀၀၀-၁၈၀၀၀ | ၂၆၀၀ | ၅၀၀၀-၆၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၈၀၀၀ | ၂၂၀၀၀-၂၄၀၀၀ | ၂၈၀ | ၃၄၀ |
| ၇ | မုံရွာ | ၄၀၀၀ | ၂၃၀၀ | - | ၁၂၅၀၀-၁၃၀၀၀ | ၁၇၀၀၀ | ၂၀၀၀ | ၅၆၀၀-၆၅၀၀ | ၂၀၀၀ | ၈၀၀၀ | ၁၈၀၀၀-၂၀၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀ | ၃၀၀ |

မှတ်ချက်။ ။အထက်ပါဈေးနှုန်းများသည် အချိန်နှင့်အမျှပြောင်းလဲနိုင်ပါသည်။

# အင်အားကြီးနိုင်ငံများနှင့် ဆက်ဆံရေးပြန်လည်ထိန်းညှိလာသော အရှေ့အလယ်ပိုင်းနိုင်ငံများ



မကြာသေးမီက အရှေ့အလယ်ပိုင်းဒေသတွင် တရုတ်နိုင်ငံ၏ သံခင်းတမန်ခင်းဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများ ထွက်ပေါ်လာခြင်းသည် အဆိုပါဒေသရှိနိုင်ငံများအနေဖြင့် ဒေသတွင်း၌အမေရိကန်၏ လွှမ်းမိုးမှုမှခပ်ကင်းကင်းနေကာ ပေကျင်း၏လမ်းကြောင်းနှင့် ပိုမိုနီးကပ်လာဖွယ်ရာရှိသည်။ အချို့သောလေ့လာသုံးသပ်သူများက ဒေသတွင်း၌ ငြိမ်းချမ်းရေးရောင်ခြည်သန်းလာပြီဟုဆိုသည်။ သို့သော် အရှေ့အလယ်ပိုင်းနိုင်ငံများက အဆိုပါတိုးတက်ပြောင်းလဲလာမှုများကို အင်အားကြီးနှစ်နိုင်ငံစလုံးနှင့်ချဉ်းကပ်မှုအဖြစ် ရှုမြင်ထားခြင်းမရှိဟုသိရသည်။

၂၀၂၃ ခုနှစ် မတ်လတွင် ဆော်ဒီအာရေဗျသည် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) ၏ တရားဝင်ဆွေးနွေးဖက်နိုင်ငံဖြစ်လာခဲ့သည်။ SCO သည် တရုတ်ဦးဆောင်သော နိုင်ငံပေါင်းစုံပါဝင်သည့် လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းဖြစ်ပြီး ရုရှား၊ ကာဇက်စတန်၊ ကာဂျစ်စတန်၊ ဥဇဘက်ကစ္စတန်၊ တာဂျစ်ကစ္စတန်၊ အိန္ဒိယ၊ ပါကစ္စတန်တို့ပါဝင်ဖွဲ့စည်းထားသည်။ မကြာမီ အီရန်အနေဖြင့်လည်း SCO အဖွဲ့ဝင်နိုင်ငံဖြစ်လာတော့မည်ဖြစ်သည်။ အခြားသောဆွေးနွေးဘက်နိုင်ငံများမှာ အာမေနီးယား၊ အဇာဘိုင်ဂျန်၊ ကမ္ဘောဒီးယား၊ အီဂျစ်၊ နီပေါ၊ ကာတာ၊ သီရိလင်္ကာနှင့်တူရကီနိုင်ငံတို့ဖြစ်ကြသည်။ အာဖဂန်နစ္စတန်၊ ဘီလာရုစ်နှင့် မွန်ဂိုလီးယားနိုင်ငံတို့မှာလည်း လေ့လာသူနိုင်ငံများဖြစ်ကြသည်။

အီရန်နိုင်ငံသည် SCO တွင် လေ့လာသူနိုင်ငံအဆင့်မှ တင်းပြည့်အဖွဲ့ဝင်ဖြစ်လာမည့် နောက်ဆုံးနိုင်ငံဖြစ်ပြီး ၂၀၂၃ ခုနှစ်အလွန်တွင် တရားဝင်အဖွဲ့ဝင်နိုင်ငံဖြစ်လာတော့မည်ဖြစ်သည်။ မကြာမီအချိန်အတွင်းမှာပင် ဆော်ဒီအာရေဗျသည် အီရန်ကဲ့သို့ပင် SCO အဖွဲ့ဝင်ဖြစ်လာတော့မည်ဖြစ်သည်။ SCO တွင် ဆော်ဒီအာရေဗျနိုင်ငံဝင်ရောက်ပြီးနောက် တရုတ်၏ကြားဝင်စေ့စပ်မှုဖြင့် ဆော်ဒီ-အီရန်ပြန်လည်သင့်မြတ်မှုကို ဖော်ဆောင်နိုင်ခဲ့သည်။ ထိုသို့ဆက်ဆံရေးပြန်လည်ထူထောင်နိုင်သဖြင့် နိုင်ငံပေါင်းစုံပါဝင်သော ကမ္ဘာ့အခင်းအကျင်းအသစ်ကို ချဉ်းကပ်လာပြီဖြစ်ကြောင်း ပညာရှင်များကသုံးသပ်ပြောဆိုလျက်ရှိသည်။

ဆော်ဒီအာရေဗျခေါင်းဆောင်များသည် နိုင်ငံပေါင်းစုံပါဝင်သော အခင်းအကျင်းကို သဘောတူလက်ခံဖွယ်ရာရှိပြီး ၎င်းအခင်းအကျင်းအမှန်တကယ်ဖြစ်ပေါ်လာရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ မိုဟာမက်ဘင်ဆော်မန်သည် ၂၀၁၇ ခုနှစ်တွင် အိမ်ရှေ့စံဖြစ်ကတည်းက ဆော်ဒီ၏ နိုင်ငံခြားရေးမူဝါဒကို ပြန်လည်သုံးသပ်ဆောင်ရွက်ခဲ့သည်။ ဆယ်စုနှစ်များစွာကြာ အမေရိကန်နှင့်ဆက်ဆံရေးကောင်းမွန်အောင်ထူထောင်ထားသည့် နိုင်ငံခြားရေးမူဝါဒကို ပြန်လည်သုံးသပ်ပြီး အချုပ်အခြာအာဏာကို အလေးထားသည့်နိုင်ငံပေါင်းစုံနှင့်ထိတွေ့ချဉ်းကပ်မှုပုံစံကိုချမှတ်အကောင်အထည်ဖော်လာခဲ့သည်။

ဆော်ဒီအာရေဗျသည် ၎င်း၏ ၂၀၃၀ ပြည့်မျှော်မှန်းချက်အဆင့်မြှင့်တင်နိုင်ရေးအတွက် တရုတ်နိုင်ငံ၏ အခြေခံအဆောက်အအုံနှင့် နည်းပညာများကို ချက်ချင်းကြိုဆိုခဲ့သည်။ အရှေ့အလယ်ပိုင်းဒေသတွင် အီရန်၏ ကိုယ်စားစစ်ပွဲများကိုကာကွယ်ရန် အမေရိကန်ထံမှ စစ်လက်နက်ပစ္စည်းအထောက်အပံ့များရယူခဲ့သည်။ အနောက်အုပ်စုမှ စီးပွားရေးပိတ်ဆို့မှုများလုပ်ဆောင်နေသည့်အချိန်တွင် မော်စကိုနှင့် စွမ်းအင်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများတိုးချဲ့လုပ်ဆောင်လာခဲ့သည်။ အခြားသော SCO အဖွဲ့ဝင်နိုင်ငံများအပြင် ကမ္ဘာ့ပဉ္စမစီးပွားရေးအင်အားကြီးနိုင်ငံဖြစ်သည့် အိန္ဒိယနှင့်လည်း စီးပွားရေးနှင့် လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်ခဲ့သည်။ ဆော်ဒီအာရေဗျအစိုးရသည် မော်စကို၊ ကီယက်ဗ်တို့နှင့် ဆက်သွယ်ရေးလိုင်း ထူထောင်ထားဆဲပင်ဖြစ်ပြီး အစ္စရေးနိုင်ငံနှင့် ပုံမှန်ဆက်ဆံရေးထူထောင်သွားရန် စဉ်းစားသုံးသပ်နေစဉ်မှာပင် အီရန်နှင့်လည်း ပလဲနံပပြန်လည်သင့်မြတ်အောင် ချဉ်းကပ်နိုင်ခဲ့သည်။

ဆော်ဒီအာရေဗျနိုင်ငံသည် အင်အားကြီးနိုင်ငံများကြား ပြိုင်ဆိုင်မှုပြင်းထန်လာစေခြင်းအားဖြင့် နောက်ဆုံးတွင် အမေရိကန်လက်နက်နှင့် နျူကလီးယား နည်းပညာ အလွယ်တကူရရှိရေးအတွက် ဝါရှင်တန်မှ လိုက်လျောလာစေရန် တဖြည်းဖြည်းချင်း ဖိအားပေးဆောင်ရွက်သွားနိုင်မည်ဟု အိမ်ရှေ့စံမင်းသား ဘင်ဆော်မန်က မျှော်မှန်းထားရှိသည်။ အဆိုပါ ဆန်းစစ်အကဲဖြတ်ချက်သည် ယုံကြည်ရလောက်သော်လည်း ဆော်ဒီအာရေဗျနိုင်ငံ၏ အပြုအမူသည် ကမ္ဘာလုံးဆိုင်ရာ အခင်းအကျင်းပြောင်းလဲမှုတွင် တုံ့ပြန်မှုများနှင့်ရင်ဆိုင်ရဖွယ်ရှိသည်ဆိုသော အချက်ကိုမူ ထည့်သွင်းတွက်ချက်ရန် ပျက်ကွက်လျက်ရှိသည်။

မည်သို့ပင်ဆိုစေ ဆော်ဒီအာရေဗျတစ်နိုင်ငံတည်းသာလျှင် အင်အားကြီးနိုင်ငံများနှင့်ဆက်ဆံရေး ပြန်လည်ထိန်းညှိရန် ကြိုးပမ်းနေသည်တော့မဟုတ်ပေ။ အခြားသော ပင်လယ်ကွေ့နိုင်ငံများအနေဖြင့်လည်း အပြောင်းအလဲဖြစ်ပေါ်နေသော ပထဝီနိုင်ငံရေး မြင်ကွင်းတွင် အလားတူတုံ့ပြန်ဆောင်ရွက်လာလျက်ရှိသည်။ ဆိုလိုသည်မှာ ၎င်းတို့၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အနောက်နိုင်ငံများနှင့်ကာလရှည်ကြာ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးထူထောင်ထားပြီး ယူရေးရှားနိုင်ငံများနှင့်လည်း စွမ်းအင်ကို အခြေခံသောဆက်ဆံရေးထူထောင်ထားသည်။

အာရပ်နိုင်ငံများသည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင်ပြုလုပ်ခဲ့သော တရုတ်-အာရပ်နိုင်ငံများထိပ်သီးဆွေးနွေးပွဲနှင့် တရုတ်-ပင်လယ်ကွေ့ထိပ်သီးဆွေးနွေးပွဲကဲ့သို့သော အခမ်းအနားများ၌ လက်မှတ်ရေးထိုးခဲ့သည့် ပူးတွဲကြေညာချက်များတွင် ကမ္ဘာလုံးဆိုင်ရာအခင်းအကျင်းထွက်ပေါ်လာမည့် တရုတ်နိုင်ငံ၏ လှုပ်ရှားဆောင်ရွက်မှုများကို ထောက်ခံကြောင်း ဖွင့်ဟပြောဆိုလျက်ရှိသည်။ ထို့ပြင် ရပ်ဝန်းနှင့်ပိုးလမ်းမ စီမံကိန်း(BRI) အပြင် ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးလုပ်ငန်းနှင့် ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတို့ကိုလည်း ထူထောင်လည်ပတ်နေပြီဖြစ်သည်။

အချို့သောနိုင်ငံများက အရှေ့အလယ်ပိုင်းဒေသတွင် လုံခြုံရေးဆိုင်ရာ ဗိသုကာပုံစံသစ်ဖန်တီးရေး ပေကျင်း၏တောင်းဆိုချက်ကို ထောက်ခံကြသော်လည်း အမေရိကန်၏ လုံခြုံရေးထီးရိပ်နေရာတွင် တရုတ်နှင့်အစားထိုးသွားရေးအတွက် မည်သည့်နိုင်ငံကမျှ ဆန္ဒပြုခဲ့ခြင်းမရှိပေ။ တရုတ်နိုင်ငံကလည်း အရှေ့အလယ်ပိုင်းဒေသတွင်လုံခြုံရေးထီးရိပ်မိုးပေးမည့်အခန်းကဏ္ဍကိုယူသွားလိုသောဆန္ဒမရှိဟုဆိုသည်။

တစ်ချိန်တည်းမှာပင် ပေကျင်းကစီမံထားသော တရုတ်ရင်းနှီးမြှုပ်နှံမှု၊ အခြေခံအဆောက်အအုံ၊ နည်းပညာနှင့် နိုင်ငံပေါင်းစုံပါဝင်သောအဖွဲ့အစည်းများသည် အာရပ်နိုင်ငံများစွာ၏စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာမဟာဗျူဟာများအတွက် ပိုမိုအရေးပါလာစေလျက်ရှိသည်။ ထို့ကြောင့် အာရပ်စော်ဘွားများပြည်ထောင်စု၊ ဘာရိန်းနှင့်ကူဝိတ်တို့သည် တရုတ်နိုင်ငံကို ၎င်းတို့၏အကြီးမားဆုံးကုန်သွယ်ဖက်အဖြစ် သဘောထားကြောင်းနှင့် အမေရိကန်ကို မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံအဖြစ် သဘောထားကြောင်း ပြောဆိုပြီး SCO တွင်ဆွေးနွေးဖက်နိုင်ငံများအဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

အထူးသဖြင့် ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့်တောင်အာဖရိကနိုင်ငံတို့ပါဝင်သော ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးအုပ်စုဖြစ်သည့် BRICS အနေဖြင့်လည်း အရှေ့အလယ်ပိုင်းနိုင်ငံများစွာ၏ အကျိုးစီးပွားကိုဖော်ဆောင်ပေးလျက်ရှိသည်။ တရုတ်နိုင်ငံသည် ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် BRICS လုပ်ငန်းစဉ်ကို အဆိုပြုကတည်းက ဆော်ဒီအာရေဗျ၊

❖ ဆော်ဒီအာရေဗျတစ်နိုင်ငံတည်းသာလျှင် အင်အားကြီးနိုင်ငံများနှင့် ဆက်ဆံရေးပြန်လည်ထိန်းညှိရန် ကြိုးပမ်းနေသည်တော့မဟုတ်ပေ။ အခြားသော ပင်လယ်ကွေ့နိုင်ငံများအနေဖြင့်လည်း အပြောင်းအလဲဖြစ်ပေါ်နေသော ပထဝီနိုင်ငံရေး မြင်ကွင်းတွင် အလားတူတုံ့ပြန်ဆောင်ရွက်လာလျက်ရှိသည်။ ဆိုလိုသည်မှာ ၎င်းတို့၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အနောက်နိုင်ငံများနှင့် ကာလရှည်ကြာ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးထူထောင်ထားပြီး ယူရေးရှားနိုင်ငံများနှင့်လည်း စွမ်းအင်ကိုအခြေခံသော ဆက်ဆံရေးထူထောင်ထားသည်။ ❖

အီရန်၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ အယ်လ်ဂျီးရီးယား၊ အီဂျစ်၊ တူရကီနှင့် ဘာရိန်းနိုင်ငံတို့သည် အဆိုပါအုပ်စုတွင် ပူးပေါင်းဆောင်ရွက်သွားရန် ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောဆိုခဲ့ကြသည်။

BRICS သည် လွတ်လပ်သောကုန်သွယ်ရေးအဖွဲ့အဖြစ် တရားဝင်ဖွဲ့စည်းထားသောအဖွဲ့အစည်း မဟုတ်သော်လည်း အဖွဲ့ဝင်နိုင်ငံများသည် ကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်များကို မကြာခဏပေါင်းစပ်ဆောင်ရွက်လျက်ရှိကြသည့်အပြင် အခြေခံအဆောက်အအုံဆိုင်ရာ ချေးငွေများထုတ်ချေးနိုင်ရေးအတွက် ၂၀၁၄ ခုနှစ်တွင် ဖွံ့ဖြိုးတိုးတက်မှုဘဏ်အသစ်ကိုပင် ထူထောင်ခဲ့သည်။ ထို့ပြင် BRICS နိုင်ငံများသည် အမေရိကန်ဒေါ်လာ၏ ကမ္ဘာလုံးဆိုင်ရာ အရန်ငွေအဖြစ် ရပ်တည်နေမှုအခန်းကဏ္ဍလျှော့ချရေးအတွက် ငွေကြေးအသစ် ဖန်တီးသွားရန်ရည်ရွယ်ထားကြောင်း မကြာသေးမီအချိန်အတွင်းကပင် ထုတ်ပြန်ကြေညာခဲ့သည်။ သာဓကအနေဖြင့် တရုတ်နှင့်ဆော်ဒီတို့သည် ရေနံ-ဒေါ်လာ နေရာတွင် ရေနံ-ယွမ်ဖြင့် အစားထိုးသွားလိမ့်မည်ဆိုသော ကောလာဟလသတင်းများလည်း ထွက်ပေါ်လျက်ရှိသည်။

အချို့သောပညာရှင်များက ထိုသို့လုပ်ဆောင်ခြင်းသည် ဒေါ်လာ၏နေရာကိုမတရားသိမ်းပိုက်ရန် ခြိမ်းခြောက်သည့်လှုပ်ရှားမှုဖြစ်သည်ဟု သတိပေးပြောဆိုလျက်ရှိသည်။ အချို့သောသူများကမူ ထိုသို့ကြိုတင်မှန်းဆပြောဆိုချက်များသည် ဆူညံသံများထွက်ပေါ်လာရုံမှလွဲ၍ မည်သို့မျှ အကျိုးဖြစ်ထွန်းမည်မဟုတ်ကြောင်း ထုတ်ဖော်ပြောဆိုလျက်ရှိသည်။ ဆိုရလျှင် ငွေကြေးအသစ်များဖန်တီးသွားမည့် တိုးတက်ပြောင်းလဲလာမှုများသည် ငွေကြေးပေါင်းစုံပါဝင်သော စနစ်တစ်ရပ်ဖြစ်ပေါ်လာရေးအတွက် များစွာအထောက်အကူဖြစ်စေမည်ဖြစ်သည်။ ထိုသို့ဖြစ်ပေါ်လာသော စနစ်တစ်ရပ်သည် အမေရိကန်ဒေါ်လာကိုဗဟိုပြုနေသည့်တိုင်အောင် စီးပွားရေးလုပ်ငန်းလုပ်ဆောင်နိုင်ရေးအတွက် ဒေါ်လာနှင့်အတူ လည်ပတ်နေသော ငွေကြေးများအနက်မှ ကြိုက်နှစ်သက်ရာငွေကြေးကို ရွေးချယ်အသုံးပြုသွားမည်ဖြစ်သည်။

အဆိုပါစနစ် လက်တွေ့အကောင်အထည်ဖော်နိုင်မှုကို ထည့်သွင်းစဉ်းစားခြင်းမရှိသည့်တိုင်အောင် ကမ္ဘာ့နိုင်ငံများအနေဖြင့် နိုင်ငံတစ်ခုက ၎င်း၏မူဝါဒအတိုင်း လိုက်ပါဆောင်ရွက်ရန်ပျက်ကွက်သည့် နိုင်ငံများကို ပိတ်ဆို့မှုဆောင်ရွက်နေသည့် ကမ္ဘာကြီးအပေါ် စိတ်ပျက်နေပြီဖြစ်ကြောင်း ၎င်းတို့၏ဆန္ဒကို ထုတ်ဖော်ပြသလာကြပြီဖြစ်သည်။ အရှေ့အလယ်ပိုင်းဒေသနိုင်ငံများသည် အဆိုပါစိတ်ခံစားချက်ကိုမျှဝေလျက်ရှိပြီး ၎င်းတို့၏ မဟာဗျူဟာမြောက်လုပ်ပိုင်ခွင့်ကို မြှင့်တင်နိုင်မည့်နည်းလမ်းများကိုကြိုးပမ်းရှာဖွေလျက်ရှိသည်။

မည်သို့ပင်ဆိုစေ အမေရိကန်အနေဖြင့် ဒေသတွင်းမိတ်ဖက်နိုင်ငံများကြား ယုံကြည်မှုပြန်လည်တည်ဆောက်နိုင်မည့်နည်းလမ်းများ ရှာဖွေနိုင်စွမ်းမရှိတော့လျှင် အရှေ့အလယ်ပိုင်းဒေသတွင် အနောက်အုပ်စုကြီးစိုးမှု အဆုံးသတ်စေမည့် ကယောင်းကတမ်းလုပ်ရပ်များကိုသာ လုပ်ဆောင်သွားရတော့မည်ဖြစ်သည်။ ထိုသို့သောအခြေအနေမျိုးတွင် အရှေ့အလယ်ပိုင်းဒေသမှ နိုင်ငံများသည် တရုတ်နိုင်ငံ၏ ဦးဆောင်မှုကို လိုလိုလားလားဖြင့် ကြိုဆိုလက်ခံသွားမည်မှာ အသေအချာပင်ဖြစ်ပေတော့သည်။

**ကိုးကား**

Middle Eastern Countries Are Rebalancing Relations With the US and China by Asia Times.

မောင်သောင်းဝင်း(တမန်ဟောင်း)

# တနင်္ဂနွေနေ့ညမှာကစားမဲ့ ဥရောပပြိုင်ပွဲတွေထဲက မဖြစ်မနေရမှတ်ရှာဖွေရမဲ့ အာဆင်နယ်၊ ဗီရိုနာ၊ ဗလင်စီယာအသင်းတို့ကို အားပေးရမှာပါ



ဥရောပအမှတ်ပေးပြိုင်ပွဲတွေဟာ ရာသီပိတ်သိမ်းဖို့နီးကပ်လာတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာသလို တန်းဆင်းဇုန်ရှုန်းအားတွေကလဲ ပရိသတ်တွေကိုပိုမိုဆွဲဆောင်မှုရှိနေတာကိုတွေ့ရမှာပါ။ လက်ရှိမှာ ပရီးမီးယားလိဂ်၊ စီးရီးအေ၊ လာလီဂါ၊ ဘွန်ဒက်လီဂါပြိုင်ပွဲတွေဟာ ဘယ်အသင်းတန်းဆင်းရမယ်ဆိုတာ အဖြေမသိရသေးဘဲ နောက်ဆုံးချိန်ထိဆက်လက်ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ အမှတ်ပေးချန်ပီယံဆုအတွက် လာလီဂါပြိုင်ပွဲတစ်ခုပဲပြတ်သားမှုရှိပေမဲ့ ကျန်အမှတ်ပေးပြိုင်ပွဲတွေကတော့ ရမှတ်ကွာဟမှုကျဉ်းမြောင်းနေတာကြောင့် နောက်ဆုံးပွဲစဉ်ထိစောင့်ကြည့်ရမှာပါ။ ဒီတစ်ပတ်တနင်္ဂနွေနေ့ညမှာကစားမဲ့ပွဲစဉ်တွေမှာတော့ ချန်ပီယံဆုအတွက် ရမှတ်ရှာရမဲ့အသင်းတွေနဲ့ တန်းဆင်းဇုန်ကလွတ်မြောက်ဖို့ကြိုးစားလာရမဲ့အသင်းတွေကိုပဲ အားပေးရမှာဖြစ်ပါတယ်။

### အာဆင်နယ်ကို အားပေးရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ အာဆင်နယ်နဲ့ဘရိုက်တန်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ အာဆင်နယ်အသင်းဟာချန်ပီယံဆုအတွက် မျှော်လင့်ချက်နည်းပါးနေပေမဲ့ မန်စီးတီးခြေချော်ခဲ့ရင် ဆုဖလားရဖို့ အလားအလာရှိသေးတာမို့ အခုပွဲစဉ်ကို အနိုင်ရဖို့ကြိုးပမ်းလာမှာပါ။ သူတို့အသင်းအနေနဲ့ ပြီးခဲ့တဲ့ပွဲစဉ်မှာလဲ အိမ်ကွင်းကောင်းတဲ့နယူးကာဆယ်အသင်းကိုနှစ်ဂိုးပြတ်အနိုင်ရထားတဲ့ခြေစွမ်းက အားရစရာကောင်းနေတာဖြစ်ပါတယ်။ ဒါကြောင့် အခုပွဲစဉ်မှာလဲ အရင်ပွဲကအတိုင်းခြေစွမ်းမျိုးကိုဆက်လက်ထိန်းသိမ်းနိုင်မယ်ဆိုရင်တော့ ဘရိုက်တန်ကိုအနိုင်ရဖို့မခက်ပါဘူး။ လက်ရှိမှာ မာတင်နယ်လီက သွင်းဂိုး ၁၅ ဂိုး၊ ဂျီးဆပ်က ၁၀ ဂိုး၊ ဆာကာက ၁၃ ဂိုး၊ အိုဒီဂတ်က ၁၅ ဂိုး သွင်းယူထားတာကိုတွေ့ရမှာပါ။ ဒ့ါပြင် ပုံစံကောင်းမြန်လည်ရရှိနေတဲ့ အာဆင်နယ်ဟာ ဒဏ်ရာရကစားသမားသုံးယောက်ပဲရှိတာကြောင့် ဘရိုက်တန်ကို ပွဲချိန်ပြည့်ဖိအားပေးကစားနိုင်မှာသေချာပါတယ်။

ဘရိုက်တန်အသင်းဟာ အခုရာသီမှာ ခြေစွမ်းပိုင်းတိုးတက်လာတာကြောင့် အမှတ်ပေးပွဲ ၃၃ ပွဲအပြီးမှာ ရမှတ် ၅၅ မှတ်ထိရယူနိုင်ခဲ့လို့ ဥရောပပြိုင်ပွဲကစားခွင့်ရှိနေတာဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့အသင်းဟာ ပြီးခဲ့တဲ့ အဲဗာတန်နဲ့ပွဲမှာရမှတ်ယူဖို့ကြိုးစားခဲ့ပေမဲ့ အဲဗာတန်ရဲ့တန်းဆင်းဇုန်ရှုန်းအားကြောင့် ဂိုးပြတ်ရှုံးခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိ အဝေးကွင်းကစားပုံကလဲ တည်ငြိမ်မှုမရှိသေးဘဲ နောက်ဆုံးကစားခဲ့တဲ့ အဝေးကွင်းငါးပွဲမှာ ခြေစွမ်းကျဆင်းနေတဲ့ ချဲလ်ဆီးတစ်သင်းတည်းကိုပဲအနိုင်ရခဲ့ပြီး နော်တင်ဟမ်၊ စပါး၊ လိဒ်၊ ပဲလေ့စ်တို့ကိုတော့ နိုင်ပွဲမရခဲ့ပါဘူး။ နည်းပြ ဒီဇာဘီကတော့ ကွင်းလယ်နဲ့တောင်ပံတိုက်စစ်ပိုင်းကိုအားပြုနေရပေမဲ့ မီတိုမာ၊ ဆိုလီမက်ချ်၊ ဝဲလ်ဘက်တို့ ဂိုးရဖို့ရုန်းကန်နေရတာကြောင့် ဘရိုက်တန်အသင်း အဝေးကွင်းမှာရလဒ်ကျဆင်းနေတာကို သတိပြုရမှာပါ။ လက်ရှိမှာသူတို့အသင်းရဲ့ ဂိုးသွင်းအများဆုံးကစားသမားက အယ်လစ်တာဖြစ်ပြီး သွင်းဂိုး ၁၀ ဂိုးနဲ့ ဂိုးသွင်းအများဆုံးအဖြစ်ရပ်တည်နေတာဖြစ်ပါတယ်။ ဒ့ါပြင် သူတို့အသင်းရဲ့ အဓိကကစားသမား ထရိုဆာ့ဒ်ကလဲ အာဆင်နယ်ကို ပြောင်းရွှေ့ခဲ့တာကြောင့် အဝေးကွင်းဆက်လက်ရုန်းကန်ရမှာသေချာပြီး မရှုံးနိမ့်ဖို့ဘဲအဓိကကစားရမှာပါ။ လက်ရှိသူတို့နှစ်သင်းကစားသမားစုဖွဲ့မှုနဲ့ ကစားကွက်ပိုင်းမှာတော့ အာဆင်နယ်က ဘရိုက်တန်ထက်သာနေတာကိုတွေ့ရမှာပါ။ ဒါကြောင့် အိမ်ကွင်းမှာနိုင်ပွဲရှာပြီး ချန်ပီယံမျှော်လင့်ချက်ကိုဆက်လက်အသက်သွင်းမဲ့ အာဆင်နယ်ကိုပဲ အားပေးရမှာပါ။

### အာဆင်နယ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဝက်စ်ဟမ်း | ၂ | - | ၂ | အာဆင်နယ် |
| အာဆင်နယ် | ၃ | - | ၃ | ဆောက်သမ်တန် |
| မန်စီးတီး | ၄ | - | ၁ | အာဆင်နယ် |
| အာဆင်နယ် | ၃ | - | ၁ | ချဲလ်ဆီး |
| နယူးကာဆယ် | ၀ | - | ၂ | အာဆင်နယ် |

### ဘရိုက်တန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘရိုက်တန် | ၀ | - | ၀ | မန်ယူ |
| နော်တင်ဟမ် | ၃ | - | ၁ | ဘရိုက်တန် |
| ဘရိုက်တန် | ၆ | - | ၀ | ဝုဖ် |
| ဘရိုက်တန် | ၁ | - | ၀ | မန်ယူ |
| ဘရိုက်တန် | ၁ | - | ၅ | အဲဗာတန် |

### ဗီရိုနာနဲ့ လက်တွဲရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ စီးရီးအေပွဲစဉ်တွေထဲက နောက်ထပ်အကြိုက်တွေ့မိတာကတော့ ဗီရိုနာနဲ့ တိုရီနိုအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဗီရိုနာအသင်းဟာ ပွဲစဉ် ၃၄ အပြီးမှာ ရမှတ် ၃၀ နဲ့ အဆင့်(၁၇)မှာရောက်ရှိနေပေမဲ့ တန်းဆင်းဇုန်က စပီဇီယာ၊ ခရီမိုနန်စီတို့နဲ့ ရမှတ်ကွာဟမှုကျဉ်းမြောင်းနေတာကြောင့် ဖိအားအောက်ရောက်နေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ နောက်ပိုင်းပွဲစဉ်တွေမှာ တန်းမဆင်းရဖို့အစွမ်းကုန်ကြိုးစားလာတာကြောင့် နောက်ဆုံးငါးပွဲမှာ ပွဲကျပ်ကစားခဲ့ရပေမဲ့ အင်တာမီလန်တစ်သင်းတည်းကိုရှုံးခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ အခုနှစ် ဇန်နဝါရီလနောက်ပိုင်းမှာတော့ ခြေရည်တူအသင်းတွေနဲ့ဆို ရမှတ်ရှာဖွေနိုင်ခဲ့တာကြောင့် တန်းဆင်းဇုန်ကလွတ်ဖို့အတွက် အခွင့်အရေးရခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ရာသီပိတ်သိမ်းဖို့ လေးပွဲလိုသေးပေမဲ့ အခုပွဲစဉ်ကို အနိုင်ကစားနိုင်မယ်ဆိုရင် စီးရီးအေမှာ ဆက်လက်ကစားဖို့သေချာမှာပါ။ လာမဲ့ပွဲစဉ်မှာ တန်းဆင်းဇုန်က စပီဇီယာနဲ့ ခရီမိုနန်စီတို့ဟာ ရမှတ်လိုအပ်နေတဲ့ အေစီမီလန်၊ ဂျူဗင်တပ်တို့နဲ့ ပွဲကျပ်ကစားရမှာဖြစ်တာကြောင့် ဗီရိုနာအတွက် အခုပွဲစဉ်ဟာ အရေးကြီးနေတာကိုတွေ့ရမှာပါ။

တိုရီနိုအသင်းဟာ နောက်ဆုံးငါးပွဲမှာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး တိုက်စစ်ပိုင်းက ပွဲတိုင်းဂိုးသွင်းယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းအနေနဲ့ အမှတ်ပေးပွဲ ၃၄ ပွဲအပြီးမှာ ရမှတ် ၄၆ မှတ်ရရှိခဲ့တာကြောင့် အဆင့်(၁၁) ရပ်တည်နေတာဖြစ်ပါတယ်။ ဒါပေမဲ့ အဆင့်(၈)က ဖီအိုရင်တီးနားအသင်းနဲ့ ရမှတ်တူညီနေပေမဲ့ အဆင့်(၇)က ရိုးမားနဲ့ ရမှတ် ၁၂ မှတ်ထိကွာနေတာကြောင့် ဥရောပဝင်ခွင့်အတွက် မျှော်လင့်ချက်မရှိသလို အခုပွဲကိုရှုံးခဲ့ရင်လဲ ပြောင်းလဲမှုရှိမှာမဟုတ်ပါဘူး။ ဒါကြောင့် အခုပွဲစဉ်ဟာ သူတို့အသင်းအတွက်အနိုင်၊ အရှုံးကအရေးမကြီးတော့လို့ ကစားသမားအစုံအလင်နဲ့ပွဲထွက်ပါ့မလားဆိုတာသတိပြုရမှာပါ။ သူတို့အသင်းဟာ အခုရာသီမှာ တိုက်စစ်က ဘယ်လော့တီ၊ ခံစစ်က ဘရီမာတို့ထွက်ခွာပြီးနောက်ပိုင်း ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတော့သလို ကစားအားကျဆင်းသွားတာကိုတွေ့ရမှာပါ။ ဆာနာဘီယာကတော့ သွင်းဂိုး ၁၁ ဂိုးနဲ့ ဂိုးသွင်းအများဆုံးကစားသမားအဖြစ်ရပ်တည်နေပေမဲ့ နောက်ဆုံးအဝေးကွင်းနှစ်ပွဲမှာတော့ ဂိုးသွင်းနိုင်ခဲ့ခြင်းမရှိပါဘူး။ လက်ရှိ သူတို့နှစ်သင်းစလုံးရဲ့ကစားပုံဟာ ကောင်းမွန်နေပေမဲ့ ဗီရိုနာကတော့ အိမ်ကွင်းအားသာချက်ရှိနေတာဖြစ်ပါတယ်။ ဒါကြောင့် အိမ်ကွင်းနိုင်ပွဲရှာပြီး တန်းဆင်းဇုန်ကရုန်းထွက်ဖို့ကြိုးစားမဲ့ ဗီရိုနာနဲ့ပဲ လက်တွဲရမှာပါ။

### ဗီရိုနာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| နာပိုလီ | ၀ | - | ၀ | ဗီရိုနာ |
| ဗီရိုနာ | ၂ | - | ၁ | ဘိုလော့နာ |
| ခရီမိုနန်စီ | ၁ | - | ၁ | ဗီရိုနာ |
| ဗီရိုနာ | ၀ | - | ၆ | အင်တာမီလန် |
| လက်ချီ | ၀ | - | ၁ | ဗီရိုနာ |

### တိုရီနိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| တိုရီနို | ၁ | - | ၁ | ဆလာနီတာနာ |
| လာဇီယို | ၀ | - | ၁ | တိုရီနို |
| တိုရီနို | ၁ | - | ၂ | အတ္တလန်တာ |
| ဆမ့်ဒိုးရီးယား | ၀ | - | ၂ | တိုရီနို |
| တိုရီနို | ၁ | - | ၁ | မွန်ဇာ |

### ဗလင်စီယာကို ရွေးချယ်ရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ စပိန်လာလီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ဆဲလ်တာဗီဂိုနဲ့ ဗလင်စီယာအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဆဲလ်တာဗီဂိုအသင်းဟာ နောက်ဆုံးငါးပွဲမှာ တစ်ပွဲပဲအနိုင်ရခဲ့ပြီး ဂီတာဖေး၊ ဗီလာရီးရဲလ်၊ မာယော့ကာ၊ ရီးရဲလ်မက်ဒရစ်တို့ကို ရှုံးခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ပွဲစဉ် ၃၃ အပြီးမှာတော့ ရမှတ် ၃၉ မှတ်ရခဲ့တာကြောင့် အဆင့်(၁၃) ရပ်တည်နေပြီး တန်းဆင်းဇုန်က လွတ်မြောက်ခဲ့တာ ဖြစ်ပါတယ်။ သူတို့အသင်းကစားပုံဟာ ကြမ်းတမ်းမှုရှိနေတာကြောင့် ပြိုင်ပွဲတိုင်းမှာအဝါကတ်တွေများနေသလို ပြီးခဲ့တဲ့ ဂီတာဖေးနဲ့ပွဲစဉ်မှာလဲ ဗဟိုခံစစ်ကအီဒူး အနီကတ်နဲ့ထုတ်ပယ်ခံခဲ့ရတာဖြစ်ပါတယ်။ ဆဲလ်တာဗီဂိုဟာ အခုရာသီအမှတ်ပေးပွဲ အိမ်ကွင်း ၁၆ ပွဲမှာ ခြောက်ပွဲပဲအနိုင်ရထားပြီး ခံစစ်ပိုင်းက ၁၇ ဂိုးထိရှုံးခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိမှာလဲ အဓိက ကစားသမားတွေအပါအဝင် ဒဏ်ရာရ၊ ပွဲပယ်ကစားသမား ငါးယောက်ထိရှိတာကြောင့် ကစားကွက်ပိုင်းအားနည်းသွားမှာသေချာပါတယ်။

ဗလင်စီယာအသင်းဟာ အခုရာသီမှာတိုက်စစ်မှူး ဂွီဒက်စ်၊ ဂိုမက်ဇ်နဲ့ ကွင်းလယ်ကစားသမားဆိုလာတို့ကို လက်လွှတ်ခဲ့ရတာကြောင့် ကစားပုံကျဆင်းသွားပြီး ရုန်းကန်ခဲ့ရပါတယ်။ ဒါကြောင့် သူတို့အသင်းဟာ ပွဲစဉ် ၃၃ အပြီးမှာ ၃၄ မှတ်နဲ့ အဆင့်(၁၇) မှာရောက်ရှိနေပြီး တန်းဆင်းဇုန်ဖိအားရှိနေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အဆင့်(၁၈) က ဂီတာဖေးနဲ့ရမှတ်တူနေသလို အဆင့်(၁၉)က အက်စ်ပန်ညိုနဲ့လဲ ရမှတ် သုံးမှတ်သာကွာဟနေတာကြောင့် လာမဲ့ပွဲစဉ်တွေကို အမှားခံလို့မရပါဘူး။ ဗလင်စီယာအသင်းဟာ ရာသီအစမှာ နည်းပြဂတ်တူဆိုကို ခန့်အပ်ခဲ့ပြီး ကာဗာနီ၊ ကလိုက်ဗက်၊ မိုရီဘာတို့ကိုခေါ်ယူခဲ့ပေမဲ့ ထင်သလောက်အလုပ်မဖြစ်ခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိမှာ နည်းပြသစ် ဘာရာဂျာကတော့ တန်းမဆင်းရဖို့ ပြိုင်ပွဲတိုင်းကိုအာရုံစိုက်ကစားနေတာကြောင့် ပြီးခဲ့တဲ့ပွဲစဉ်မှာလဲ ဗီလာရီးရဲလ်ကိုသရေကစားနိုင်ခဲ့ပါတယ်။ ဗလင်စီယာအသင်းတိုက်စစ်ကို ကာဗာနီက ဦးဆောင်နေပြီး သွင်းဂိုးငါးဂိုးသွင်းထားပါတယ်။ လက်ရှိ ဆဲလ်တာဗီဂိုရဲ့ကစားပုံနဲ့စုဖွဲ့မှုဟာ ဗလင်စီယာအသင်းနဲ့ကွာခြားမှုမရှိတာကြောင့် ဗလင်စီယာအနေနဲ့ အခုပွဲစဉ်မှာ အနိမ့်ဆုံးသရေတစ်မှတ်ရယူဖို့ပြင်ဆင်လာမှာပါ။ သူတို့နှစ်သင်း နောက်ဆုံးငါးကြိမ် ထိပ်တိုက်တွေ့ဆုံမှုမှာလဲ ဗလင်စီယာက လေးပွဲနိုင်၊ တစ်ပွဲရှုံးနဲ့အသာရထားတာကြောင့် အစဉ်အလာအရ ရလဒ်ကောင်းလေ့ရှိတဲ့ ဗလင်စီယာကို ရွေးချယ်ရမှာပါ။

### ဆဲလ်တာဗီဂိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဆဲလ်တာဗီဂို | ၀ | - | ၁ | မာယော့ကာ |
| ရီးရဲလ်မက်ဒရစ် | ၂ | - | ၀ | ဆဲလ်တာဗီဂို |
| ဆဲလ်တာဗီဂို | ၁ | - | ၀ | အယ်ချီ |
| ဗီလာရီးရဲလ် | ၃ | - | ၁ | ဆဲလ်တာဗီဂို |
| ဂီတာဖေး | ၁ | - | ၀ | ဆဲလ်တာဗီဂို |

### ဗလင်စီယာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဗလင်စီယာ | ၀ | - | ၂ | ဆီဗီလာ |
| အယ်ချီ | ၀ | - | ၂ | ဗလင်စီယာ |
| ဗလင်စီယာ | ၂ | - | ၁ | ဗယ်လာဒိုးလစ် |
| ကာဒီဇက် | ၂ | - | ၁ | ဗလင်စီယာ |
| ဗလင်စီယာ | ၁ | - | ၁ | ဗီလာရီးရဲလ် |

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
## ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## ကြော်ငြာစာအမှတ်(၁/၂၀၂၃)
## (၂၀၂၃ ခုနှစ် မေလ ၉ ရက်)
## လျှောက်လွှာခေါ်ယူခြင်း

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ခ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ဂ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက် လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။

(ခ) ၂၀၂၃ ခုနှစ် မတ်လ(၃၁)ရက်နေ့တွင် အသက်(၂၈)နှစ်မကျော်လွန်စေရ၊ အိမ်ထောင်မရှိဖူးသူ လူပျို/အပျိုဖြစ်ရမည်။

(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။ လိုအပ်ပါက စစ်သည်/စစ်သမီးအဖြစ်တာဝန်ထမ်းဆောင်နိုင်ရမည်။

(င) လျှောက်ထားသူနှင့် မိဘညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့်ကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင်ရယူနိုင်ပါသည်။

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)

(ခ) မြဝတီသတင်းစာတိုက်(ရန်ကုန်)

(ဂ) မြဝတီသတင်းစာတိုက်(မန္တလေး)

(ဃ) ရတနာပုံသတင်းစာတိုက်

၄။ လျှောက်လွှာများကို ၁၀-၅-၂၀၂၃ ရက်မှ ၂၄-၅-၂၀၂၃ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသောလျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၃ ခုနှစ် မေလ ၂၅ ရက်နှင့် ၂၆ ရက်တို့၌ ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| နေပြည်တော် | ဖုန်း - ၀၉-၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉-၂၅၀၀၀၀၈၅၄၊ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈ |
| ရန်ကုန် | ဖုန်း - ၀၉-၄၂၅၃၅၃၃၉၇၊ ၀၉-၄၀၃၇၀၃၅၉၉ |
| မန္တလေး | ဖုန်း - ၀၉-၆၈၃၂၅၉၇၇၄၊ ၀၉-၄၀၁၆၀၅၀၇၁ |

# ကျုံပျော်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့်နွေစပါး ၁၁၄၃၇ ဧက ရိတ်သိမ်းပြီးစီး




**ကျုံပျော် မေ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် နွေစပါး ၁၁၄၃၇ ဧက အားလုံးပြန်လည် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်းကျုံပျော်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီက နွေစပါး ၁၁၄၃၇ ဧကကို ဧပြီလပထမပတ်က စတင်ပြန်လည်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် နွေစပါးဧကအားလုံး ပြန်လည်ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ နွေစပါးတစ်ဧကလျှင် ၉၇ တင်းထိ ထွက်ရှိသည့်အတွက် စပါးအထွက်နှုန်းကောင်းမွန်ခဲ့ကြောင်း သိရသည်။

"ကျုံပျော်မြို့နယ်မှာ နွေစပါးစိုက်ပျိုးရာသီက မျိုးကောင်းမျိုးသန့်စပါးစိုက်ကွက် ၁၁၄၃၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ နွေစပါးမျိုးသန့် စိုက်ကွက်လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့နဲ့ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းဖို့ နည်းပညာတွေကို ကြိုတင်ဆောင်ရွက်ခဲ့တယ်။ ဒါ့ပြင် နွေရာသီဖြစ်ပေမဲ့လဲ ရွှေခရုနဲ့ ပတ်သက်ပြီးတော့ တောင်သူပညာပေးလုပ်ငန်းတွေကိုလဲ ကြိုတင်လုပ်ဆောင်ပေးခဲ့ပါတယ်။ နွေစပါးမျိုးကောင်းမျိုးသန့်တွေကို စနစ်တကျစိုက်ပျိုးခဲ့လို့ အခုလိုအထွက်နှုန်းကောင်းတာပါ။ ဒီနှစ်နွေသီးနှံစိုက်ပျိုးတဲ့ရာသီမှ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းတွေက ကျေးရွာအုပ်စုအလိုက်နယ်လှည့်ပြီး အသိပညာပေးတာတွေကိုလဲ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ပေးခဲ့လို့ အခုလိုနွေစပါးတွေ ပြန်လည်ရိတ်သိမ်းတဲ့အခါ အထွက်နှုန်းကောင်းမွန်နေတာဖြစ်ပါတယ်"ဟု ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် နွေစပါး ၁၁၄၃၇ ဧကကို ပြန်လည်ရိတ်သိမ်းရာ စက်မှုလယ်ယာဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၁၁၄၃၇ ဧကကို ရက် ၉၀၊ သီးထပ်ရင်၊ နှစ်လခွဲ၊ DW-1၊ DW-11၊ ပြောက်သုခ၊ မင်းရော၊ ထိုင်းဘေးကျား စသည့်စပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးထားကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## ကျန်းမာရေးဝန်ကြီးဌာန
## မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာနမှ (၂၀၂၃-၂၀၂၄)ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၊ မန္တလေးစိတ်ကျန်းမာရေးဆေးရုံကြီးနှင့် မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနအောက်ရှိ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားပိုင် ဆောက်လုပ်ရေးလိုင်စင်ရကုမ္ပဏီအသင်းအဖွဲ့များထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက် - (၁၅-၅-၂၀၂၃)
တင်ဒါပိတ်မည့်နေ့ရက်နှင့်အချိန် - (၃၁-၅-၂၀၂၃) ညနေ (၄:၃၀)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက် အသေးစိတ်ကိုသိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း ဗဟိုအဆင့်ဆေးရုံကြီး(၂)ရုံနှင့် မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးရုံး(လမ်း၇၀၊ ၂၇×၂၈ကြား)သို့ လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မန္တလေးတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန**

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

**ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

**စာအုပ်**
**စာပေ**
**လူ့မိတ်ဆွေ**

**မီးဘေးရှောင် မလောင်ခင်တား**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူလူထုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ ဒေသတွင်း ဆန်ဖူလုံမှုရှိရန်လည်း တစ်ကောချင်း အထွက်နှုန်းများ တိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ Eating Quality ကောင်းမွန်သည့် အထွက်တိုးစပါးများကိုလည်း စိုက်ပျိုးရန်လို...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် ပူတာအိုမြို့ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်မြို့မိမြို့ဖများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြား




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

**နေပြည်တော် မေ ၁၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို တိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်

စာမျက်နှာ ၁၈ ကော်လံ ၁ သို့

ဇမ္ဗူလာသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရွှေမန်းသူ
အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း
ဝါရမ်ဘီလက်မှတ်အရောင်းဌာန
ရွှေမန်းသူ ၀၉၂၅၄၇၈၁၀၆၀၊ ၀၉၂၆၁၄၀၀၈၄၄
ရွှေမြိုင်သူ ၀၉၂၆၁၄၀၀၈၅၅
ရှမ်းမလေး ရန်ကုန်မြို့တွင်း G & G Store ဆိုင်များ၊
ဥသဘ်သူ Online Easy Ticket, Go - Auto Ticket
ရန်ကုန် —
နေပြည်တော်
တောင်ကြီး
မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်
ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ
ပုဂံ (ညောင်ဦး) - ပခုက္ကူ
မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ
မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ကမီ
တောင်ငူ - ဖွား - ရေနံ
ဝွသီမ်

ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု